# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


## မမြဲသောသဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၄)


# ကမ္ဘာပေါ်ရှိ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေးကို အလေးထားဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံမှ (၇၂) ကြိမ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

(နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်နေ့အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးအား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အားလုံးသာတူညီမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်စေကြောင်း ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးအား အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကမ္ဘာ့နိုင်ငံများအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးတိုးတက်ရေးနှင့် လွတ်လပ်ပြီး တရားမျှတသော ဒီမိုကရေစီ အသိုက်အဝန်း ပေါ်ပေါက်စေရေး ရည်မှန်းချက်များဖြင့် ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အဆိုပါမြင့်မြတ်သည့် ရည်မှန်းချက်များကို အစဉ်အမြဲ နှလုံးသွင်း၍ ကမ္ဘာပေါ်ရှိ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံများအကြား ပူးပေါင်း


စာမျက်နှာ ၃ ကော်လံ ၁ ❁


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့သိုင်းပေါင်းစုံအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်လျက်ရှိသော အောင်လအန်ဆန်အား တွေ့ဆုံအားပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့သိုင်းပေါင်းစုံအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်လျက်ရှိသော အောင်လအန်ဆန်က အမှတ်တရလက်ဆောင် ပေးအပ်စဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့သိုင်းပေါင်းစုံအားကစား (Mixed Martial Arts) ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်လျက်ရှိသော အောင်လအန်ဆန်နှင့်အဖွဲ့က ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြုတွေ့ဆုံရာတွင် အောင်လအန်ဆန်နှင့်အတူ ၎င်း၏ လေ့ကျင့်ဖက် (sparring partner) ဖြစ်သော အမေရိကန်နိုင်ငံသား Mr. Nchukwi Tafon Ndi ၊ မန်နေဂျာဖြစ်သူ ဦးဖုန်းကျော်မိုးမြင့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ မူလမြန်မာနိုင်ငံသား တစ်ဦးဖြစ်သူက လာရောက်တွေ့ဆုံ ဂါရဝပြု၍ အထူးဝမ်းမြောက်ပါကြောင်း၊ မိမိအပါအဝင် မြန်မာနိုင်ငံသား များအနေဖြင့် လာမည့် နိုဝင်ဘာ ၃ ရက်တွင် လာရောက်ယှဉ်ပြိုင်မည့် (One Championship) ပြိုင်ပွဲတွင် အနိုင်ရရှိရန်အတွက် ဆုတောင်းမေတ္တာများပို့သလျက်ရှိပြီး အနိုင်ရရှိ၍ အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အောင်လအန်ဆန်ကလည်း မိမိအနေဖြင့် ငယ်စဉ်တောင်သူဘဝမှ ယခုကဲ့သို့


စာမျက်နှာ ၃ ကော်လံ ၅ ❋



AGDBANK
FIXED DEPOSIT
(စာရင်းသေ အပ်ငွေစာရင်း)

စုဆောင်းငွေများ တိုးပွားပြီးရင်းတိုးပွားစေမယ့်
Fixed Deposit Plus Plus Plus +++
အနာဂတ်ကို ကြိုတင်ပြင်ဆင်ဖို့ AGD ဘဏ်မှာ စာရင်းသေအပ်ငွေဖြင့် သင့်ရဲ့ စီးပွားဥစ္စာများကို တိုးပွားစေလိုက်ပါ။
စာရင်းသေအပ်ငွေစာရင်း (Fixed Deposit+++) အတိုးနှုန်းအသစ်များကို (၂.၁၀.၂၀၁၇)
ရက်နေ့မှစတင်၍ မိတ်ဆက်လိုက်ခြင်းကြောင့် စာရင်းသေအပ်ငွေကို မိမိနှစ်သက်ရာလအလိုက်
ရွေးချယ်အပ်နှံနိုင်ပြီး ကိုယ်အပ်နှံထားသည့် နောက်ဆုံးလ၏ အတိုးနှုန်းကို ခံစားခွင့်ရရှိနိုင်မှာပါ။
အသေးစိတ်သိရှိလိုပါက ၀၁ ၂၃၉၉၃၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့အလင်း

# နှလုံးသွင်း၊ ကျင့်ကြံနိုင်ကြပါစေ

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အပေါ်ဝေဖန်နေကြသူများက ကြိုက်နှစ်သက်ရာအမည်မှည့်ခေါ်ပိုင်ခွင့်သည် လူမှုအသိုင်းအဝိုင်း၏ ကိုယ်ပိုင်အခွင့်အရေးသဘောပြောဆိုနေကြပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် မိမိကြိုက်နှစ်သက်ရာအမည် မှည့်ခေါ်ပိုင်ခွင့်ရှိသည်မှာ မှန်သော်လည်း လူမှုအသိုင်းအဝိုင်းတစ်ရပ်အနေဖြင့်မူ အဆိုပါလူမှုအသိုင်းအဝိုင်းတည်ရှိရာနိုင်ငံရှိ ကျန်သောလူမှုအသိုင်းအဝိုင်းတို့၏ သဘောတူကြည်ဖြူမှုကို ရရှိရန်လိုအပ်ပါသည်။ သို့မှသာ ငြိမ်းချမ်းစွာ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်နိုင်ကြမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တချို့တို့သည် နိုင်ငံတော်၏ တိုင်းရင်းသားများ အပါအဝင် နိုင်ငံသူ နိုင်ငံသားတို့က သဘောမတူ၊ မကြည်ဖြူသော အမည်ဆန်းတစ်ခုဖြင့် တိုင်းရင်းသားအခွင့်အရေးကို တောင်းဆိုနေကြပါသည်။ မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၁၀၀ နေထိုင်ခဲ့သည်ဖြစ်ပါစေ၊ နယ်စပ်မျဉ်းကို ဖြတ်ကျော်၍ အခြေချနေထိုင်နေကြသူ ဘင်္ဂါလီမျိုးနွယ်တို့သည် ဧည့်သည်တို့သာဖြစ်ပါသည်။ ဧည့်သည်ဟူသည် အိမ်ရှင်အခွင့်အရေးကိုတောင်းဆိုပိုင်ခွင့်မရှိပါ။ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့သည် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေတို့နှင့်အညီ ရသင့်ရထိုက်သည့် ဧည့်သည်တို့အား နိုင်ငံသားအခွင့်အရေးပေးအပ်ရန် သဘောတူဆုံးဖြတ်ပြီးဖြစ်ပါသည်။ နိုင်ငံသားအခွင့်အရေးပေးအပ်ခံရသည့် ဧည့်သည်တို့အား ကျန်နိုင်ငံသူ နိုင်ငံသားတို့နှင့် တန်းတူ နိုင်ငံသားအခွင့်အရေးပေးအပ်ရန်လည်း ဆုံးဖြတ်ပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် ဘင်္ဂါလီမျိုးနွယ်တို့နှင့် လက်ရှိနေထိုင်နေကြဆဲ ဘင်္ဂါလီမျိုးနွယ်တို့အနေဖြင့် ဖြတ်သန်းရင်ဆိုင်ရမည့် ၎င်းတို့၏ အနာဂတ်အပေါ် အသေအချာ အလေးအနက် သုံးသပ်ဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ ကျန်သော တိုင်းရင်းသားတို့နှင့်အတူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်မည်ဆိုပါက ဤကဲ့သို့ နေထိုင်နိုင်မည့် နည်းလမ်းကို ရွေးချယ်ရမည်ဖြစ်ပါသည်။ ဧည့်သည်ဖြစ်ပါလျက် ကြိုက်နှစ်သက်ရာအမည်ကို မှည့်ခေါ်ပိုင်ခွင့်ရှိသည်ဟု တင်းတင်းမာမာ တောင်းဆိုပါက ကျန်သော ဌာနေတိုင်းရင်းသားတို့၏ သဘောတူကြည်ဖြူမှုကို ရရှိနိုင်မည်မဟုတ်ပါ။ ရခိုင်ပြည်နယ်၏ နယ်စပ်မျဉ်းတစ်ဖက်၌ ဘင်္ဂါလီမျိုးနွယ်တို့ သန်း ၁၆၀ ကျော်ရှိနေသည်ကို ထည့်သွင်းစဉ်းစားပါက ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမည်ကို စိုးရိမ်နေသည့် အချက်အပေါ် စာနာအသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ဧည့်သည်ဖြစ်ပါလျက် အိမ်ရှင်တို့ကို ဂရုမစိုက်၊ စိတ်တိုင်းကျ နေထိုင်မည်ဟူသော သဘောထားသည် လောကပါလတရားတို့နှင့် ဖီလာဆန့်ကျင်နေသော အပြုအမူတို့ကိုသာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီမျိုးနွယ်တို့အတွက် နိုင်ငံတကာ၏ အစောင့်အရှောက်ဖြင့် သီးခြား လုံခြုံရေးဇုန်တစ်ရပ်ထားရှိရမည်ဟူသော သဘောထားသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းသာဖြစ်ပါသည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမျှ လက်ခံနိုင်မည့် သဘောထားမဟုတ်ပါ။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အနေဖြင့် ပြည်ပရှိ အဖျက်အမှောင့်အင်အားစုတို့၏ သွေးထိုး မြှောက်ပင့်မှုကို လျစ်လျူရှု၍ အေးအတူ ပူအမျှ လက်တွဲနေထိုင်ကြရမည်။ တိုင်းရင်းသားတို့၏ သဘောတူကြည်ဖြူရေးကို နှလုံးသွင်းနေထိုင်ကြရမည်ဖြစ်ကြောင်း လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**မိုင်းရယ် အောက်တိုဘာ ၂၃**

ဒေသခံပြည်သူများ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ် လက်သမား၊ ပန်းရန်သင်တန်းကို မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ တစ်လကြာစာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ မိုင်းရယ်မြို့နယ်အတွင်း နားခို၊ နားလီ၊ လွယ်ငင်းလေး၊ နားကျယ်၊ ဟွေလွတ်၊ နောင်မို၊ နောင်လုံ၊ ဖဖာ၊ ကုန်းကော်၊ နားမွန်းနားလောင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မွေးရာပါ နားမကြားကလေးများအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၃**

မွေးရာပါနားမကြား အာရုံချို့ယွင်း၍ သော်လည်းကောင်း၊ မွေးဖွားပြီး အကြောင်းတစ်ခုခုကြောင့် သော်လည်းကောင်း နားမကြားသဖြင့်စကား မပြောနိုင်သော အသက် ၆ နှစ်အောက် ကလေးများအား အခမဲ့နားခွဲစိတ်ပေးလျက်ရှိကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးစိုးတင့်ကပြောသည်။

"နားမကြားတဲ့ ကလေးတွေကို ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ဖို့ ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီ စောင့်ရှောက်မှုဖောင်ဒေးရှင်းက သောတပြည့်စုံစီမံချက်(Cochlear Implant Program) ကို ၂၀၁၄ ခုနှစ်က စတင်ခဲ့ပါတယ်။ အစပိုင်းမှာ ကလေးနှစ်ဦးကိုစတင်ခွဲစိတ်ပြီး ရလဒ်တွေစစ်ဆေးကြည့်တဲ့အခါမှာ ရာနှုန်းပြည့်အောင်မြင်မှုရတာ တွေ့ရပါတယ်။ ဒီကနေ့အထိ ကလေး ၇၅ ဦး အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလှူရှင်တွေရှာဖွေပြီး ကလေးငယ်တွေကို အခမဲ့ခွဲစိတ်ပေးသွားမှာဖြစ်ပါတယ်။ သို့သော်လည်း အမှန်တကယ်ဆင်းရဲတဲ့ ကလေးတွေကို လက်ခံခွဲစိတ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အောက်တိုဘာ ၂၀ရက်က ဝိတိုရိယဆေးရုံကြီး၌ နားမကြားသော ကလေးများအား ခွဲစိတ်မှုပြုလုပ်အပြီး သောတပြည့်စုံစီမံချက်ဥက္ကဋ္ဌပါမောက္ခ ဦးစိုးတင့်က ပြောသည်။

အဆိုပါ မွေးရာပါအကြားအာရုံချို့ယွင်းသောကလေးများအား ခွဲစိတ်ပြီးနောက် နားအတွက်အာရုံကြောနှီးဆွစက်ကိုအသုံးပြုရကြောင်း၊ တန်ဖိုးအားဖြင့် တစ်စုံလျှင် အမေရိကန်ဒေါ်လာ ၉၅၀၀ ရှိပြီး အလှူရှင်များ၏ လှူဒါန်းမှုဖြင့် နားခွဲစိတ်ခံရသော ကလေးအား အခမဲ့တပ်ဆင်ပေးလျက်ရှိကြောင်း၊ ခွဲစိတ်ပြီးကလေး ၇၅ ဦးမှာ အဖိတ်အစင်တစ်ဦးမျှမရှိကြောင်း၊ ရာနှုန်းပြည့်နားပြန်ကြားနိုင်သည့်အပြင် စကားကောင်းစွာပြောဆိုနိုင်သည့်အတွက် ကလေးပညာသင်ကြားမှုကိုများစွာ အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ဆရာဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကလေးများ နားမကြားဖြစ်ရခြင်းမှာ မျိုးရိုးကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ ကလေးမိခင်မှာလည်း ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အဖျားကြီးပြီး ဆေးပြင်းများ သောက်ရခြင်းစသည်တို့ကြောင့် ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ၂၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားခွဲရုံစီမံကိန်း ဒလမြို့နယ်၌ ဖော်ဆောင်ရန် ပြည်သူလူထုနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် လာမည့် ၂၀၁၉ ခုနှစ်မှစတင်ပြီး ၂၀၂၃ ခုနှစ်အတွင်း ၂၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားခွဲရုံစီမံကိန်း တည်ဆောက်ပေးနိုင်ရေးကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ ပူးပေါင်း၍ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)၏ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံချက်လုပ်ငန်းများ လျာထားလျက်ရှိကြောင်း အောက်တိုဘာ ၂၀ ရက်က မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်သော လူမှုပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း စီမံကိန်းနှင့် သက်ဆိုင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် လူမှုစီးပွားပညာရှင် AF (အတိုင်ပင်ခံ) ဒေါ်ဆွေဆွေဦးက ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းတည်ဆောက် အကောင်အထည် ဖော်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း၏ ကနဦးရလဒ်များကို ဒေသခံပြည်သူများအား တင်ပြရန်နှင့် စီမံကိန်းနှင့် သက်ဆိုင်သူများ၏ တွေ့ရှိချက်များနှင့် ၎င်းတို့၏ ဆက်သွယ်နိုင်မှုမှတစ်ဆင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များအား စုဆောင်းခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းဖော်ဆောင်ရေးတွင် မိမိတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထု၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းရလဒ်တွင်လည်း တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်ကာလ၌ အနည်းငယ်သာ ထိခိုက်မှုရှိသောကြောင့် နည်းပညာရှင်များဖြင့် မြန်မာနိုင်ငံ၏ သတ်မှတ်အဆင့်အတန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် လျာထားကြောင်း ၎င်းကပြောသည်။

ရန်ကုန်မြို့၏ လျှပ်စစ်လိုအပ်မှုပမာဏမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းတိုးသုံးစွဲနေရပြီး တိုင်းဒေသကြီးအတွင်း အလုံမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ မဟာပင်မ လျှပ်စစ်ဓာတ်အားလိုင်းသို့ ပို့လွှတ်ရန် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားခွဲရုံများကို အများအပြား တည်ဆောက်ပေးမည်ဆိုပါက စက်ရုံ၊ အလုပ်ရုံများနှင့် ဒေသခံပြည်သူများစွာတို့သည် လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲသွားနိုင်ပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၅/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ．၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ | ．၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ | ．၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ | ．၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ．၉၅ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ．၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ | ．၆၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်   အောက်တိုဘာ   ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Soltan Bin Saad Al Muraikhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL- Emadi လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Soltan Bin Saad Al Muraikhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရေး ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းမည်

*❁ ရှေ့ဖုံးမှ*

ဆောင်ရွက်ရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့ရေးရာများသည် ကုလသမဂ္ဂစတင်တည်ထောင်သည့် လွန်ခဲ့သည့် ဆယ်စုနှစ် (၇)စုကျော်က အချိန်နှင့် များစွာကွာခြားလျက်ရှိသော်လည်း ကုလသမဂ္ဂ၏ ပဋိညာဉ်ပါအခြေခံမူများမှာ ဆက်လက်ဆီလျော်မှန်ကန်နေဆဲဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတိုးတက်ရေးအတွက် လမ်းပြမြေပုံတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ သို့ရာတွင် ပြောင်းလဲလာသော အခြေအနေများအား ထင်ဟပ်စေရန်နှင့် ပိုမိုထိရောက်မှုရှိစေရန် ကုလသမဂ္ဂအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂနေ့အခါသမယမှာ ကုလသမဂ္ဂ ပဋိညာဉ်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် ယုံကြည်မှုအား ထပ်လောင်းအတည်ပြုလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ဆက်လက်၍ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ **"ရေရှည်တည်တံ့ခိုင်မြဲသော ကမ္ဘာပေါ်ရှိ လူသားများအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် သင့်လျော်သည့် လူနေမှုဘဝရရှိရေး ပြည်သူများကို အလေးပေး"** ဟူ၍ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်သည် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် တွန်းအားတစ်ရပ်ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယင်း၏အခြေခံမူများနှင့် ကျင့်ဝတ်များကို လက်ကိုင်ပြုလျက်၊ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အိမ်ရှင်နိုင်ငံ၏ ဦးစားပေးချက်များနှင့် လျော်ညီစွာ ဆက်လက်ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနည်းတူ သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းရေးကတိကဝတ်အဖြစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်ကို အတည်ပြုပါဝင်ကြောင်းနှင့် ကျိုတိုနောက်ဆက်တွဲစာချုပ်၏ ဒိုဟာပြင်ဆင်ချက်ကို လက်ခံကြောင်း စာချွန်လွှာတို့ကို ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကာလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ပေးအပ် အကြောင်းကြားခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားကြောင်း ပြသသည့်အနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ၆-၁၀-၂၀၁၇ ရက်တွင် အတည်ပြုပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရလျက်ရှိသော်လည်း အစိုးရအနေဖြင့် အဆိုပါစိန်ခေါ်မှုများကို အောင်မြင်စွာ ဖြေရှင်းကျော်လွှားရေးအတွက် ပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုနှင့် နိုင်ငံတကာမှ မိတ်ဆွေများ၏ စဉ်ဆက်မပြတ်ကူညီထောက်ပံ့မှုများဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအနေဖြင့် လူသားအားလုံးအတွက် ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုရှိပြီး သာယာဝပြောသောကမ္ဘာကြီး ဖန်တီးပေးရန် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်မှန်းလျက် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

# ကမ္ဘာ့ပြဿနာများသည် နယ်စည်းမခြား ကျော်လွန်ဖြစ်ပွားလျက်ရှိ

## ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် မျှော်မှန်းချက်ကို လက်တွေ့ကျေနပ်ဖြစ်စေရေးအတွက် ဆောင်ရွက်

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၏ ကုလသမဂ္ဂနေ့သဝဏ်လွှာ**

**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကျွန်ုပ်တို့၏ ကမ္ဘာသည် စိုးရိမ်ဖွယ်စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေပါသည်။

ပဋိပက္ခများနှင့် မညီမျှမှု ကျယ်ပြန့်လာခြင်း၊ ရာသီဥတုဆိုးရွားလာခြင်း၊ သည်းခံမှုတရား ခေါင်းပါးလာခြင်းနှင့် နျူကလီးယားလက်နက်များအပါအဝင် လုံခြုံရေးခြိမ်းခြောက်ခံရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကျွန်ုပ်တို့၌ ငွေကြေးဥစ္စာနှင့် နည်းလမ်းများရှိပြီးဖြစ်ရာ လိုအပ်နေသည်မှာ ဆောင်ရွက်လိုသည့် စိတ်ဆန္ဒသာဖြစ်ပါသည်။

ကမ္ဘာ့ပြဿနာများသည် နယ်စည်းမခြား ကျော်လွန်ဖြစ်ပွားလျက်ရှိရာ ကျွန်ုပ်တို့၏ အသိစိတ်ကို ပြုပြင်ပြောင်းလဲရေးအတွက် ကျွန်ုပ်တို့ကြားရှိ ကွဲပြားခြားနားမှုများအပေါ် ကျော်လွှားရမည်ဖြစ်ပါသည်။

ကမ္ဘာ့ပြည်သူများသည် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ အားလုံးပြည့်စုံစွာခံစားရချိန်တွင် ငြိမ်းချမ်းပြီး တရားမျှတ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသည့် ကမ္ဘာကြီးကို တည်ဆောက်လိမ့်မည် ဖြစ်ပါသည်။

ကုလသမဂ္ဂနေ့ အခါသမယတွင် ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ယခု မျှော်မှန်းချက်ကို လက်တွေ့ကျေနပ်ဖြစ်စေရေးအတွက် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ကျေးဇူးတင်ပါသည်။

*❁ ရှေ့ဖုံးမှ*

လက်ရွေးစင်အားကစားသမားဖြစ်လာစေရန် အဆင့်ဆင့်ကြိုးပမ်းအားထုတ်ကြိုးစားလာပုံကို တင်ပြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မည်သည့်နယ်ပယ်တွင်ဖြစ်စေ ဤကဲ့သို့ အောင်မြင်မှုရရှိနိုင်ရန် ကြိုးစားအားထုတ်လျှင် ရရှိနိုင်ပါကြောင်း၊ ကြိုးစားအားထုတ်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်မှုကို မရရှိနိုင်သော်လည်း အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်၍ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့်ကြိုးစားပါက အောင်မြင်မှုကိုရရှိမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အောင်လအန်ဆန်နှင့် ၎င်း၏လေ့ကျင့်ဖက်ဖြစ်သူတို့သည် ယနေ့နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံမှ ရောက်ရှိ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လာရောက်ဂါရဝပြုခြင်းဖြစ်ပြီး ယနေ့ ညနေပိုင်းတွင် အမေရိကန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့်အဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အားကစားပြတိုက်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အပါအဝင် Sports Complex အား လိုက်လံပြသရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆိုလာမီးလင်းရေးဖွင့်ပွဲ မာန်အောင်မြို့နယ်၌ ကျင်းပ

**မာန်အောင်   အောက်တိုဘာ   ၂၃**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် NEP စီမံကိန်း ဆိုလာမီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်က မာန်အောင်မြို့နယ် သာယာကုန်းအုပ်စု သာယာကုန်းကျေးရွာ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးနွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆိုလာမီး တပ်ဆင်ပြီးစီးခဲ့သည့် ကျေးရွာ ၂၂ ရွာအနက်မှ ယခုဖွင့်လှစ်သည့် သာယာကုန်းကျေးရွာ၌ အိမ်ခြေ ၁၃၆ အိမ်ရှိပြီး တစ်အိမ်သုံးဆိုလာသုံးစွဲ အိမ်ခြေမှာ ၉၄ အိမ်ရှိကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# သယံဇာတများကို စနစ်တကျအသုံးပြုပြီး သားစဉ်မြေးဆက် ရေရှည်တည်တံ့သောနည်းဖြင့် စီမံလုပ်ကိုင်ရန်လို

❄ *ကျောဖုံးမှ*

ကိုးချက် ချမှတ်ခဲ့ပါကြောင်း၊ ဒုတိယ အကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် ငါးချက်ချမှတ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၁၄ ချက် ရှိပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ငါးချက်ရှိပြီး ကျန်ကိုးချက်မှာ ဆောင်ရွက်ဆဲဖြစ်ကာ အမြန်ပြီးမြောက်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ပိုမိုမြန်ဆန်**

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် ခြောက်ရပ်ချမှတ်ခဲ့ပါကြောင်း၊ ၎င်းအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လိုအပ်သည့်ဖွဲ့စည်းမှုတွင် အစိုးရဌာနကိုယ်စားလှယ်များနှင့် ပြင်ပမှပညာရှင် ကိုယ်စားလှယ်များပါဝင်သော ကျွမ်းကျင်မှုအဖွဲ့များ ဖွဲ့စည်းရန်နှင့် ဖွဲ့စည်းဆောင်ရွက်ပြီးပါက မိမိတို့ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုမြန်ဆန်သွက်လက်လာမည်ဟု မျှော်လင့်ပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသ ဂေဟစနစ်များသည် ၎င်းတို့၏ ဂေဟစနစ်ဝန်ဆောင်မှုများအပါအဝင် အမျိုးမျိုးသော ထုတ်ကုန်ပစ္စည်းများနှင့် မိမိတို့လူ့ဘောင်လောက၏ လူမှုစီးပွားရေးဘဝကို များစွာအထောက်အကူပြုပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)က ပြုစုတင်ပြသည့် The Economics of Ecosystems and Biodiversity အစီရင်ခံစာဖော်ပြချက်အရ ကမ္ဘာကြီးက လူသားအားလုံးကိုပေးနေသည့် ဂေဟစနစ်ဝန်ဆောင်မှု စုစုပေါင်း၏ သုံးပုံနှစ်ပုံသည် ပင်လယ်နှင့် ကမ်းရိုးတန်းဂေဟစနစ်များမှ ဖြစ်သည်ဟု သိရပါကြောင်း၊ ထို့ကြောင့် (၂၁)ရာစု အစီအစဉ် (Agenda 21)၊ မိမိတို့လိုလားသည့် အနာဂတ် (The Future We Want)၊ ရေရှည်တည်တံ့စေသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals) စသည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များနှင့် ရည်မှန်းချက်ပန်းတိုင်များတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျစီမံအုပ်ချုပ်ရေးတို့ကို အလေးထားထည့်သွင်းစဉ်းစားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း။

**စနစ်တကျအသုံးပြု**

မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသသည် ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်ကြီး (Bay of Bengal Large Marine Ecosystem) တစ်ခုလုံး၏ ငါးပုံ တစ်ပုံရှိပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီး ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သည့်ပင်လယ်ပြင်၊ ကျွန်းကြီးကျွန်းငယ်ပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစု စသည့်မြေပြင်၊ ရေပြင်အခြေအနေများသည် သဘာဝကပေးထားသော နိုင်ငံ၏ အဖိုးတန်အမွေအနှစ်ဖြစ်ပါကြောင်း၊ EU-IMG အဖွဲ့၏ သုတေသနပြုချက်အရ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဒီရေတောဂေဟစနစ်များက ရရှိနေသည့် ကမ်းရိုးတန်းဒေသများကို အကာအကွယ်ပေးခြင်းနှင့် ငါးပုစွန်တို့ပေါက်ပွားရန် အစားအစာနှင့် နေရာပေးခြင်း စသည့်ဂေဟစနစ်ဝန်ဆောင်မှုနှစ်မျိုး၏ စီးပွားရေးအရ တန်ဖိုး (Ecosystem Valuation) တွက်ချက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိသည်ဟု ဆိုပါကြောင်း၊ အဆိုပါတန်ဖိုးများကို ဖော်ပြပြောကြားရသည့်အကြောင်းမှာ ငွေကြေးတွက်ချက်မှုအရ ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများကို သိရှိပြီး အလေးထားကာကွယ်ထိန်းသိမ်းရန်နှင့် သယံဇာတများကို စနစ်တကျအသုံးပြုပြီး အနာဂတ်သားစဉ်မြေးဆက်ကို ဆက်လက်အမွေပေးနိုင်ရန်အတွက် ရေရှည်တည်တံ့သောနည်းဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း။

လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များနှင့် အခက်အခဲများရှိပါက ယင်းပြဿနာများကို ဖြေရှင်းရာတွင် ကြီးကြပ်လမ်းညွှန်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အစည်းအဝေးများကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းများမှတစ်ဆင့် ဒေသအလိုက် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာခဲ့ပါကြောင်း၊ ပြဿနာများဖြေရှင်းနိုင်ရန်အတွက် ပြီးပြည့်စုံသည့် ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှု (Management)နှင့် သဘာဝသိပ္ပံ (Natural Science)ဆိုင်ရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံ စုစည်းထားရန် လိုအပ်ပါကြောင်း၊ ထိုသို့ သိရှိရန်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ ပြီးပြည့်စုံသည့် ဆန်းစစ်လေ့လာမှုလုပ်ငန်းကို အချိန်ကာလအလိုက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တက်ရောက်လာသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးက သတင်းအချက်အလက်များကို ပေါင်းစပ်စုစည်းပြီး တစ်နိုင်ငံလုံးအတွက် ပင်လယ်ကမ်းရိုးတန်းဒေသ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ခု တည်ထောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်က "Bay of Bengal Large Marine Ecosystem Project" က ထုတ်ဝေသော လက်ကမ်းစာစောင်တစ်ခုတွင် မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသ၌ လူတို့ကြောင့် သဘာဝသယံဇာတများ ဆုံးရှုံးပျက်စီးခြင်း (Human impacts lead to degradation and depletion of natural resources) ဆိုသည့် ခေါင်းစဉ်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ဖြစ်နေသည့် ပြဿနာများကို ဖော်ပြထားပါကြောင်း၊ အဆိုပါအချက်များမှာ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် အပျက်အစီးများပြားသည့် နည်းလမ်းများအသုံးပြု၍ ငါးဖမ်းဆီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ရေဆိုးများထုတ်လွှတ်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းခြင်း၊ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်းများမှ ရေဆိုးများထုတ်လွှတ်ခြင်း၊ နိုင်ငံခြားပို့ကုန်အတွက် ပုစွန်၊ ကဏန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးပွားလာခြင်း၊ ၎င်းဖော်ပြချက်များတွင် မပါဝင်သေးသော အခြားပြဿနာများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အခြေခံအဆောက်အအုံနည်းခြင်း၊ ရန်ပုံငွေလုံလောက်မှုမရှိခြင်းနှင့် ရေလုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းအရေအတွက် နည်းလာခြင်း စသည့် အချက်များကိုလည်း တွေ့ရှိရပါကြောင်း။

မိမိတို့အနေဖြင့် ယင်းပြဿနာများကို အတတ်နိုင်ဆုံးဖြေရှင်းကြရန် လိုအပ်ပါကြောင်း၊ ဖြေရှင်းရာတွင်လည်း တစ်ဌာန၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ အစိုးရဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အလေ့အထကောင်းကို အားကောင်းလာအောင် မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည့်အချက်မှာ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို လုပ်ငန်းကဏ္ဍ (Sectoral ) နှင့် ဒေသ(Regional) သီးခြားစီ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းမျိုး မဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းမှုများကို ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ညီညွတ်မျှတစေရန် လိုအပ်ပါကြောင်း။

**မရှိမဖြစ်အရေးပါ**

ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် အစိုးရဌာနများချည်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် မရှိမဖြစ်အရေးပါသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် လိုအပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ရှိသည့်အနက် အချို့သောလုပ်ငန်းအဆင့်များကို အောက်ခြေမှ စတင်ရမည်ဆိုသည်ကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသရှိ ကမ်းရိုးတန်းဂေဟစနစ်များ၏ အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးတို့တွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက်ရှင်းလင်း**

၎င်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးလှကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်း ဝန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ် နိုင်မင်းကျော်တို့က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

လတ်တလော မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်အောက်တွင် မှတ်ပုံတင်ထားသော ပြည်တွင်းရိုးရာ လက်ဝှေ့ကလပ်များမှာ ၅၀ ကျော်ရှိပြီဖြစ်သည်။ နှစ်အနည်းငယ်အတွင်း ပြည်တွင်းကလပ်အရေအတွက်မှာ နှစ်ဆခွဲ၊ သုံးဆအထိ တိုးပွားများပြားလာသော်လည်း အမျိုးမျိုးသော စိန်ခေါ်မှုများကြောင့် ယင်းကလပ်များမှာ လျော့လိုက်၊ တိုးလိုက်နှင့် တည်မြဲမှုမရှိဖြစ်နေပြီး ကလပ်နည်းပြများနှင့် ကစားသမားများအကြား စည်းစနစ်ကျခိုင်မာသော စာချုပ်အားနည်းမှုများကြောင့်ပင် ဖြစ်ကြောင်း သိရသည်။




**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ကလပ်အုပ်ချုပ်သူနှင့် ကစားသမားများ လိုက်နာရမည့် စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားစဉ်** ဓာတ်ပုံ- မင်းထက်

"မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်တွေက ဒီနှစ်အနည်းငယ်အတွင်းမှာ ကလပ်အရေအတွက်ရော မျိုးဆက်သစ်ကစားသမားတွေပါ တိုးလာတာတော့ မှန်တယ်။ နိုင်ငံတကာအဆင့်မီ ကလပ်အဆင့်မရှိသေးဘူး။ ဒါကြောင့် စံချိန်မီ စနစ်တကျဖွဲ့စည်းထားတဲ့ ကလပ်တွေဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုဖွင့်လှစ်မယ့် ကလပ်တွေက စံနမူနာပြကလပ်တွေဖြစ်ရမယ်။ ကစားသမားတွေ ရပိုင်ခွင့်တွေ၊ ပေးဆပ်ရမှာတွေ၊ နည်းပြရပိုင်ခွင့်၊ ပေးဆပ်မှုအားလုံး ထည့်သွင်းရေးဆွဲထားတယ်။ စနစ်ကျပြီး ရေရှည်သွားနိုင်တဲ့ ပုံစံမျိုးဖြစ်ရမယ်။ နည်းပြဆရာနဲ့ ကစားသမားတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကြည့်ပြီး စာချုပ်ချုပ်ဆို လက်မှတ်ထိုးရမှာ ဖြစ်တယ်။ လိုက်နာရမယ့်အချက်တွေကို စည်းကမ်းတကျဖြစ်အောင် အဖွဲ့ချုပ်အနေနဲ့ စနစ်တကျစောင့်ကြည့်ပြီး လိုအပ်မှုမရှိအောင် ဘက်ပေါင်းစုံက ကူညီထောက်ပံ့ပေးမှုတွေ လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ယခုဖွင့်လှစ်ပေးမည့် နိုင်ငံတကာအဆင့်မီ စံနမူနာပြရိုးရာလက်ဝှေ့ကလပ်များအား မကြာမီဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နေထိုင်မှု၊ စားသောက်မှုနှင့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများနှင့် စည်းစနစ်ပိုင်းဆိုင်ရာမှအစ နိုင်ငံတကာစံနှုန်းအညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကလပ်များအား မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာအမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

---

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မဒေါက်မြို့တွင် ၂ ဒသမ ၅၆လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော် ဆေးဝါးကုသပေးနေမှု ကြည့်ရှုအားပေး



**သရက်ချောင်း အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ တတိယမြောက်နေ့ ကျန်းမာရေးအလှူတော် ဆေးဝါးကုသပေးနေမှုအခြေအနေအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ဆေးကုသဌာနအသီးသီးသို့ လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် သရက်ချောင်းမြို့ရှိ ရှင်ကိုးရှင်သမိုင်းဝင် ရှင်တောင့်ပုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဘုရားဂေါပကအဖွဲ့တို့ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သရက်ချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်

# နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ငွေခွန်ဥပဒေရေးဆွဲရေး ဆောင်ရွက်နေသည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Mr. Irving Aw, ပါမောက္ခ Kimberley Brooks, Mr. Michael Oomn နှင့် Mr. Andrew Minto တို့ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ငွေခွန်ဥပဒေရေးဆွဲရေးဆောင်ရွက်နေသည့် အခြေအနေများနှင့် ကော်မရှင်မှပူးပေါင်းကူညီနိုင်သည့် အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တီထွင်ဖန်တီးထုတ်လုပ်မှုများကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ဖြင့် အကာအကွယ်ပေးနိုင်လာပါက ဝင်ငွေပိုမိုတိုးတက်လာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့ ပူးပေါင်း၍ တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးများအကြောင်း အကြံပေးခြင်းနှင့် သင်တန်း၏ နောက်ဆက်တွဲ အစည်းအဝေးကျင်းပခြင်း (Advanced Training and Advisory Program on Intellectual Property Right in the Global Economy for the Least Developed Countries-LDCs) ၏ Follow-up Meeting ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်စေရန်နှင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ရုံသာမက ကဏ္ဍအသီးသီးတွင် တီထွင်ဖန်တီးမှုများမှ အကျိုးကျေးဇူးများ များစွာပေါ်ပေါက်လာနိုင်ပါကြောင်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်အားနည်းခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးထုတ်လုပ်မှုများကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ဖြင့် အကာအကွယ်ပေးနိုင်လာပါက ဝင်ငွေပိုမိုတိုးတက်လာနိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာပေါ်ပေါက်လာရန် အထူးပင်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်သည် မြန်မာနိုင်ငံသားများအတွက် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့်အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အသိပညာပေးပွဲများကျင်းပခြင်းဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်၍ အများပြည်သူ နားလည်သဘောပေါက်ပြီး အကျိုးရှိရှိအသုံးပြုနိုင်ရန် အသိပညာပေးမှုများကို အားသွန်ခွန်စိုက် ပြုလုပ်လျက်ရှိပါကြောင်း၊ သဘာဝသယံဇာတများမှ ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ စီးပွားရေးအားမြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် LDCs နိုင်ငံများမှ အတွေ့အကြုံများကို ပြန်လည်ဝေမျှရေးနှင့် နိုင်ငံတော်၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာတို့နှင့် ကိုက်ညီမှုရှိစေရန် မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်ပြီး LDCs နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)မှ ကိုယ်စားလှယ်များ၊ ဆွီဒင်နိုင်ငံ တီထွင်မှုမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရုံး (Swedish Patent and Trademark Registration Office - PRV) မှ ကိုယ်စားလှယ်များ၊ the Least Developed Countries (LDCs) နိုင်ငံများဖြစ်ကြသော ဘူတန်၊ အီသီယိုပီးယား၊ မာလဝီ၊ မိုဇမ်ဗစ်၊ မြန်မာ၊ နီပေါ၊ ရဝမ်ဒါ၊ ဆူဒန်၊ ယူဂန္ဒာ၊ ဇမ်ဘီယာနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သထုံခရိုင်ရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သထုံ အောက်တိုဘာ ၂၃**

သထုံခရိုင်ရဲတပ်ဖွဲ့မှ ကျောင်းသား ကျောင်းသူများအား မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပြသခြင်းကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၊ သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၆၂၀ ခန့်တို့အား ယာဉ်စည်းကမ်း/လမ်းစည်းကမ်းလိုက်နာရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းများကို နံရံကပ်ပိုစတာများဖြင့် ရှင်းလင်းပြသဟောပြောခဲ့ပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားကာ ပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **(၁၃၈)**



# မြို့သာဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်း



ဓာတ်ပုံ-ဇင်ဦး

ဒေသတစ်ခုဖွံ့ဖြိုးရန် အလုပ်အကိုင်အခွင့်အလမ်းများရှိနေဖို့ လိုအပ်သလို၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်း ဖြစ်တည်နေသော သက်ရှိသက်မဲ့ အရင်းအမြစ်များကို စနစ်တကျ အသုံးချ၍ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စက်မှုနိုင်ငံထူထောင်ရန် လိုအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ၅၈ ကီလိုမီတာအကွာ၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့နှင့် ၆၁ ကီလိုမီတာအကွာ၊ မြင်းခြံခရိုင် မြင်းခြံမြို့နှင့် ၃၅ ကီလို မီတာအကွာ၌ တည်ရှိသည့် မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းသည် အနာဂတ်တွင် မြို့သာဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူဖြစ်ထွန်းစေမည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

Mandalay Myotha Industrial Development Public Company Limited(MMID)သည် မန္တလေး-မြို့သာ စက်မှုဥယျာဉ်စီမံကိန်းကြီးနှင့် ဆီမီးခုံ Container ဆိပ်ကမ်းကြီးကို မဟာဗျူဟာမြောက်တည်ဆောက်ဖော်ထုတ်နေသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း MMID မှ တာဝန်ခံအရာရှိ ဦးပြည့်ဖြိုးကျော်က ပြောပြ၍ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပူပြင်းခြောက်သွေ့ပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသော မြို့သာပတ်ဝန်းကျင်ဒေသတစ်ခုလုံးကို အိပ်မက်ပင်မမက်ဖူး၊ မည်သည့်အချိန်အခါကမှ မမျှော်မှန်းခဲ့ဖူးသော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ပြည်တွင်း/ပြည်ပစီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ စက်မှုမြို့တော်ကြီးအဖြစ် အသွင်ပြောင်းရန် MMID ဥက္ကဋ္ဌကြီး ဦးအောင်ဝင်းခိုင်က MMID စီမံကိန်းကြီးကို ၂၀၁၁ ခုနှစ်မှစ၍ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ်တွင် ပြည့်စုံကောင်းမွန်သော Master Plan ကို တင်ပြနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီး မြို့သာစက်မှုဥယျာဉ်နှင့် ဆီမီးခုံ Container ဆိပ်ကမ်း Project ကို စတင်ခဲ့ကာ ၂၀၁၃ ခုနှစ်တွင် MMID ၏Information Center ကို စတင်ဖွင့်လှစ်၍ ပြည်သူလူထုသို့ ရှယ်ယာများ ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

MMID ၏ မူလရည်ရွယ်ချက်ဖြစ်သော ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးဆောင်ရွက်မှုများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ညွှန်ကြားမှုများစွာ ပြုလုပ်ပေးခဲ့ပြီး တိုင်းဒေသကြီး မြို့သာဒေသ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်ဖော်ဆောင်နေသည့် စီမံကိန်းကြီးအဖြစ် အတည်ပြုလက်ခံခဲ့ကြောင်း သိရသည်။

အထူးသဖြင့် MMID တည်ရှိရာနေရာသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်း များဖြစ်ကြသော အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် မဟာဗျူဟာမြောက် ဆက်သွယ်သောလမ်းမကြီးဆုံရာနေရာဖြစ်ခြင်း၊ ထို့အပြင် ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သို့ ဆက်သွယ်သော ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာနေရာဖြစ်ခြင်း၊ ပြည်တွင်းဒေသများဖြစ်သော မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ ပုဂံ-ညောင်ဦး၊ ပခုက္ကူသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်သောနေရာဖြစ်ခြင်း၊ ထို့အပြင် မန္တလေး အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဆက်သွယ်သော အမြန်လမ်းမကြီးဖောက်လုပ်နိုင်ခြင်းစသည်တို့ကြောင့် အချက်အချာကျသော စက်မှုဥယျာဉ်မြို့တော်စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဤသို့အားဖြင့် အနာဂတ်ကာလတွင် မြို့သာဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးမြင့်မားလာခြင်းနှင့်အတူ နိုင်ငံတော်၏ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက် မှုများစွာကို အထောက်အကူဖြစ်စေမည့် မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း ဧရိယာဧက ၂၆၆၀၀၀ အနက် ယခုအခါ ဧရိယာဧက ၁၂၀၀၀ ကို စက်မှုနယ်မြေအဖြစ် အပိုင်းခြောက်ပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများမှာ Myotha Industrial Park (MIP), Semeikhon Port(SMP),Myotha National Golf Course တို့ဖြစ်ပြီး ကျန်ရှိသည့် မြေဧရိယာများတွင် MMID စီမံကိန်း၏ မူလရည်ရွယ်ချက်ဖြစ်သော စီးပွားရေးဇုန်၊ စီးပွားရေးမြို့တော်ကြီးဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်နွှယ်သောစက်ရုံ၊ အလုပ်ရုံများ အဓိကပါဝင်လျက်၊ တစ်ဆက်တည်း ရုပ်ရှင်ရုံများ၊ ရှော့ပင်းစင်တာများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များ၊ နည်းပညာစင်တာများ၊ သိုလှောင်ရုံများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ အားကစားကွင်းများ၊ အပန်းဖြေစရာပန်းခြံများစသည်ဖြင့် စက်မှုဥယျာဉ်မြို့တော်နှင့် ညီညွတ်မျှတသည့် အဆောက်အအုံများကို တစ်ဆင့်ပြီးတစ်ဆင့် အပိုင်းအလိုက် စီမံချက်များချ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအခြေအနေတွင် မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းဧရိယာအတွင်း၌ စက်ရုံ၊ အလုပ်ရုံ တည်ဆောက်ပြီးစီးမှု စီမံကိန်းတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

Myotha Industrial Park(MIP) တွင် Area:45 $km^2$-11.405 Acre ကျယ်ဝန်း၍ Face I ၌ စက်ရုံ ခုနစ်ရုံ တည်ဆောက်လည်ပတ်ထုတ်လုပ်လျက်ရှိပြီး ဒေသခံပြည်သူ ၁၀၀၀ ကျော်တို့ အလုပ်အကိုင်များရရှိနေကြပြီဖြစ်ကြောင်း သိရ သည်။

၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားကုမ္ပဏီများလည်း ဆက်လက်ဝင်ရောက်လာ မည်ဖြစ်ကြောင်းလည်း သိရသည်။

Semeikhon Port(SMP)တွင် Area:152ha-380 Acre ကျယ်ဝန်းပြီး အဆိုပါစီမံကိန်းဧရိယာ၌ ကုန်ပစ္စည်းသိုလှောင်ရုံများ၊ ယန္တရားပြင်စက်ရုံများ၊ အကြီးစားစက်ပစ္စည်းကိရိယာသိုလှောင်ရုံများ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ အကောက်ခွန်ရုံးစသည်ဖြင့် ဆိပ်ကမ်းနှင့် ဆက်နွှယ်သော အဆောက်အအုံများပါဝင်သည့် ဧရိယာဖြစ်ကြောင်း၊ တန် ၅၀ ခံနိုင်ဝန်ဆိပ်ခံပွန်တွန်းကို တည်ဆောက်ရေချထားပြီး MMID နှင့် ဆက်သွယ်သည့် လမ်းအကျယ်ပေ ၂၀၀၊ လမ်းအရှည် ၂၀ ကီလိုမီတာလမ်းမကြီးကိုလည်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း၌ ဆီမီးခုံဆိပ်ကမ်းကို ထည့်သွင်းတည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ MMID စက်မှုဥယျာဉ်စီမံကိန်းမှ ထုတ်လုပ်သည့်ပစ္စည်းများကို ကုန်းလမ်းအပြင် ရေလမ်းကပါ မြန်မာပြည်အရပ်ရပ်သို့ ပို့ဆောင်ရန်ဖြစ်ပြီး ကုန်းလမ်းမှပို့ဆောင်သည့်စရိတ်ထက် ရေလမ်းမှ ပို့ဆောင်သည့်စရိတ်က သက်သာသဖြင့် ကုန်ပစ္စည်းများအပေါ်တွင် ဈေးနှုန်းလျှော့ချပေးနိုင်ခြင်းဖြင့် ဝယ်ယူသုံးစွဲသူပြည်သူများ ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရန်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် သိရှိရသည်။

ထို့အပြင် ဆီမီးခုံဆိပ်ကမ်းစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလမှာပင် ဒေသခံများ အလုပ်အကိုင်များ ရရှိနေကြပြီး စီမံကိန်းကြီးပြီးစီး သွားသည့်ကာလ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြင့် တစ်ချိန်က ချောင်ကျကျမဖွံ့ဖြိုး၊ မတိုးတက်သေးသည့် ကျေးလက်ရွာလေးများ၊ မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆီမီးခုံဆိပ်ကမ်းစီမံကိန်းမှ MMID သို့ လမ်းမကြီးများ ဖောက်လုပ် ပြီးစီးသွားသည့်အတွက် အဆိုပါလမ်းမကြီးကို အခမဲ့အသုံးပြု၍ မော်တော်ယာဉ်လိုင်း များပြေးဆွဲပြီး မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာ၊ နွားထိုးကြီး၊ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ မြို့များသို့ ဥဒဟိုသွားလာ ရောင်းဝယ်ဖောက်ကားပြီး ဒေသခံများကို တိုက်ရိုက်အကျိုးပြုလျက်ရှိသကဲ့သို့ ရန်ကုန်မြို့အထိ ခရီးပေါက်ကာ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနေကြောင်း သိရသည်။

လုပ်ငန်းများလုပ်ဆောင်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာအတွင်း၌ ဒေသခံပြည်သူများ၏ ယာမြေအချို့ပါဝင်ပြီး အဆိုပါယာမြေများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေယာ စီမံခန့်ခွဲရေးအဖွဲ့အဆင့်ဆင့်မှ နစ်နာသူဒေသခံတောင်သူများနှင့် ညှိနှိုင်းပြီး ဥပဒေများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးမှုများအပေါ် MMID ကုမ္ပဏီမှ ဂရန် ပေါက်မြေတစ်ဧကကို ငွေကျပ်သိန်း ၂၀ နှုန်းနှင့် ဂရန်မပေါက်သောမြေတစ်ဧက ကို ငွေကျပ် ငါးသိန်းနှုန်းမြေယာလျော်ကြေးများ ပေးခဲ့သည့်အပြင် လျော်ကြေးငွေ နစ်နာသူတောင်သူတစ်ဦးလျှင် (၈၀'×၆၀' )ပေ ဝိုင်းမြေတစ်ကွက်စီကို စလစ်များပေးထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်းမှ နစ်နာသူဒေသခံမိသားစု ၁၇၄၇ ဦးအတွက် မြေဧက ၄၀၈ ဧကရှိမြေကွက်တွင်(၈၀'×၆၀') ပေအိမ်ဝိုင်းကွက်များရိုက်ပြီး လမ်းတံတားများ၊ လျှပ်စစ်မီးတိုင်များ၊ ရေသွယ်ပိုက်လိုင်းများနှင့်အတူ အားကစားကွင်း၊ ဆေးပေးခန်း၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ ရဲစခန်း၊ ဈေးစသည်ဖြင့် မြို့အင်္ဂါရပ်နှင့်အညီ ကုမ္ပဏီကဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းကြီး စတင်အကောင်အထည်ဖော်ရာတွင် လုပ်ငန်းသဘောသဘာဝအရ ပတ်ဝန်းကျင်ကို အနည်းနှင့်အများ ဆိုသလို ထိခိုက်ပျက်စီးမည်ဖြစ်သော်လည်း ကုမ္ပဏီကသဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်နေကြောင်း သိရသည်။

မြို့သာဒေသသည် ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သော်လည်း အနာဂတ်တွင် မြို့သာဒေသဝန်းကျင်အားလုံး အမြဲတမ်း (Ever Green) စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုကို မွေးဖွားပေးရန် ရည်မှန်းချက်ဖြင့် MMID ကုမ္ပဏီမှ အရိပ်ရပင်၊ လေကာပင်များကို သောင်းနှင့်ချီ၍ စနစ်တကျစိုက်ပျိုးထားရှိကြောင်း အားရကျေနပ်ဖွယ်သိရသည်။

ထို့အပြင် စက်မှုစီမံကိန်းအတွင်း ဖောက်လုပ်ထားသည့် ကားလမ်းမကြီး ဝဲ-ယာ တွင်လည်း အရိပ်ရပင်များကို သဘာဝကျကျ၊ စနစ်တကျ စိုက်ပျိုးပြုစုလျက် အမြဲတမ်းစိမ်းလန်းစိုပြည်သည့် နေချင့်စဖွယ်စက်မှုမြို့တော်အဖြစ် စီမံဆောင်ရွက်ထားသည်။

Myotha National Golf Course သည် ဧက ၁၇၀၀ ကျယ်ဝန်းပြီး မြန်မာပြည်မြေပုံသဏ္ဍာန် ၁၈ ကျင်းပါဝင်သည့် နိုင်ငံတကာစံချိန်မီဂေါက်ကွင်းအဖြစ် တည်ဆောက်လျက်ရှိသည်။ ထိုသို့ တည်ဆောက်ရာတွင် နိုင်ငံခြားသားပညာရှင်များနှင့် တည်ဆောက်နေပြီး ကမ္ဘာပေါ်တွင် အကောင်းဆုံးကွင်းများတွင်တစ်ကွင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံတကာစံချိန်မီဂေါက်ကွင်းတစ်ကွင်းတွင်ရှိသည့် လုံလောက်သော အကျယ်အဝန်း၊ ကမ္ဘာပေါ်တွင်တွေ့မြင်ခဲ့သော သဘာဝအနေအထားအရိပ်ရပင်၊ လေကာပင်၊ ရာသီအလိုက်သစ်ပင်ပန်းမန်၊ ရောင်စုံအလှတို့ဖြင့် မျက်စိပသာဒ စိမ်းစိုမှုတသာသာယာလှပအောင် ပေါင်းစပ်ဖန်တီးလျက် နိုင်ငံတကာမှ အထင်ကြီးလေးစားတန်ဖိုးထားသည့် ဂေါက်ကွင်းအဖြစ် တည်ဆောက်လျက်ရှိသည်။

ဤသို့အားဖြင့် မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်တွင် နိုင်ငံတော်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် မောင်းနှင်အားဖြစ်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

**ဖေထွက်းဇော်(ရေစကြို)**

## မန္တလေးတိုင်းဒေသကြီး ဟိုတယ်များအား မီးဘေးလုံခြုံရေးစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များတွင် မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များကအထူးကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။ မီးဘေးကာကွယ်ရေးအတွက် နေအိမ်များ၊ ဈေးများ၊ KTVများ၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်များတွင် ပုံမှန်စစ်ဆေးမှုနှင့် သရုပ်ပြလေ့ကျင့်မှုများအပြင် ရန်ကုန်မြို့ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်မီးလောင်မှုဖြစ်ပွားပြီးနောက် ဟိုတယ်များအားလုံးကို အထူးကြပ်မတ်စစ်ဆေးနေကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးဦးသန်းဇော်ဦးက ပြောသည်။

"ဟိုတယ်တွေမှာ မီးဘေးအန္တရာယ်မရှိအောင်ကြိုတင်ကာကွယ်ရေးနဲ့ စစ်ဆေးရာမှာတွေ့ရှိတဲ့ လိုအပ်ချက်တွေကို အကြံပြုခဲ့တယ်။ ဟိုတယ်တွေမှာ အရေးကြီးတာက မီးအသုံးပြုတဲ့ စားဖိုဆောင်တွေနဲ့ဂက်စ်အိုးထားတဲ့နေရာတွေ၊ စားသောက်ခန်းတွေပါ"ဟု ၎င်းကပြောသည်။ ဟိုတယ်များ၌ အရေးပေါ်ထွက်ပေါက်နှင့် လှေကားများ၊ အလိုအလျောက်မီးသတိပေးစနစ်နှင့် ရေဖျန်းစနစ်များ၊ မီးသတ်ဆေးဘူးသတ်မှတ်အရေအတွက်နှင့် အရည်အသွေးစသည့် မီးသတ်ဦးစီးဌာနက ညွှန်ကြားချက်အတိုင်းလိုက်နာမှု ရှိ မရှိစစ်ဆေးခဲ့ရာ ဟိုတယ်အချို့ကလိုက်နာမှုအားနည်းသဖြင့် အကြံပေးမှုများ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်တည်းခိုခန်းပေါင်း ၁၉၈ ခုနှင့်အခန်းပေါင်း ၈၁၁၁ ခန်းရှိ၍ ဟိုတယ်တည်ဆောက်ရန် မြေပြင်အနေအထားမှာပင်မီးဘေးလုံခြုံရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ကာ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုခြင်းဖြစ်ပြီး လိုအပ်သလို စစ်ဆေးမှုများအပြင် သက်တမ်းတိုးချိန်တွင်လည်း ပြန်လည်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းသာမက ပြည်ပကပါ MIC ကို ပိုမိုအားကိုးပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာကာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ အမှန်တကယ်စည်ပင်ဝေလာနိုင်ကြောင်း ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သည့် မြန်မာ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အစား အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ရာတွင် ခြောက်လစာတစ်ဖြတ်နှင့် နောက် ၁၂ လစာ တစ်ဖြတ်ဆွဲရမည်ဖြစ်ပြီး အထွေထွေရွေးကောက်ပွဲအပြီး အစိုးရဟောင်း၏ ဘတ်ဂျက် ခြောက်လစာကို နောက်အစိုးရက ကိုင်ထားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံ ၂၂၇ နိုင်ငံတို့၏ ကာလသတ်မှတ်မှုများကို အဓိကအားဖြင့် လေးမျိုးခွဲထားပြီး ကမ္ဘာ့ငွေကြေးအဖွဲ့အစည်း (IMF) အဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ရာခိုင်နှုန်းနီးပါးသည် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြက္ခဒိန်နှစ်အတိုင်း သတ်မှတ်ပြီး ယူကေနိုင်ငံအပါအဝင် စင်ကာပူ၊ အာရှနိုင်ငံ၊ အိန္ဒိယ စသည့် နိုင်ငံများသည် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ရာသီဥတုအနီးကပ်ဆုံး တူညီနေသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနှင့် လာအိုနိုင်ငံတို့သည် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ထားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ထိုနည်းတူ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မိုးရွာသွန်းမှုများကြောင့် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဇွန်လမှ နိုဝင်ဘာလအထိ လုပ်ငန်းများရပ်ဆိုင်းထားစရာမလိုဘဲ ပွင့်လင်းကာလတွင် လုပ်ငန်းများကို နှောင့်နှေးမှုမရှိဘဲ လုပ်ကိုင်နိုင်သကဲ့သို့ ဘတ်ဂျက်ပိတ်ချိန်သည် အားလပ်ရက်နှင့် နီးကပ်ပါက လူများအလုပ်လုပ်ချိန် နည်းပါးခြင်းကိုလည်း ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြင့် နိုင်ငံတကာအလေ့အကျင့်များနှင့် တစ်သားတည်းဖြစ်သွားခြင်း၊ မှတ်သုံးရာသီအတွက် လုံလောက်စွာ ပြင်ဆင်နိုင်ခြင်း၊ စိုက်ပျိုးရေးကိန်းဂဏန်းများကို ပိုမိုသုံးနိုင်မည်ဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ မုတ်သုံကို ရှောင်နိုင်ခြင်း စသည့် အားသာချက်များ ရရှိမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ထောက်ခံ**

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အချိန်မီပြီးစီးအောင် လုပ်ငန်းများကို တွန်းလုပ်သည့်အတွက် အရည်အသွေးမမီခြင်း၊ လုပ်ငန်းများမပြီးစီး၍ နောင်ဘတ်ဂျက်ကို ကူရပြီး လုပ်ရခြင်းများလည်း လျော့နည်းစေမည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် ဘဏ္ဍာရေးနှစ်ကို အမြဲတမ်းပြောင်းလဲနေမှုများရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုအခြေအနေ၊ လုပ်ငန်းလုပ်ဆောင်မှုအခြေအနေ၊ အားလပ်ရက်နှင့် နီးမှု၊ မနီးမှု စသည့်အချက်များအပေါ် မူတည်ပြီး ပြောင်းလဲသင့်ပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြင့် နိုင်ငံတကာအလေ့အကျင့်များနှင့် တစ်သားတည်းဖြစ်သွားခြင်း၊ မုတ်သုံရာသီအတွက် လုံလောက်စွာ ပြင်ဆင်နိုင်ခြင်း၊ စိုက်ပျိုးရေးကိန်းဂဏန်းများကို ပိုမိုသုံးနိုင်မည်ဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ မုတ်သုံကို ရှောင်နိုင်ခြင်း၊ လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှုများ ပိုမိုညီညွတ်မျှတလာနိုင်ခြင်းစသည့် အားသာချက်များ ရရှိမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၄) မှ ဦးသန်းစိုး (ဘောဂဗေဒ)၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသောင်းထိုက်စိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ် (၈) မှ ဦးမျိုးဝင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသောင်းစိန်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးလားလ်မင်းထန်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆွေးနွေးကြသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအသုံးငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်က ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအသုံးငွေစာရင်း၏ လိုငွေကို ဖြည့်ဆည်းရန် တာဝန်ရှိလာပါက ပြည်ပချေးငွေများဖြင့် ဖြည့်ဆည်းသင့်ပါကြောင်း၊ ပြည်ပချေးငွေများသည် အတိုးသက်သာသည့်အတွက် ဖြစ်ပါကြောင်း၊ ပြည်ပချေးငွေချေးမရသည့်အခါတွင် ပြည်တွင်းချေးငွေဖြစ်သည့် နိုင်ငံတော်ဗဟိုဘဏ်က ချေးယူရန် ဆုံးဖြတ်ခဲ့သည်ဟု ယူဆပါကြောင်း၊ IMF ၏ လေ့လာချက်အရ ဗဟိုဘဏ်မှ ချေးယူခြင်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဗဟိုဘဏ်မှ ချေးယူရငွေနည်းပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဗဟိုဘဏ်မှ ချေးယူနေရဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗဟိုဘဏ်မှ နှစ်စဉ်ဘီလီယံပေါင်းများစွာ ချေးယူနေရဦးမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရသုံးငွေစာရင်းတွင် သုံးငွေများနေ၍ လိုငွေပြနေခြင်းဖြစ်သည့်အတွက် သုံးငွေများကိုလည်း လျှော့ချရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သုံးငွေကို လျှော့ချပြီး အခြားဘက်က ဝင်ငွေများ အပြည့်အဝတိုးလာအောင် ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ဘတ်ဂျက်လိုငွေလျှော့ချရန်၊ ပြည်တွင်းပြည်ပချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရန်အတွက် အခွန်ရှောင်သူများအား အရေးယူဆောင်ရွက်ခြင်း၊ အရက်၊ ဆေးလိပ်၊ စီးကရက်တို့ကိုအခွန်တိုးမြှင့်ကောက်ခံခြင်း၊ သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ ရသင့်ရထိုက်သည့် နိုင်ငံတော်၏ ဝင်ငွေများ၊ မရဘဲကျန်နေသည့် ကြွေးကျန်များကိုလည်း အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာ လုပ်ဆောင်နိုင်မှုများ အလွန်အားနည်းနေသည်ကို တင်ပြအပ်ပါကြောင်း၊ အဆိုပါ ကိစ္စရပ်များကို သက်ဆိုင်ရာမှ အမြန်ဆုံး အရေးယူဆောင်ရွက်ပါမှ ဗဟိုဘဏ် ချေးငွေများလည်း လျော့နည်းလာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးသန်းစိုး (ဘောဂဗေဒ)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ်** တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ငွေဖောင်းပွမှုတွင် စားသောက်ကုန်ဈေးနှုန်းသည် ဖောင်းပွမှုအများဆုံးဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သွားလာရခက်ခဲသည့်နေရာများတွင် ငွေကြေးဖောင်းပွမှုများကိုလည်း တွေ့ရပါကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် ငွေဖောင်းပွမှု ဒုတိယအများဆုံး အင်ဒိုနီးရှားထက် သုံးဆခန့် ပိုပြီးဖောင်းပွလာသည်ကို တွေ့ရပါကြောင်း၊ လိုငွေ၊ ဂျီဒီပီအချိုးနှင့် ကုန်သွယ်မှုလိုငွေသည်လည်း ယခင်နှစ်ထက် တိုးလာသည်ကို တွေ့ရပါကြောင်း၊ ကုန်သွယ်မှု လိုငွေများပြားလာသည့်အတွက် ပြည်ပငွေပေးငွေယူရှင်းတမ်းအရ လိုငွေများ ပိုလာသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံခြားငွေလဲနှုန်းအနေဖြင့်လည်း မြန်မာငွေ ကျဆင်းမှု ပိုများလာသည့်အခြေအနေတွင် ပို့ကုန်အတွက် အခြေအနေကောင်းဖြစ်သော်လည်း ပို့ကုန်မှာ သိသိသာသာတိုးလာမှု မရှိသည်ကို တွေ့ရပါကြောင်း။

အစီရင်ခံစာပါ ဖော်ပြထားချက်အရ ၂၀၁၅ - ၂၀၁၆ဘဏ္ဍာရေးနှစ်သည် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်ထက် ငွေကြေးဆိုင်ရာ အားနည်းချက်များ ပိုများနေသည်ကို တွေ့ရသည့်အတွက် ယင်းကဲ့သို့ဖြစ်ရသည့် အကြောင်းအရင်းများကို လေ့လာသုံးသပ်ဝေဖန်ပြီး လာမည့် ဘဏ္ဍာနှစ်များအတွက် ကြိုတင်ကာကွယ်မှု၊ သင်ခန်းစာယူ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ ဦးသန်းစိုး (ဘောဂဗေဒ)နှင့် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာ ခွန်ဝင်းသောင်းက ပုဒ်မ(၃) (ခ)တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်ဆိုသည့် ဆောင်ရွက်ချက်သည် အားနည်းနေသည်ဟု ဝေဖန်သံများအပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့် ဆိုင်ရာ ဝန်ကြီးဌာန၏ လုပ်ပုံကိုင်ပုံများသည် ယခင်ခေတ်ကဲ့သို့ ကြိုးနီစနစ်ဆန်ဆန် မလိုအပ်ဘဲ ကြန့်ကြာလွန်းနေသည်ဟု နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအကြား သုံးသပ်နေသည့် အဆင့်တစ်ခုကို သတိပြုသင့်ပါကြောင်း၊ တချို့ကိစ္စများတွင် ရင်းနှီးမြှုပ်နှံသူက ဥပဒေနှင့်အညီ တင်ပြလာပါက နိုင်ငံတော်သမ္မတက တာဝန်ပေးခြင်းခံရသည့် MIC အနေဖြင့် ဆုံးဖြတ်ပေးပိုင်ခွင့် ရှိသင့်ပါကြောင်း။

လုပ်ငန်းများ ယာယီရပ်နားခဲ့ပါက လုပ်ငန်းရှင်များ၊ နိုင်ငံတော်နှင့် မှီခိုလုပ်သားများပါ သုံးဦးဖလှယ် မနစ်နာစေရန် အစီအမံများ ပြုလွယ်ပြင်လွယ်သည့် ညွှန်ကြားမှုများ အရေးတကြီး လိုအပ်ပါကြောင်း၊ နိုင်ငံတော်အဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ခိုင်မာမှုမရှိဟု မှတ်ယူသွားပါက ယုံကြည်စိတ်ချစရာ အာမခံချက်မရှိသည့် သဘောဖြစ်ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအပေါ် ဆိုးကျိုးသက်ရောက်နိုင်ပါကြောင်း။

ယခုအစီရင်ခံစာနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို အကြံပြုလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် MIC ရုံးခွဲများရှိသော်လည်း ဗဟိုမှ တာဝန်အရှိဆုံးသူများအနေဖြင့် ကွင်းဆင်းလေ့လာစစ်ဆေးသင့်ပါကြောင်း၊ MIC အနေဖြင့် ယခုအကြံပြုချက်များကို သုံးသပ်စစ်ဆေးပြုပြင်လိုက်ပါက ပြည်တွင်းသာမက ပြည်ပကပါ MIC ကို ပိုမိုအားကိုးလာပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာကာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အလမ်းများ လူသားအရင်းအမြစ်စွမ်းဆောင်ရည်များ မြင့်မားလာမည့်အပြင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ အမှန်တကယ် စည်ပင်ဝေလာနိုင်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းနှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို အောက်တိုဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ ၁၉၄၈-၁၉၆၂ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့က ကြီးမှူးကျင်းပသော မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ ၁၉၄၈-၁၉၆၂ သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာ့သမိုင်းအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများ၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် အခြား ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခြင်းဖြင့် ပြည်သူများအား သမိုင်းအသိအမြင်ရရှိရေးနှင့် သမိုင်းသုတေသန၊ အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၏ အဓိက လုပ်ငန်း တာဝန်များဖြစ်သော မြန်မာ့သမိုင်းဖြစ်ပေါ်လာရေး ကွက်လပ်ကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲကို မြန်မာ့ဓလေ့သမိုင်းအား အထောက်အကူပြုသော သမိုင်း၊ စာပေ သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရန်အတွက် ဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင် ဗဟုသုတများဖလှယ်ခြင်းဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ် နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန်၊ ဖတ်ကြားတင်သွင်းသော စာတမ်းများအား ရွေးချယ်ပြီး ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူများအတွင်း ပျံ့နှံ့ရောက်ရှိစေကာ မိမိတို့ ဓလေ့ကို ပိုမိုလေ့လာထိန်းသိမ်းရန်အတွက် လည်းကောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က စာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာတမ်းဖတ်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီး ဌာနတို့မှ စာတမ်းရှင် ၁၂ ဦးတို့က တစ်ရက်လျှင် စာတမ်းခြောက်စောင်စီနှုန်းဖြင့် ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲ ပထမနေ့တွင် ဒေါက်တာခင်အေးက ၁၉၄၈-၁၉၆၂ အတွင်း မြန်မာရသစာပေတိုးတက်ပြောင်းလဲမှုစာတမ်း၊ ဦးသန်းလွင်က ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားတပ်ပေါင်းစုညီညွတ်ရေး (ပမညတ)၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကို လေ့လာခြင်း (၁၉၅၅-၁၉၅၈) စာတမ်း၊ ဒေါ်နိုင်နိုင်ကြည်က ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲအား အကဲဖြတ်ခြင်း (၁၉၄၈-၁၉၅၂) စာတမ်း၊ ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာ့လူမှုဆက်ဆံရေး စစ်လျော်ကြေးပြဿနာ(၁၉၄၈-၁၉၆၂) စာတမ်း၊ ဦးဂျယ်ရီကြိုင်က မြန်မာ့ရုပ်ရှင်လုပ်ငန်း တိုးတက်ပြောင်းလဲလာပုံ (၁၉၅၂-၁၉၆၂) စာတမ်း၊ ဒေါက်တာလဲ့လဲ့မာက (၁၉၄၈-၁၉၆၂)ခုနှစ်အတွင်း တွေ့ရသော မြန်မာမှုဓလေ့စာတမ်းကိုလည်းကောင်း ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယနေ့တွင် စာတမ်းရှင်ခြောက်ဦးက ၎င်းတို့၏ သုတေသနစာတမ်းများကို အောက်တိုဘာ ၂၄ ရက်တွင် ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကောင်းမြတ်သူ၊ ဓာတ်ပုံ-အေးကေလင်း**

## ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် GE International Inc အဖွဲ့မှ အာရှပစိဖိတ်ဒေသဆိုင်ရာအထွေထွေမန်နေဂျာ Mr. Massimo Gallizioli ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-7)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လျှပ်စစ်ကဏ္ဍ၏ အရေးပါပုံ၊ ကျောက်မီးသွေးအသုံးပြု၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်လျှင် လျှပ်စစ်စွမ်းအင်ကို အသက်သာဆုံးအသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် ခေတ်မီ Technology ဖြင့် ထုတ်လုပ်နိုင်ပါက ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် လူ့အဖွဲ့အစည်း၏ ကျန်းမာရေးကို ထိခိုက်မှုမရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌ ဦးခင်အေးနှင့်အတူ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ကျောက်မီးသွေးကိုအသုံးပြု၍ လျှပ်စစ်မီးထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော် GE International Inc အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-8)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်မီးလုံလုံလောက်လောက်ရရှိနိုင်စေရန် ခေတ်မီနည်းပညာများနှင့် ကျောက်မီးသွေးကိုအသုံးပြု၍ လျှပ်စစ်မီးထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်နှင့်အတူ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**မောင်တောမြို့နယ်အတွင်းရှိ မြို တိုင်းရင်းသားများ မိမိတို့စိုက်ပျိုးထားသော စပါးခင်းများအား တစ်နိုင်တစ်ပိုင် ရိတ်သိမ်းနေသည်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်** (မောင်တောဒေသအတွင်း စပါးရိတ်သိမ်းရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ပြည်နယ်အစိုးရက ထောက်ပံ့ ပေးမည်ဖြစ်သည့်အပြင် လကုန်ပိုင်းတွင် စတင်ရိတ်သိမ်းပေးမည်ဖြစ်ကြောင်း သိရသည်။)
**နိုင်လင်းကြည်**

## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေး

**မုံရွာ အောက်တိုဘာ ၂၃**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇) တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားသည်။

"မြန်မာနိုင်ငံမှာ ဂျပန်ဦးနှောက်ရောင်ရောဂါဟာ ကပ်ရောဂါအသွင် ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ၂၀၁၆ စာရင်းတွေအရ မြန်မာနိုင်ငံတွင်းဖြစ်တာ တွေ့ရပြီး ကရင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ အများဆုံးဖြစ်ပွားခဲ့တာ တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း ၂၀၁၇ ခု ဇန်နဝါရီမှ ဇွန်လအထိ စာရင်းတွေအရ သံသယဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ ၁၁ ဦး ရှိခဲ့ပြီး အဲဒီအထဲက ဂျပန်ဦးနှောက်ရောင်ရောဂါပိုးတွေ့တာ နှစ်ဦးရှိပါတယ်။ ၂၀၁၄ ခုအတွင်းက ရခိုင်ပြည်နယ် ၁၀ မြို့နယ်မှာ သံသယ ဂျပန်ဦးနှောက်ရောင်ရောဂါလူနာ ၄၅ ဦးတွေ့ရှိခဲ့ပြီး ငါးဦးသေခဲ့ရာမှာ သေဆုံးမှုက ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့တာကြောင့် ရောဂါဖြစ်ပွားသေဆုံးမှုဟာ အလွန်စိုးရိမ်ဖွယ် မြင့်တက်လာခဲ့တာ ကို တွေ့ရပါတယ်"ဟု ဒေါက်တာဇော်ဝင်းက အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၇ နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာကျော်သူဆွေက ရှင်းပြရာတွင် "ဂျပန်ဦးနှောက်ရောင်ရောဂါဟာ အာရှနိုင်ငံတွေမှာ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားလေ့ရှိတဲ့ ဦးနှောက်ရောင်ရောဂါတွေရဲ့ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်က ဝက်၊ ကျွဲ၊ နွားနဲ့ ငှက်တွေမှာရှိနေပြီး Culex ခြင်ကနေတစ်ဆင့် လူဆီကို ကူးတဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒါ့ကြောင့် အရှေ့နဲ့ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေး အများဆုံးလုပ်တဲ့နေရာတွေနဲ့ ကျေးလက်ဒေသတွေမှာ အများဆုံးတွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသအများစုမှာ ၁၅ နှစ်အောက်ကလေးတွေဟာ လူကြီးတွေထက် ပိုပြီးရောဂါရဖို့ အန္တရာယ်ပိုမြင့်ပါတယ်" ဟု ဒေါက်တာကျော်သူဆွေက ရှင်းပြသည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံခြင်းကို ထည့်သွင်းထိုးနှံခြင်းမပြုမီ အသက်အုပ်စု ကျယ်ပြန့်စွာအစုလိုက်ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ဆောင်ရွက်ရန် ဒေါက်တာဇော်ဝင်းက အသိပေးဆွေးနွေးပွဲတွင် အကြံပြုထားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅-၂၀၁၆ ခုနှစ်က ကပ်ရောဂါအသွင်ဖြစ်ခဲ့သည့် ဂျပန်ဦးနှောက်ရောင်ရောဂါကူးစက်မှုကို ကာကွယ်ရန် ၂၀၁၈ ခု ဇန်နဝါရီလမှစတင်ကာ အသက် တစ်နှစ်အောက်ကလေးငယ်များကို ထိုးနှံပေးလျက်ရှိသော ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို စတင်ထိုးနှံပေးတော့မည်ဖြစ်သည်။ ထိုသို့ထိုးနှံခြင်းမပြုမီ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေများပြီး ဖြစ်ပွားပါက ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများရရှိနိုင်သည့် အန္တရာယ်မြင့်မားသော အသက် အုပ်စု ကိုးလမှ ၁၅ နှစ်အတွင်း ကလေးသူငယ်များကို ဂျပန် ဦးနှောက်ရောင်ရောဂါအစုလိုက် တစ်ပြိုင်တည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**



## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆွေးနွေး

**ပဲခူး အောက်တိုဘာ ၂၃**

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက် ကိုးလမှ ၁၅ နှစ်အရွယ်အတွင်းရှိ ကလေးလူငယ်များကို ရောဂါကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါခုခံနိုင်မှုစွမ်းအားအမြင့်မားဆုံး ရရှိစေရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံတွင် ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သော ခြင်မှတစ်ဆင့်ကူးစက်သည့် ရောဂါတစ်မျိုးဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ ၃၉၄၀ အနက် ဂျပန်ဦးနှောက်ရောင်ရောဂါတွေ့ရှိသူ လူနာ ၇၄၅ ဦးရှိခဲ့ရာ ၁၉ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြတ်အေးအား ADPC ၊ UNHCR နှင့် ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနမှအဖွဲ့တို့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား Asian Disaster Preparedness Center(ADPC) မှ Mr. Hans Guttman(Executive Director) ဦးဆောင်သောအဖွဲ့က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမတွင် လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ADPC အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် နီးကပ်စွာပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေး၊ ဘေးဒဏ်ခံနိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကိစ္စရပ်များဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ADPC ၏ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီတစ်ရပ်ထူထောင်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်း၍ ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မကြာသေးမီက မိတ်ဆက်ဖြန့်ဝေခဲ့သော Myanmar Action Plan for Disaster Risk Reduction (MAPDRR)တွင် ပါဝင်သော လုပ်ငန်းများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးကိစ္စရပ်များ၊Union Enterprise for Humanitarion Assistance, Resettlement and Development(UEHRD)ထူထောင်၍ ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များကိုဆွေးနွေးပြောကြားပြီး ADPC အနေဖြင့် အကူအညီပေးနိုင်မည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ UNHCR မှ Mr. Giuseppe de Vincentiis နှင့် တွေ့ဆုံရာတွင် Union Enterprise for Humanitarion Assistance, Resettlement and Development၏ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းကိစ္စရပ်များ၊ ပြည်သူလူထု၏ အင်အားဖြင့် ဆောင်ရွက်မည့် အဆိုပါစီမံကိန်းအား ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပါဝင်အကူအညီပေးနိုင်မည့် နည်းလမ်းများ၊ ဦးစားပေးနေရာဒေသများ ရွေးချယ်၍ စတင်ဆောင်ရွက်လျက်ရှိသော ပြန်လည်နေရာချထားရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား အကူအညီအထောက်အပံ့ပေးမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး UNHCR အနေဖြင့် လိုအပ်သော အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် အကူအညီများပေးရန် အဆင်သင့်ရှိပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ H.E. Sultan Bin Saad Al-Muraikhi ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ နိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများဖြစ်သော ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများကြောင့် ဘေးဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံသဘောတူညီချက်အရ ဆောင်ရွက်မည့် မိသားစုများ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ၊ Union Enterprise for Humanitarion Assistance, Resettlement and Development (UEHRD)၏ ပြည်သူ့အင်အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းကိစ္စရပ်များ၊ ဒေသတွင်း ဖွံ့ဖြိုး တိုးတက်ရေးကိစ္စများ ဆွေးနွေးပြောကြားခဲ့ပြီး H.E. Sultan Bin Saad Al-Muraikhi က ရခိုင်ပြည်နယ်အရေးကိစ္စတွင် နိုင်ငံတော်အစိုးရ ဆောင်ရွက်နေသော လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုပါကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို မိမိတို့အနေဖြင့် ဆန့်ကျင်ပါကြောင်း၊ မြန်မာနိုင်ငံအား မိတ်ဆွေနိုင်ငံ အဖြစ် သဘောထားပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများ အကောင်အထည်ဖော်ရာတွင် ကူညီလိုပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်ခံပြည်သူအားလုံးအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသောအကူအညီများပေးလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---



## ရှာရှည်ပြင်ကျေးရွာမှ လေပြင်းဒဏ်သင့်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**စစ်တွေ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရှာရှည်ပြင်ကျေးရွာမှ လေပြင်းဒဏ်သင့် ပြည်သူများအား အောက်တိုဘာ ၂၂ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်များ အချိန်မီထောက်ပံ့ပေးအပ်ခဲ့သည်။

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် ရှာရှည်ပြင်ကျေးရွာမှ အိမ်ထောင်စု ၂၂ စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ သွားရောက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ Hygiene Kit ၂၂ ခု ၊ ခြင်ထောင် ၂၂ လုံး၊ တာပေါ်လင်စ ၄၄ ချပ်နှင့် သောက်ရေသန့်များကို အချိန်မီ ကူညီထောက်ပံ့ ပေးအပ်နိုင်ခဲ့သည်။

ရှာရှည်ပြင်ကျေးရွာတွင် အိမ်ခြေပေါင်း ၂၃၅ အိမ်ရှိပြီး စုစုပေါင်းပျက်စီးမှု နေအိမ် ၂၂ လုံးရှိခဲ့ရာ နေအိမ်ခုနစ်လုံး လုံးဝပြိုကျပျက်စီးသွားကြောင်းနှင့် နေအိမ် ၁၅ လုံး တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် KG စာသင်ကျောင်းဆောင်၊ အခြေခံမူလတန်းလွန်ကျောင်းဆောင်နှင့် ဆရာ ဆရာမများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများပါ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဟန်လင်းနိုင်(ကိုယ်ပွား)**

## တစ်ရွာလျှင် ရေချိုငါးကန်တစ်ကန်စီကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တိုင်းရင်းသားရွာပေါင်း ၈၂ ရွာတွင် တူးဖော်ပေးသွားရန် စီစဉ်ထား

**မောင်တော အောက်တိုဘာ ၂၃**

မောင်တောဒေသတွင်း အကြမ်းဖက်ခံရပြီးနောက် ဒေသခံများ လတ်တလောစားသုံးမှုအဆင်ပြေစေရန်အတွက် ရေချိုငါးမွေးမြူရေးကန်များကို တစ်ရွာလျှင် ရေချိုငါးကန်တစ်ကန် စီမံချက်ဖြင့် ပြည်နယ် အစိုးရဘတ်ဂျက်ဖြင့် တိုင်းရင်းသားရွာပေါင်း ၈၂ ရွာတွင် တူးဖော်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခုလက်ရှိ ကျေးရွာငါးရွာတွင် တစ်ဧက ငါးမွေးမြူရေးကန် တစ်ကန်စီ တူးဖော်၍ တစ်ကန်လျှင် ငါးကောင်ရေ ၅၀၀၀ ထည့်သွင်းပေးထားကြောင်းနှင့် ငါးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက်လည်း တင်ပြဆွေးနွေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် တိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် ရွှေဗဟိုလ်၊ ခရေမြိုင်၊ ဖားဝပ်ချောင်း၊ အောင်ဇေယျ၊ မောရဝတီ စသည့် ကျေးရွာငါးရွာတွင် ရေချိုငါးမွေးမြူရေးကန်များ တူးဖော်ပေးထားပြီး တစ်ကန်လျှင် ငွေကျပ် ၆၂ သိန်းခွဲခန့် ကုန်ကျကြောင်း သိရသည်။

အဓိကရည်ရွယ်ချက်မှာ ဒေသခံတိုင်းရင်းသားများ ငါးစားသုံးမှုဖူလုံရန်ဖြစ်ပြီး ဒေသငါးစားသုံးမှုဖူလုံပါက နိုင်ငံခြားတင်ပို့မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးကန်များမှ ရရှိလာသည့် ငါးများရောင်း ရငွေကိုလည်း ကျေးရွာအတွက် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်သို့ သာမက အာရပ်နိုင်ငံများသို့ပင်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းတင်က ပြောကြားသည်။

တိုင်းရင်းသားကျေးရွာ ၈၂ ရွာတွင် အကောင်အထည်ဖော်ပေးမည့် ငါးကန်များအတွက် ငါးသားပေါက်များကို မြို့သူကြီး ရေချိုငါးသားဖောက်စခန်းမှ ထောက်ပံ့ပေးမည် ဖြစ်သော်လည်း ယင်းငါးသားဖောက်စခန်းမှာ သေးငယ်နေပြီး လုံလောက်စွာ ပေးနိုင်မည်မဟုတ်သဖြင့် တိုးချဲ့သွားရန် ပြည်နယ်အစိုးရအား တင်ပြထားကြောင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမ၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ စသည့် ငါးမျိုးများကို ဆေးထိုးသားဖောက်ကာ တစ်ကောင်လျှင် ငွေကျပ် ၃၀ ဝန်းကျင် ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်လိုသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ဌာနသို့ တင်ပြဆွေးနွေး၍ လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**



မောင်တောဒေသ တိုင်းရင်းသား ကျေးရွာများ၌ တူးဖော်ပေး ထားသည့် ရေချို ငါးမွေးမြူရေး ကန်ကို တွေ့ရစဉ်

---




## မြန်မာခရီးသွားများ အမေရိကန်နိုင်ငံသို့ ပိုမိုလွယ်ကူစွာသွားလာနိုင်ရန် လေကြောင်းလိုင်းတိုးချဲ့

**ရန်ကုန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် ရည်ရွယ်ထားသော မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားခရီးသည်များသည် Trip Advisor ၏ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းဆုရ Emirates ၏ အစီအစဉ်သစ်ဖြင့် ရန်ကုန်မှ အမေရိကန်နိုင်ငံသို့ ယခင်ကထက်ပို၍ ဈေးသက်သာစွာနှင့် အဆင်ပြေလွယ်ကူစွာ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ခရီးစဉ်အတွက် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း လက်မှတ်ကြိုတင်ဝယ်ယူပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ ခရီးသွားသူများသည် အမေရိကန်နိုင်ငံရှိ Emirates လေကြောင်းလိုင်း ဆိုက်ရောက်ရာမည်သည့်နေရာသို့မဆို သွားရောက်ရာတွင် အထူးအခွင့်အရေးများကို ရယူနိုင်မည်ဖြစ်သည်။

နယူးယောက်၊ ဝါရှင်တန်၊ ဆန်ဖရန်စစ္စကိုနှင့် အခြားသော မြို့ပေါင်းများစွာသို့ Economy Class ဖြင့် အသွားအပြန် ခရီးစဉ်အတွက် လက်မှတ်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၉၇၃ မှ စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

Emirates သည် အမေရိကန်နိုင်ငံနှင့် ပုံမှန်ချိတ်ဆက် ပျံသန်းနေပြီး နယူးယောက်သို့ နေ့စဉ်ပျံသန်းမှုနှုန်း ခရီးစဉ်လေးခုဖြင့် လည်းကောင်း၊ ဟူစတန်၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ ဒါးလက်စ် ၊ ဆီယက်တဲလ်နှင့် ဝါရှင်တန်မြို့များသို့ ပုံမှန်ဝန်ဆောင်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊**
**ဓာတ်ပုံ-မေဦးမိုး**

# အစိုးရထံသို့ UNFC တောင်းဆိုထားသည့် ရှစ်ချက်အနက် သဘောတူရန်ကျန်ရှိနေသည့်အချက်လေးချက်အားဆက်လက်ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၃

**ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA ) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ရှစ်ချက်အနက် ဆွေးနွေးရန်ကျန်ရှိသည့် အချက်လေးချက်ကို ဆက်လက်ဆွေးနွေးသည်။**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် တရားဝင် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ကျင်းပသည်။



ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းက ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN ဆွေးနွေးပွဲတွင် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ရှစ်ချက်အနက် အချက်လေးချက်ကို နှစ်ဖက်သဘောတူညီမှု ရရှိပြီးနောက် ဆွေးနွေးရန်ကျန်ရှိနေသည့် အချက်ငါးမှ ရှစ်အထိကို ဆက်လက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က "NCA ဟာ ငြိမ်းချမ်းရေးရဲ့ပန်းတိုင်တစ်ခု မဟုတ်ပါဘူး။ NCA ဟာ ငြိမ်းချမ်းရေးရဲ့ တံခါးဝပါ။ ဒီနေရာမှာ တစ်ခုပဲပြောလိုပါတယ်။ ကျွန်တော်တို့ ကမ္ဘာမှာပဲကြည့်ကြည့်၊ အများက သူ့အခြေအနေ အချိန်အခါနဲ့ သဘောတူညီပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို သူ့အခြေအနေ အချိန်အခါနဲ့အညီ လိုအပ်ရင် ပြင်ဆင်ဖို့ သတ်မှတ်ထားတဲ့ နည်းလမ်းတွေနဲ့အညီ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ NCA ထဲမှာ ကိုယ်တိုင်ရေးဆွဲခဲ့သူတွေ နောက်ပိုင်းမှာ အခြေအနေ အကြောင်းအရာ အမျိုးမျိုးကြောင့် လိုအပ်ချက်တွေရှိတယ်ဆိုရင် NCA ရဲ့ အပြင်ကနေ လုပ်ဆောင်လို့ မရပါဘူး။ NCA အတွင်းထဲကို ဝင်လာပြီးတော့ ညီညီညွတ်ညွတ် မျှမျှတတနဲ့ အားလုံးတိုင်ပင်ပြီး ဆောင်ရွက်ကြပါလို့ ကျန်နေတဲ့ အဖွဲ့အစည်းတွေ အားလုံးကို ဒီနေရာကနေ မေတ္တာရပ်ခံပြီးတော့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ဆိုတဲ့ အစိုးရဘက်အခြမ်းက မဟုတ်ဘဲနဲ့ NCA ထဲမှာ ပါဝင်လက်မှတ်ရေးထိုးထားသူတွေကလည်း ဒီလိုသဘောထားရှိပါတယ်လို့ ပြောကြားလိုပါတယ်။

"ကျွန်တော်တို့ DPN နဲ့ PC နဲ့ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွေပါ ထည့်ပေါင်းရင် အမြောက်အမြားကို ဆွေးနွေးခဲ့ကြပါတယ်။ နှစ်ဖွဲ့ဆိုပေမယ့် တစ်ဖွဲ့တည်းလိုပဲ အားလုံးကို နားလည်သိရှိခံစားနိုင်ကြပြီဖြစ်တယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီးရဲ့ ငြိမ်းချမ်းရေးရရှိဖို့ရာ အခြေခံကစပြီးတော့ UNFC အဖွဲ့ကြီး ပါဝင်လာတဲ့ အောင်မြင်တဲ့ ဆွေးနွေးပွဲကြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ထို့အတူပဲ တိုင်းရင်းသားအဖွဲ့အစည်းတွေကလည်း မိမိတို့ဘက်အခြမ်းမှာ ညှိနှိုင်းစရာရှိတာကို အောင်မြင်အောင် ဆွေးနွေးညှိနှိုင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်"ဟု ပြောကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)တွင်ပါဝင်သောအချက်များအပေါ် တပ်မတော်အနေဖြင့် မဟာဗျူဟာ သတ်မှတ်ပေးထားသည့်အတိုင်း အစဉ်တစိုက် လိုက်နာဆောင်ရွက်နေကြောင်း၊ NCA တွင် ပါဝင်သော အချက်များသည် ပြည့်စုံကြောင်း၊ NCA တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ( UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဟူ၍ နှစ်ပိုင်းရှိပါကြောင်း၊ ယင်းတို့တွင် လုပ်ထုံးလုပ်နည်း ( SOP)များ၊ လုပ်ငန်းလမ်းညွှန် (ToR)များ ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

သို့သော် NCA တွင် SOP နှင့် ToR များ မရှိသော်လည်း အခြေခံဖြစ်ပြီး လက်တွေ့လုပ်ဆောင်လာသည့် အပိုင်းအား SOP / ToR များဖြင့် ဆုံးဖြတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ NCA ပါ အခြေခံအချက်များမကြိုက်လျှင် ToR နှင့် SOP များအား ပြင်ဆင်နိုင်ကြောင်း၊ အလားတူ NCA ပါ အခြေခံအချက်များအပေါ် အချို့သော အချက်များကို ညှိနှိုင်းဆောင်ရွက်၍ရကြောင်း၊ NCA စာချုပ်အား အသုံးပြုအကောင်အထည်ဖော်မှုသည် ယခုအခါတွင် နှစ်နှစ်ခန့်သာရှိကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် JMC နှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်လေ့လာသုံးသပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ NCA သည် အချိန်ယူကာ မတူကွဲပြားသော အဖွဲ့အစည်းများအကြား အကျေအလည် ဆွေးနွေးထားသည့် သဘောတူညီမှုဖြစ်သောကြောင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ယခုတွေ့ဆုံဆွေးနွေးမှုတွင် တိုးတက်ကာ သဘောတူညီမှုရလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)ခေါင်းဆောင် ခူဦးရယ်က NCA ပါ ပြဋ္ဌာန်းချက်တချို့သည် အနည်းငယ်အားနည်းနေပြီး နှစ်ဖက်အဖွဲ့အစည်းများအကြား အပြေအလည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးသောကြောင့် NCA တွင် မပါဝင်လာနိုင်ခြင်း ဖြစ်ကြောင်း၊ အဆိုပါအားနည်းချက်များကို အားသာချက်ဖြစ်အောင် ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် အားကောင်းလာစေရန်အတွက် UNFC သည် အဆိုပြုချက် ရှစ်ချက်ဖြင့် ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ ထိုအချက်ရှစ်ချက်အား ဆွေးနွေးလာသည်မှာ ယခုဆိုလျှင် ၁၅ လကျော် ကြာမြင့်စွာဆွေးနွေးလာမှုအပေါ် နည်းစနစ်ပိုင်း လွဲချော်မှုများ၊ အားနည်းမှုများ ရှိနေခြင်းကြောင့်လားဟု သုံးသပ်မိကြောင်း၊ သို့သော် နှစ်ဖက်လက်ခံနိုင်သော လမ်းကြောင်းပေါ်သို့ရောက်ရန် အတူတကွလျှောက်လှမ်းအဖြေရှာခဲ့ကြောင်း၊ DPN အနေဖြင့် ယခုထက်ကောင်းမွန်သောနည်းလမ်းများဖြင့်သွားရန် ဆန္ဒရှိကြောင်း။

PC နှင့် DPN တို့တွေ့ဆုံဆွေးနွေးမှုများတွင် တချို့သော ကိစ္စရပ်များသည် နှစ်ဖက်သဘောတူ ဆုံးဖြတ်၍ မရနိုင်သည့် ကိစ္စရပ်များရှိနေသည်ကို သိရှိရ၍ နောက်တစ်ကြိမ်ပိုမိုကောင်းမွန်သော နည်းလမ်းသစ်တစ်ခုကို UPDJC သို့ အဆိုပြုခဲ့ကြောင်း၊ ယခုအကြိမ်ဆွေးနွေးမှုသည် နှစ်ဦးနှစ်ဖက်အလျှော့အတင်း သဘောတူညီမှုရရှိပြီး လမ်းကြောင်းပေါ်ရောက်ရှိအောင်သွားလိုကြောင်းဖြင့် ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးမှုတွင် နံပါတ်ငါးမှ စတင်ပြီး နံပါတ်ခုနစ်အထိ အချက်သုံးချက်ကို ဆွေးနွေးနိုင်ခဲ့သည်။ စတင်ဆွေးနွေးသည့် နံပါတ်ငါး အချက်သည် ညှိနှိုင်းဆွေးနွေးနိုင်ရန် အခြေခံအချက်များ ရရှိပြီးဖြစ်ကာ နံပါတ်ခြောက်အချက်သည်လည်း ပြေလည်မှုရရှိထား၍ နံပါတ်ခုနစ် အဆုံးသတ်ရန် အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရသည်။

သဘောတူညီမှု ရရှိဆွေးနွေးလျက်ရှိသည့် နံပါတ်ငါး အချက်သည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာ အပါအဝင် နှစ်ဖက်တပ်များ လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (CoC)၊ စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR) တပ်နေရာချထားရေးကို ကြိုတင်သဘောတူ ညှိနှိုင်းမှုရယူရန်ဖြစ်ပြီး နံပါတ်ခြောက်သည် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် နှစ်ဖက်သဘောတူလက်ခံသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များပါဝင်ရန်ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဦးနိုင်ငံလင်း၊ ဦးအောင်ကြည်၊ ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဒေါက်တာ မင်းဇော်ဦး၊ ဦးအေးလွင် (နည်းပညာ အထောက်အကူပြု)၊ ဦးမိုးဇော်ဦး၊ ဦးမောင်မောင်အေးတို့ တက်ရောက်ပြီး DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်၊ ဒုတိယ အဖွဲ့ခေါင်းဆောင် နိုင်အောင်မငေး၊ ဦးထွန်းဇော်၊ဦးဘုန်းနိုင်၊ ဦးမင်းထွန်း၊ နာဗစ်ဘွန်တို့ တက်ရောက်သည်။

လေ့လာသူများအဖြစ် ပဒိုရွှေမောင်း(KNU)၊ စိုင်းငင်း (RCSS)၊ ရဲဘော်သံခဲ (ABSDF)တို့ တက်ရောက်ကြပြီး အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့ ဆွေးနွေးရန် ကျန်ရှိနေသည်များကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ စာရင်းကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၄-၁၀-၂၀၁၇ ရက်တွင် ကျရောက်သည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများသည် အောက်ဖော်ပြပါ စာစီစာကုံး ခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည် -

(က) **မူလတန်း - ကျွန်ုပ်သိသမျှ ကုလသမဂ္ဂ**
(ခ) **အလယ်တန်း - ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ**
(ဂ) **အထက်တန်း - စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍ**

ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအနက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူ ကိုးဦးသည် ပထမ၊ ဒုတိယနှင့် တတိယဆုများ ဆွတ်ခူးရရှိကြသည်-

**အထက်တန်းအဆင့်**



**ပထမ**
**မနှင်းအိဖြူ၊ အဖ-ဦးတင်မင်းခိုင်**
**နဝမတန်း၊ အထက(၁) အမ်းမြို့**
**ရခိုင်ပြည်နယ်**



**ဒုတိယ**
**မညိမ်းမှူးမှူး ၊ အဖ-ဦးထိန်လင်း**
**နဝမတန်း၊ အထက(၂) တောင်ဥက္ကလာပ**
**ရန်ကုန်တိုင်းဒေသကြီး**



**တတိယ**
**မသက်လျှာဖြူ၊ အဖ-ဦးထွန်းထွန်းကျော်**
**နဝမတန်း၊ အထက(၂) လက်ပံတန်း**
**ပဲခူးတိုင်းဒေသကြီး(အနောက်)**

**အလယ်တန်းအဆင့်**



**ပထမ**
**မနှင်းဝတ်ရည်အေး ၊ အဖ-ဦးအေးကျော်**
**အဋ္ဌမတန်း၊ အထက(၂) ပြွန်တန်ဆာ**
**ပဲခူးတိုင်းဒေသကြီး(အရှေ့)**



**ဒုတိယ**
**မခင်သူသူဟန်၊ အဖ-ဦးသန်းဌေးအောင်**
**အဋ္ဌမတန်း၊ အထက၊ တွင်းကုန်း**
**ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး**




**တတိယ**
**မတော်မြာဦး ၊ အဖ-ဦးဦးရယ်**
**အဋ္ဌမတန်း၊ အလက၊ ထေးငှားလျား**
**လွိုင်ကော်မြို့၊ ကယားပြည်နယ်**

**မူလတန်းအဆင့်**



**ပထမ**
**မောင်ကောင်းထက်ချာန်၊ အဖ-ဦးကျော်ခိုင်ဝင်း**
**စတုတ္ထတန်း၊ အထက(၅) ရွှေဘိုမြို့နယ်**
**စစ်ကိုင်းတိုင်းဒေသကြီး**



**ဒုတိယ**
**မသိမ့်ဂျူးဂျူးစံ ၊ အဖ-ဦးမျိုးမင်းထိုက်**
**စတုတ္ထတန်း၊ အထက၊ ကျောက်တံခါး**
**ပဲခူးတိုင်းဒေသကြီး(အရှေ့)**



**တတိယ**
**မကေရီမြင့်မိုရ်၊ အဖ-ဦးမျိုးမင်းစိုး**
**စတုတ္ထတန်း၊ အထက၊ တပ်ကုန်း**
**နေပြည်တော်**

ဆုရကျောင်းသား ကျောင်းသူများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချီးကျူးဂုဏ်ပြုလွှာ၊ ဆုငွေများနှင့် ကုလသမဂ္ဂအထိမ်းအမှတ်ပစ္စည်းများကို ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ကျောင်းသား ကျောင်းသူများထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ပေးအပ်ခဲ့သည်။

ကုလသမဂ္ဂနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စစ်တွေမြို့ပေါ်ရှိ စားသောက်ဆိုင်တွင်ခိုက်ရန်ဖြစ်ပွား၍ ဓားဒဏ်ရာဖြင့်တစ်ဦးသေဆုံး၊ သေနတ်မှန်မှုကြောင့် တစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၃**
စစ်တွေမြို့ မင်းဂံရပ် မေယုလမ်းရှိ ရှိုင်ရယ်စားသောက်ဆိုင်၌ အောက်တိုဘာ ၂၀ ရက် ညပိုင်းက စားသောက်သူများနှင့် ဆိုင်ဝန်ထမ်းများ စကားများခိုက်ရန် ဖြစ်ပွားရာမှ တစ်ဦးသေဆုံးပြီး တစ်ဦး သေနတ်ထိမှန်ဒဏ်ရာရခဲ့ကြောင်း သိရ သည်။

စစ်တွေမြို့ မင်းဂံရပ်ကွက် မေယုလမ်းဘေးရှိ ရှိုင်ရယ်စားသောက်ဆိုင်၌ အောက်တိုဘာ ၂၀ ရက် ည ၁၂ နာရီခန့်က စစ်တွေမြို့ စဥ့်ကူးလမ်းရပ်ကွက်နေ ဇော်အေး (၃၀နှစ်)၊ အေးကို(၃၇နှစ်) တို့အပါအဝင် သုံးဦး စားသောက်နေစဉ် အစားအသောက်ကိစ္စနှင့် ပတ်သက်၍ အဆင်မပြေဖြစ်ရာမှ ဆိုင်မန်နေဂျာ ဝင်းမောင်သိန်း(၂၇နှစ်)နှင့် ဆိုင်လုပ်သား



နေမျိုး (၁၈နှစ်) အပါအဝင်လေးဦးနှင့် စကားများ ခိုက်ရန် ဖြစ်ပွားခဲ့ကြသည်။

ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဇော်အေး၏ ဦးခေါင်းနောက်စေ့၊ ဝဲလက်မောင်း၊ ဝဲလက်ပြင်၊ ယာတံတောင်ဆစ် ပြတ်ရဒဏ်ရာများရရှိခဲ့ပြီး ဇော်အေးနှင့်အဖွဲ့က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်တွင် ရောက်ရှိနေသူ ဦးမောင်သိန်းဦး (၆၁ နှစ်) ၏ ယာနို့အုံအောက်မှ ကျည်ထိမှန် ဒဏ်ရာရရှိ၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသမှုခံယူလျက် ရှိသည်။

ဒဏ်ရာရရှိသူ ဇော်အေးမှာ စစ်တွေဆေးရုံ၌ သေဆုံးသွားပြီး ဇော်အေးနှင့်အဖွဲ့ စီးနင်းလာသည့် အေးကိုပိုင် မော်တော်ယာဉ်အား မင်းဂံရပ်ကွက်ရှိ ပန်းသတင်းစားသောက်ဆိုင်ရှေ့၌ တွေ့ရှိ စစ်ဆေးရာ ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်ကိုးတောင့်၊ ကျည်ခွံ တစ်ခု၊ ဓားလေးချောင်းနှင့် ဘောစေ့ထည့်ပစ်ရသည့် ပစ္စတိုတစ်လက်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် အေးကိုအား လက်နက်ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ဇော်အေးသေဆုံးမှုနှင့် ပတ်သက်၍ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရဲကင်းစခန်းအတွင်းသို့ ဓားကောက်ကိုင်ဆောင်လျက် ပြေးဝင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦးအားပစ်ခတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၃**
မောင်တောမြို့နယ်အတွင်း ကွမ်းသီးပင်ချောင်းဝရဲကင်းစခန်းအတွင်း ဓားကောက်ကိုင်အမည်မသိ အမျိုးသားတစ်ဦးပြေးဝင်လာသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီခန့်က ဓားကောက်ကိုင်အမည်မသိ အမျိုးသားတစ်ဦးသည် မောင်တောမြို့နယ် နယ်မြေ(၃) ကွမ်းသီးပင်ချောင်းဝရဲကင်းစခန်းအတွင်းသို့ ဦးတည်ပြေးလာသဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် တစ်ဦးက ရပ်တန့်၍ လက်နက်ချရန် အော်ဟစ်သတိပေးသော်လည်း ရပ်တန့်ခြင်းမရှိဘဲ အလ္လာဝက္ကဘတ်ဟု အော်ဟစ်၍ ဆက်လက်ပြေးဝင်လာခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

ထိုသို့ပစ်ခတ်ဖမ်းဆီးခဲ့မှုကြောင့် ယင်းအမျိုးသားမှာ ယာရင်ညွန့်အောက်ဖောက်ဝင်ဒဏ်ရာတစ်ချက်ဖြင့် စခန်းနှင့် ငါးကိုက်ခန့်အကွာတွင် လဲကျသေဆုံးသွားခဲ့သည်။

သေဆုံးသူအား စစ်ဆေးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မိုဟာမတ် ရှာဟက်အာ့သာ (၅၆နှစ်) ဖြစ်ပြီး ၎င်းထံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ကတ်အမှတ် (ID) 26904215-88992 နှင့် ဓားကောက် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး တောင်ပြိုယာနယ်မြေစခန်း၌ အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာ-တောင်ကြီးကားလမ်းရေကျော်နေ၍ ယာဉ်များဖြတ်သန်းခွင့် ယာယီပိတ်ထားဆဲဖြစ်

**မိတ္ထီလာ အောက်တိုဘာ ၂၃**
သာစည်မြို့နယ်အတွင်းပါဝင်သည့် မင်းလုကန်အနီး မိတ္ထီလာ-တောင်ကြီးကားလမ်း ယာဉ်ကြီး ၊ ယာဉ်ငယ်များယင်းလမ်းပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းအထိ ယာယီပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်ထဲမှာပါဝင်တဲ့ ပျဉ်သာ-ကျိတ်ပုလဲကျေးရွာလမ်းဆုံအနီးနဲ့ မိတ္ထီလာမြို့ရှောင်လမ်းဆုံတဲ့ နေရာကစတင်ပြီး မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်ကနေ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ဖြတ်သန်းသွားလာခွင့် ပိတ်ထားပါတယ်။ မိုးအဆက်မပြတ် ရွာသွန်းပြီး မင်းလုကန်အနီးက မိတ္ထီလာ-တောင်ကြီး ကားလမ်းပေါ်မှာ ရေကျော်နေတာကြောင့် အခုလို ကားလမ်းကို ယာယီပိတ်ထားတာ ရက်သတ္တတစ်ပတ်နီးပါးရှိသွားပါပြီ။ တောင်ကြီးဘက်ကလာတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေနဲ့ တောင်ကြီးဘက်ကိုသွားမယ့် ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ကလတ်တလောတော့ သပြေဝကျေးရွာလမ်းဆုံအနီးကတစ်ဆင့် သပြေဝ-သာစည်ကားလမ်းမအတိုင်း ဖြတ်သန်းမောင်းနှင် နေပါတယ်" ဟု အဆိုပါလမ်းစတင်ပိတ်ထားသည့် နေရာလမ်းဆုံအနီးရှိ ပျဉ်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ အောက်တိုဘာလဆန်းပိုင်းမှစတင်ပြီး မိုးအဆက် မပြတ်ရွာသွန်းခြင်းကြောင့် မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်တွင် ရေကျော်ခြင်းများ ဖြစ်ပေါ်ရာ သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာအနီးရှိ မိတ္ထီလာ -တောင်ကြီးကားလမ်းမ ယာဘက်ဘေးတွင် လမ်းပခုံးသားတချို့ မိုးရေတိုက်စားခြင်း ကြောင့် ပျက်စီး ပြိုကျနေပြီး ဆိုင်ကယ်များကို ယင်းလမ်း ပေါ်မှဖြတ်သန်း သွားလာခွင့်ပြုထားကာ မင်းလုကန်ပေါင် လမ်းပေါ်မှ ရှောင်ကွင်းဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# ဖားကန့်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့အဝင်လမ်း အရှည်သုံးမိုင်ခန့်ပျက်စီးသဖြင့် သွားလာရေးခက်ခဲ

**ဖားကန့် အောက်တိုဘာ ၂၃**
ကချင်ပြည်နယ် ဖားကန့်မြို့တွင် အောက်တိုဘာ ၂၀ရက်မှ ၂၂ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖားကန့်မြို့ အဝင် လမ်းအရှည်သုံးမိုင်ခန့် ပျက်စီးခဲ့သဖြင့် ဆက်သွယ်သွားလာ ရေးတွင် အခက်အခဲနှင့်ကြုံတွေ့ရကြောင်း သိရသည်။

"ဖားကန့်ဒေသမှာက မိုးတစ်ရက်လောက်ရွာလာပြီဆိုရင် ဒီလမ်းပိုင်းကပျက်တော့တာပဲ၊ မော်တော်ယာဉ်တွေအတွက်တော့ အကြောင်းမဟုတ်ပေမယ့် ဒေသခံကဆိုင်ကယ်တွေ၊ သုံးဘီးတွေ၊ ခြေကျင်သွားလာသူတွေအတွက် အခက်အခဲဖြစ်သလို လမ်းဘေးဈေးရောင်းချသူတွေအတွက် များစွာအခက်အခဲကြုံကြရပါတယ်"ဟု အဆိုပါ လမ်းဘေးဈေးသည်တစ်ဦးက ပြောသည်။

ဖားကန့်ဒေသတွင် အောက်တိုဘာ ၂၀ ရက်မှ စတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖားကန့်မြို့မှ နန့်မဖြစ် ကျေးရွာအထိ ဗျူဟာလမ်းမကြီး အရှည် နှစ်မိုင်ခန့်မှာ ရွှံ့နွံများဖြင့်ပျက်စီးလျက်ရှိကြောင်း၊ ဖားကန့်-မိုးကောင်းဗျူဟာ လမ်းမကြီးမှာ ယခုအခါ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းနှင့် ကျောက်စီလမ်းများခင်းကျင်းထားသောကြောင့် ဆက်သွယ် သွားလာရေးတွင် ရာသီမရွေး လျင်မြန်လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ နန့်မဖြစ်ကျေးရွာမှ ဖားကန့်မြို့သို့သွားရောက်ရာ ဗျူဟာမိန်းလမ်းမကြီး၏ လမ်းအရှည် သုံးမိုင်ခန့်မှာ မြေသား ကျောက်ခင်းလမ်းဖြစ်သောကြောင့် နေ့စဉ်မော်တော်ယာဉ် အတက်အဆင်း ၁၀၀၀ ကျော်ခန့်တို့ဖြတ်သန်းသွားလာလျက်ရှိသဖြင့် မိုးရွာသွန်းပါက ရွံ့နွံများဖြစ်ပေါ်ကာ ဒေသခံများအတွက် အခက်အခဲများနှင့် တွေ့ကြုံနေကြရကြောင်း၊ မိုးကောင်းမှဖားကန့်မြို့အထိ လမ်းအရှည် မိုင် ၇၀ ခန့်ရှိရာ ဖားကန့်-နန့်မဖြစ်လမ်းအရှည် သုံးမိုင်ခန့်မှာ ပျက်စီးနေသဖြင့် ဒေသခံများကအဆိုပါ လမ်းပိုင်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်ပြု ပြင်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။ **နီတိုး**

# မြဝတီမြို့ရှိ တောင်သူလယ်သမားများ၏ အခက်အခဲများကူညီဆောင်ရွက်နိုင်ရေး တောင်သူပညာပေးဆွေးနွေး

**မြဝတီ အောက်တိုဘာ ၂၃**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ၏ အခက်အခဲများကို ကူညီဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပသည့် တောင်သူလယ်သမားများအား အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးငွေဆိုးက ယခု ဆွေးနွေးပွဲသည် တောင်သူလယ်သမားများ၏ လိုအပ်ချက်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများအား ကူညီဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ တောင်သူများလိုအပ်ချက်နှင့် အခက်အခဲ များအား ပွင့်ပွင့်လင်းလင်း ပြောကြားပေးစေလို ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး နည်းပညာဆိုင်ရာ သင်တန်းများလည်း မိမိတို့ဌာနအနေ ဖြင့် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခိုင်စိုးဝင်းက မွေးမြူရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ကျော်ဆန်းက ငါးမွေးမြူရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဒေါ်ဝင်းဝင်းသန်းက တောင်သူလယ်သမားအာမခံဆိုင်ရာများကို လည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသိန်းဇော်က စားသုံးသူရေးရာဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းရွှေက စိုက်ပျိုးရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဦးနိုင်ဦးက သမအသင်းများနှင့် ချေးငွေဆိုင်ရာများ ကိုလည်းကောင်း အသိပညာပေးဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တိုင်းရင်းသား ဒိုင်းနက်လူမျိုးလေးဦး သေနတ်ပစ်ခံရ နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**
မောင်တောမြို့နယ် အောင်သပြေကျေးရွာမှ ဒိုင်းနက်တိုင်းရင်းသားလေးဦးသည် အောက်တိုဘာ ၂၂ ရက် ညပိုင်းက နယ်စပ်ခြံစည်းရိုးကို ကျော်၍ တောဝက်လိုက်ဖမ်းရာမှ အရပ်ဝတ်လက်နက်ကိုင်များ၏ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အောင်သပြေကျေးရွာနေ တိုင်းရင်းသား ဒိုင်းနက်လူမျိုး မောင်ငယ်လှ (၂၉ နှစ်)၊ မောင်ရွှေသိမ်း (၂၈နှစ်)၊ မောင်စိန်လှမောင် (၃၂နှစ်) ၊ မောင်နီထွန်း(၂၀နှစ်)တို့ လေးဦးသည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီက နယ်မြေ(၁) နယ်စပ်မှတ်တိုင် (၄၆-၄၇)ကြားအနီး၌ နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်၍ တောဝက်လိုက်ဖမ်းရာ နယ်စပ်ခြံစည်းရိုးနှင့် ကိုက် ၁၀၀ ခန့်အကွာ၌ အရပ်ဝတ်ဖြင့် သေနတ်ကိုင်ဆောင်ထားသူ ၁၅ ဦးခန့်က သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည်။

ပစ်ခတ်မှုကြောင့် မောင်စိန်လှမောင်နှင့် မောင်နီထွန်းတို့ နှစ်ဦးမှာ သေဆုံးသွားပြီး မောင်ငယ်လှနှင့် မောင်ရွှေသိမ်းတို့ နှစ်ဦးတွင် ဝဲပါး၊ လက်ဖျံ၊ ယာခါး၊ တင်ပါး ရုပ်ထိဒဏ်ရာရရှိကာ ပြန်လည်ထွက်ပြေးခဲ့ရာ ည ၁၀ နာရီတွင် အောင်သပြေကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဒဏ်ရာရရှိသူ နှစ်ဦးအား အောင်သပြေ ဆေးရုံမှတစ်ဆင့် မောင်တောဆေးရုံသို့ ဆက်လက်တင်ပို့ခဲ့ပြီး ယနေ့နံနက် ၈ နာရီခွဲတွင် သေဆုံးသူနှစ်ဦးအား လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရွာသားလမ်းပြ နှစ်ဦးဖြင့် လိုက်လံရှာဖွေခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အခင်းဖြစ်နေရာ၌ ပြန်လည်တွေ့ရှိသဖြင့် အောင်သပြေကျေးရွာသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကောလင်းမြို့ပေါ် ကျော်ဇေယျာနှင့် ဝါးရုံးတုံး ရပ်ကွက်ကြား ကွန်ကရစ်လမ်း စတင်ဆောင်ရွက်တော့မည်

**ကောလင်း အောက်တိုဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ် ကျော်ဇေယျာရပ်ကွက်နှင့် ဝါးရုံးတုံး ဝင်းကြီးကြား ကားလမ်းမကြီးသည် မိုးရာသီတွင်ရေများ တိုက်စားသဖြင့်လမ်းပျက်စီးပြီး သွားလာရန် ခက်ခဲနေသည်။ ထို့ကြောင့် ကောလင်းမြို့ပေါ်ရှိ ၁ ဒသမ ၆၀ ကီလိုမီတာ ရေကျော်နေရာအား သဲကျောက်ခင်း လမ်းသားမြှင့်တင်၍ ၇ ဒသမ ၃၁ မီတာအကျယ်နှင့် ၂၀၀ မီလီမီတာထု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၄၇ ဒသမ ၅၀ ဖြင့် တင်ဒါအောင်မြင်သော Civil King Co.,Ltd. ကုမ္ပဏီက မြေတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုး နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၃**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဖားကန့် |
| ၂။ | ကယားပြည်နယ် | ဒီမော့ဆို၊ ဖရူဆို |
| ၃။ | ကရင်ပြည်နယ် | ဘုရားသုံးဆူ |
| ၄။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကျွန်းလှ၊ ခမ်းပတ် |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ၊ ကျွန်းစု |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊ ကျောက်ကြီး |
| ၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ ဆိပ်ဖြူ၊ ကန်ပက်လက်၊ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း၊ ငါန်းဇွန်၊ တံတားဦး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | ကွန်ဟိန်း၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ပန်းတနော်၊ ဇလွန် |

**( မြန်မာ့အလင်း)**

# ဖားကန့်၌ ငွေကျပ်သိန်းပေါင်းနှစ်သောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဖားကန့် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ စုပေါင်းစစ်ဆေးရေးဂိတ်တွင် အောက်တိုဘာ ၂၂ ရက် ညနေ ၆ နာရီခွဲက ငွေကျပ်သိန်းပေါင်း တစ်သောင်းခြောက်ထောင်ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း နယ်မြေရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ ရဲအုပ်နိုင်စိုး ဦးစီးအဖွဲ့၊ လုံးခင်းရဲစခန်းမှ ဒုရဲအုပ်ပြုံးမောင်မောင် ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နန့်ကွပ်ကျေးရွာနေ ကျော်အောင်(ခ)အားတီ(၂၄နှစ်) မောင်းနှင်ပြီး မူဆယ်မြို့နယ် ကောင်းမှုတုံကျေးရွာနေ ဝေမင်း(ခ)အေးသား(၄၀နှစ်)လိုက်ပါလာသည့် ALPHARD(G) ယာဉ်အမှတ် MDY 2K/----အား ရပ်တန့်ရှာဖွေရာ ယာဉ်၏ကြမ်းပြင် အံ့ဝှက်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀၀ (ဒေသပေါက်ဈေး ဆေးပြားတစ်ပြားလျှင် ၅၀၀၀ နှုန်း) ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၁၇၀၀၊ ဘိန်းဖြူအလေးချိန် ၁၃၂ ကီလို (ဒေသပေါက်ဈေးဘိန်းဖြူ တစ်ဂရမ်လျှင် ၉၅၀၀၀ နှုန်း)ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၅၄ သိန်း၊ ဘိန်းဆီအလေးချိန် ၆၆ ကီလို(ဒေသပေါက်ဈေး ဘိန်းဆီခဲတစ်ဂရမ်လျှင် ၄၈၀၀ နှုန်း)ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၈ သိန်းနှင့် မော်တော်ယာဉ်အား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်မှုအရ အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ ရဲအုပ်နိုင်စိုး၊ ရဲအုပ် မြင့်သိန်းဦး၊ လုံးခင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် ကျော်အောင်(ခ)အားတီ(၂၄ နှစ်)၊ ဝေမင်း(ခ)အေးသား(၄၀ နှစ်)တို့၏ စစ်ဆေးပေါ်ပေါက်ချက်အရ လုံးခင်းကျေးရွာအုပ်စု ဆွတ်အောင်ကျေးရွာနေ ကျော်အောင်(ခ)အားတီ၏နေအိမ်ကို ထပ်မံရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၀၅၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀၊ ၉၆ ကီလိုနှင့် အိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် Toyota Wish-5K/--- မော်တော် ယာဉ်ကြမ်းခင်း အံ့ဝှက်အတွင်းမှ ဘိန်းဖြူအလေးချိန် ၁၆၃၂ ဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၇၃၅၃ သိန်းကျော် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်အတွင်း ၎င်းတို့ထံမှ စုစုပေါင်းငွေကျပ် သိန်းနှစ်သောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်အောင်(ခ)အားတီနှင့် ဝေမင်း(ခ)အေးသားတို့နှစ်ဦးအား လုံးခင်းနယ်မြေရဲစခန်းတွင် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



# စက်တင်ဘာလအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်သစ်မျိုးစုံ ၅၅၈ ဒသမ ဝ၃၆၁ တန်ကို ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ ၇၉ ဦးကို အရေးယူ

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ဖမ်းဆီးရေး နည်းပေါင်းစုံသုံး၍ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက သစ်မျိုးစုံ ၅၅၈ ဒသမ ဝ၃၆၁ တန်ကို ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ ၇၉ ဦးကိုလည်း အရေးယူနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်း တရားမဝင် သစ်ဖမ်းဆီးရေးတွေကို နည်းလမ်းပေါင်းစုံနဲ့ တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက သစ်မျိုးစုံ ၅၅၈ ဒသမ ဝ၃၆၁ တန်ကို သက်သေခံ မော်တော်ယာဉ် အစီး ၄၀၊ ထော်လာဂျီ တစ်စီး၊ လယ်ထွန်စက်တစ်စီး၊ ဆိုင်ကယ် ခုနစ်စီး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ စက်လှေနဲ့မော်တော် ၁၁ စင်း၊ သစ်စက် ၁၅ လုံး ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်သူ ၇၉ ဦးကိုလည်း အရေးယူနိုင်ခဲ့ပါတယ်"ဟု ဦးခင်မောင်ဝင်းက ပြောသည်။

ဖမ်းဆီးရမိမှုများ၏ ၅၄ ရာခိုင်နှုန်းခန့်သည် တာဝန်သိပြည်သူများ၏ သတင်းပေးမှုနှင့်ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ဖမ်းဆီးမှုတွင် လူထုအခြေပြု စောင့်ကြည့်ခြင်းနှင့် သတင်းပို့စနစ်ကို ပိုမိုအားကောင်းလာအောင် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ချမ်းအေးသာစံမြို့နယ် KTV တွင်ရောက်ရှိနေသူများအား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၂ ရက် ည ၉ နာရီ မိနစ် ၄၀ က ရဲအုပ်ခွန်အောင်ကိုကိုနှင့်အဖွဲ့၊ ဒုရဲအုပ် ကျော်ထက်နှင့်အဖွဲ့တို့သည် မူးယစ်သတင်းအရ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၆၀×၆၂ လမ်းကြား Holly Wood KTV သို့ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း၌ ဇော်နိုင်ထွေး (ခ)ဖက်တီး၊ တောင်မြို့ရပ်ကွက် သီပေါမြို့နယ် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တစ်ရပ်တည်းနေ သီဟမောင်၊ စိုင်းသူရနိုင်(ခ)ကိုစိုင်း ညောင်ပင်ရပ် ဇန်းမော်မြို့နေသူတို့ သုံးဦးအားတွေ့ရှိပြီး ဇော်နိုင်ထွေး (ခ) ဖက်တီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၂၅ ထုပ် စုစုပေါင်း ဆေးပြား ၅၀၀၀၊ အလေးချိန် ၅၀၀ ဂရမ် (ဒေသပေါက်ဈေး တစ်ပြားလျှင် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၅၀၀၀၀၀၀ )နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေကျပ် ၆၃၀၀၀ တို့အား တွေ့ရှိသိမ်းဆည် ရမိခဲ့သည်။

ဇော်နိုင်ထွေး(ခ) ဖက်တီးပါ သုံးဦးအား အမှတ်-၃ နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိုင်းယုမှ ဓာတ်ကြိုးကိုင်မိရာမှ ဓာတ်လိုက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

# ဓာတ်ကြိုးကိုင်မိရာမှ ဓာတ်လိုက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မိုင်းယု အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် မီးသတ်နယ်မြေစခန်းသစ် အဆောက်အအုံအပေါ်ထပ် အမိုးကျောက်ထုပ်လောင်းရန်အတွက် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က အဆောက်အအုံ ခေါင်မိုးပြင်ဆင်နေစဉ် အနီးမှ ဖြတ်သန်းသွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးကိုကိုင်မိရာမှ ဓာတ်လိုက်၍ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယုမီးသတ်နယ်မြေ အဆောက်အအုံသစ်အား စိုင်းရှဲန်ရွက်ကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍ အလုပ်သမား ၁၈ ဦး ပါဝင်ဆောက်လုပ်လျက်ရှိရာ ၎င်းအဖွဲ့ထဲမှ မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်နေထိုင်သူ မောင်အိုက်ဒေါင်း(၁၇နှစ်)နှင့် ရှော၀တီတိုင်းဒေသကြီး ဟသ်ၤာတမြို့နေထိုင်သူ မောင်ကျော်နန္ဒ(၁၇နှစ်)တို့သည် ယင်းအဆောက်အအုံအပေါ်ထပ်တွင် အမိုးကျောက်ထုပ်လောင်းရန်အတွက် ပြင်ဆင်နေစဉ် မောင်အိုက်ဒေါင်းမှာ အနီးမှသွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးအားကိုင်မိပြီး ဓာတ်လိုက်နေစဉ် ၎င်း၏အနီးတွင် အတူလုပ်ကိုင်နေသော မောင်နန္ဒအား ထိမိ၍ နှစ်ဦးစလုံးဓာတ်လိုက်ခဲ့ရသည်။

အဆိုပါ ဓာတ်လိုက်မှုကြောင့် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ မောင်အိုက်ဒေါင်းမှာ ဒဏ်ရာပြင်းထန်စွာရရှိ၍ သေဆုံးခဲ့ပြီး မောင်ကျော်နန္ဒမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိသဖြင့်ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကိုကိုနိုင်(မြန်/ဆက်)**

# သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကုန်စည်များဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၆၁ စီး၊ သွင်းကုန် အစီး ၅၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၅၇ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ဝဝ၉ သန်းခန့်၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၇၆ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၈၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်တစ်စီးနှင့် ၆ ဘီးယာဉ်နှစ်စီးတို့အား မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Cotton Fabric (Plain) 600 kg နှင့် Cotton Fabric (Printed) 570 kg စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၆၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ** ☎ ၀၉-၅၆၀၀၁၂၃

၂၁-၁၀-၂၀၁၇ ဇော်မင်းထွေး ၀၉-၂၅၀၀၄၀၃၅၃
- အလွန်ကျေးဇူးတင်မိပါသည်။ အရှင်ပညာသီရိ (မတ္တရာ ၀၉-၇၉၀၃၃၄၇၃၂)
- ဒုတိယအကြိမ်သွားချင်ပါသေးသည်။ မင်းသော်ထက် (လှိုင်သာယာ ၀၉-၄၃၀၉၂၃၅၁)
- ကျော်သည်နှင့်ညီပါပေသည်။ ဦးသောင်းငွေ (တ/ဥက္ကလာ ၀၉-၄၅၃၃၇၆၅၇၅)
- "ခရီးစဉ်လေး ဖြောင့်ဖြူးဖို့ ခင်နန္ဒာနှင့်သွားကြစို့" ကိုဇော်ဇော်အောင် (ထန်းတပင် ၀၉-၄၃၀၉၄၄၉၈)
- မေ့၍မရပါ။ ဦးသိန်းထွန်း (မ/ဥက္ကလာ ၀၉-၅၁၃၅၉၈၉)
- အားလုံးအဆင်ပြေပါတယ်။ ဒေါ်ဖြူဖြူခင် (မင်္ဂလာဒုံ ၀၉-၅၃၈၉၆၅၇)
- နောက်တခေါက်လာချင်ပါသေးတယ်။ ဒေါ်ခင်မျိုးလွင် (မုံရွာ ၀၉-၇၈၄၉၃၂၉၄၇)
- ထပ်မံဖူးမျှော်ချင်ပါသေးတယ်။ ဒေါ်ခင်ဝင်း(မန္တလေး ၀၉-၇၉၇၉၃၇၉၇၇)
- မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဦးငွေစိုး (သိမ်ဖြူ ၀၉-၇၉၁၄၅၁၃၂၁)
- အရမ်းကိုကောင်းပါတယ်။ ဒေါ်နီနီဝင်း (တောင်/ဥက္ကလာ ၀၉-၄၃၀၂၇၀၉၂)

၂၃-၁၀-၂၀၁၇ ဖြိုးလင်းကျော် ၀၉-၂၅၀၀၁၉၉၄၂
- သာသနာတည်တံ့ပြန့်ပွားရေးအတွက် ဝန်ဆောင်မှု အထူး ကောင်းမွန်ပါသည်။ ဦးပညာစာရ (မ/ဥက္ကလာ ၀၉-၄၂၀၀၆၆၀၈၂)
- ဝန်ဆောင်မှု ၁၀၀% ကောင်းမွန်ပါသည်။ ဦးချစ်ဝင်း (ပုသိမ် ၀၉-၅၀၈၂၁၄၃)
- ကျေနပ်တယ်။ ဦးသိန်းထိုက် (အင်းစိန် ၀၉-၇၉၉၈၂၇၆၆၅)
  ဦးသန်းလွင် (အင်းစိန် ၀၉-၇၉၉၇၉၇၀၁၈)
  ဦးမြင့်လွင် (အင်းစိန် ၀၉-၉၇၉၀၀၅၁၁၃)
- ကောင်းပါသည်။ ဦးထွန်းရီ (အင်းစိန် ၀၉-၂၆၁၆၉၂၄၁၂)
- အားလုံးအဆင်ပြေပါသည်။ ဒေါ်မအိပ် (ရွှေတိကောင်း ၀၉-၄၅၆၈၉၆၄၈၄)
- ထပ်ဆုံချင်ပါသေးသည်။ ဒေါ်ညိုညိုဝင်း (လှိုင် ၀၉-၂၅၁၁၃၈၆၅၆)
- အားလုံးကျေးဇူးတင်ပါတယ်။ ဒေါ်ခင်ရွှေ (ကောလင်း ၀၉-၂၅၆၁၁၀၂၀၂)
- အထူးပင်ကျေနပ်မိပါတယ်။ ဒေါ်ခင်ထိုက်(မင်္ဂလာဒုံ ၀၉-၂၆၂၇၇၄၆၈၂)
- အားလုံးကောင်းမွန်ပါသည်။ ဒေါ်စိုးစိုးရှိန် (ကြည့်မြင်တိုင်၀၉-၂၅၀၃၅၅၂၉၆)

**ကျိုက္ကစံရွှေကျင်တိုက်သစ် စာသင်တိုက် (၄၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းနှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သဒ္ဓမ္မပဇ္ဇောတာရုံ၊ ကျိုက္ကစံရွှေကျင်တိုက်သစ်ကြီး၏ (၄၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်နှင့် စာချစာအောင် သံဃာတော် အရှင်မြတ်များအား ဆုဆက်ကပ်ပူဇော်ပွဲကို ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက် ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ဦးထွန်းမြင့်၏သမီး မအိအိဖြိုး ၅/ခဥန(နိုင်)၁၁၁၀၃၆ အား မအိအိခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိအိခိုင်**

**ကားမျိုးစုံငှားသည်။**

ခရီးစဉ်မျိုးစုံနှင့် လချုပ်များအတွက် ကားမျိုးစုံငှားနိုင်ပါသည်။ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

MT&K Tours Ph:01-656573
09-975599880, 09-31065335

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/8740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## မျက်စိဆရာဝန်များ နှစ်ပတ်လည်ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ မျက်စိရောဂါပညာအဖွဲ့မှ ကြီးမှူးကျင်းပသော (၂၉) ကြိမ်မြောက် မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံကို အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံသို့ တက်ရောက်ရန်အတွက် မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၂၇ ရက်မှစ၍ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးနှင့် အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်တို့တွင် နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်နိုင်ကြောင်း ညီလာခံဖြစ်မြောက်ရေးကော်မတီက အသိပေးထားသည်။

**(သတင်းစဉ်)**

### ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းအတွက် ဆိုင်ခန်းစာရင်းပေးသွင်းရန် နှိုးဆော်လွှာ

၁။ ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေစာအုပ်လမ်းတွင် ထွက်ရှိမည့် စာအုပ်ဆိုင်များအနေဖြင့် အောက်တိုဘာလ ၂၇ ရက် သောကြာနေ့ ညနေ ၄ နာရီအချိန်ထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဆိုင်ခန်းနေရာမဲနှိုက်သည့် အစီအစဉ်အား နိုဝင်ဘာ ၁ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ သိမ်ဖြူလမ်း YMCA အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး ဒေါ်ခင်သန်းဦး (ဖုန်း-၀၉-၃၀၀၀၂၃၀၁) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

## ပျဉ်းမနားမြို့မှ ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ သရုပ်ပြသ

**နေပြည်တော် အောက်တိုဘာ ၂၃**



မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် အားကစားသမားကောင်းများ ထွက်ပေါ်လာရန် ပညာရေးနှင့် အားကစားပေါင်းစပ် အစီအစဉ်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်များ အားကစားနည်းများ ကစားနိုင်ရန် အားကစားရုံနှင့် အားကစားကွင်းများကို အစိုးရကျောင်းများအပြင် ပုဂ္ဂလိကကျောင်းများ၌ပါ အကောင်အထည်ဖော်လျက်ရှိပြီး ဘောလုံးအားကစားနည်းကို ပိုမိုစိတ်ဝင်စားလာစေရန် ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ရှိ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ ပါဝင်သရုပ်ပြသခဲ့သည်။ နာမည်ကြီးလက်ရွေးစင် ဘောလုံးသမားဟောင်းများဖြစ်သည့် မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်းနှင့် ထွန်းထွန်းဝင်းတို့အပါအဝင် လက်ရှိမြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူတို့က လူငယ်ကစားသမားများနှင့်အတူ ပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး အဆိုပါကွင်းကို ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းက အကုန်အကျခံကာ ကျန်စစ်သား မြန်မာမြက်ခင်းတုရောင်းဝယ်ရေးက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖူဆယ်ဘောလုံးကွင်း ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက အားကစားနည်းပညာနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က ဖူဆယ်ဘောလုံးကွင်း တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် တာဝန်ရှိသူများ၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဦးကောင်းထက်အောင်နှင့် ဒေါ်ခင်လှိုင်ဦး၊ စိုး လျှပ်စစ်ဖောင်ဒေးရှင်းမှ ဦးကြိုင်ထွန်းတို့က ဖူဆယ် ဘောလုံးကွင်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် လက်ရွေးစင်ဟောင်းများဖြစ်သည့် မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်း၊ ထွန်းထွန်းဝင်း၊ လက်ရှိ မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူတို့က ကျောင်းသားများနှင့်တွဲဖက်၍ ဘောလုံးကစားခဲ့ပြီး ဘောလုံးအားကစားနည်းအား စိတ်ပါဝင်စားလာစေရန် လှုံ့ဆော်ခဲ့သည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများသည် ကျောင်းသားလူငယ်များအား ဘောလုံးနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်းခဲ့ပြီး မြန်မာအသင်း ဂျာစီများ အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

### ရခိုင်ပြည်နယ်အတွက် " ၆၅,၁၆၀ သိန်း" လှူဒါန်းခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အား အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ( BFM ) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းမှ ရခိုင်ပြည်နယ်အတွက်

(က) ၂၆.၈.၂၀၁၇ - ရက်နေ့က ကျဆုံး/ဒဏ်ရာရဝန်ထမ်းများအတွက် ( ၄၇၀) သိန်း

(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်၊မောင်တောမြို့နယ် - နယ်စပ်ခြံစည်းရိုးကာရန်အတွက် ( ၃၁၆၉၀) သိန်း

(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေးအတွက် ( ၃၀၀၀) သိန်း

(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံ သို့ပေးအပ်ခြင်း။ ( ၃၀၀၀၀) သိန်း

စုစုပေါင်း ကျပ်သိန်းပေါင်း ခြောက်သောင်း ငါးထောင်တစ်ရာ့ခြောက်ဆယ် (၆၅,၁၆၀သိန်း) အား ရခိုင်ပြည်နယ်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခဲ့ပါသည့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အဖွဲ့သားများ အားလုံး သက်ရှည် ကျန်းမာပြီး စီးပွားဥစ္စာများ အမြဲမပြတ် တိုးပွားပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး ဆထက်တိုး၍သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးကျေးဇူးတင် ရှိပါကြောင်း ဂုဏ်ပြုအပ်ပါသည်။

(၁) စေတနာရှင်လူငယ်များအဖွဲ့(စစ်တွေမြို့)
(၂)မေတ္တာအာရီယန်ဖောင်ဒေးရှင်း(စစ်တွေမြို့)
(၃) ဟိန္ဒူအမျိုးသားသာရေးနာရေးအသင်း
(၄) သာသနာ့ဗိမ္မာန်အရေးပေါ်ကူညီရေးအသင်း(မောင်တောမြို့)

## ရပ်ရှင်အစည်းအရုံးမိသားစု မဟာဘုံကထိန်ဖိတ်ကြားလွှာ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပသည့် (၁၅)ကြိမ်မြောက်စုပေါင်း မဟာဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ၁-၁၁-၂၀၁၇ရက်တွင် နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကျောင်းတွင် ကျင်းပမည်ဖြစ်သည့်အတွက် ရုပ်ရှင်နှင့်ဗီဒီယိုလောက သားများတက်ရောက်၍ ရေစက်သွန်းချ သာဓုအနုမောဒနာ ပြုကြပါရန်နှင့် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ၂၉-၁၀-၂၀၁၇ရက်အရောက် ပေးပို့လှူဒါန်းပါရန် လေးစားစွာ ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**


### ရောင်းမည် ညှိနှိုင်းဈေး
သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက် ဇေယျာဝဏ်ကျောကပ်လမ်း၊ ပေ(၁၈×၅၄)တိုက်သစ်၊ ၄လွှာ
**ဖုန်း-၀၉-၂၀၂၁၆၃၅၊ ၀၉-၉၇၄၀၀၂၅၀၂**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈C/၈၃၀၅ Win Mannstar L/T Pickup (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငွေ ၈/ရစက(နိုင်)၀၀၆၅၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### ပြင်ဆင်ဖတ်ရှုပါရန်
၂၂-၉-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇)တွင် ထုချေစေရန် အကြောင်းကြားစာ၊ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်း-၂၂၊မူဆယ်ခရိုင်တရားရုံးတော်၌ ၂၀၁၃ခုနှစ် တရားမကြီး အမှုအမှတ်(၁၁)၊ ၂၀၁၇ခုနှစ် တရားမဇာ ရီမှုအမှတ်(၇)ကြော်ငြာတွင် မူဆယ်ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး(ဟုတ်ရီ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပျောက်ဆုံးကြောင်း
ကျွန်မ မဆုမွန်စံ ၈/မကန(နိုင်)၁၆၃၄၁၁၏နိုင်ငံကူးလက်မှတ်(မမှတ်မိ) နှင့် မှတ်ပုံတင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မဆုမွန်စံ**
**ဖုန်း-၀၉-၄၃၁၁၁၅၁၄**

### ဖခင်အမည်မှန်
ပခုက္ကူမြို့ အထက(၅) နဝမတန်း(A)မှ မမို့မို့နိုင်နှင့် သတ္တမတန်း(D)မှ မယဉ်ယဉ်အေးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဝင်း ၉/ညဥန(နိုင်)၁၃၇၀၅၂ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးရွှေထွန်းအောင် - ဒေါ်မသိန်းတို့၏ သမီး မနီနီ ၁၁/ကတန(နိုင်)၀၀၁၁၄၅နှင့် မတင်တင်သိန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မနီနီ(ခ)မတင်တင်သိန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘူးသီးတောင်မြို့၊ (၄)ရပ်ကွက်နေ ဦးမောင်ထွန်းဦး၏သား ဦးမောင်မောင်ချေ ၁၁/ဘသတ(နိုင်)၀၁၁၃၄၈ နှင့် ဦးမောင်မောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးမောင်မောင်ချေ(ခ)ဦးမောင်မောင်**

### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ ယင်းမာပင်ကျေးရွာနေ မောင်မင်းမင်းအောင်(Botany)၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင် EA -121214ဖြစ်ပါကြောင်း။
**ဦးဇော်အောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(တောင်ကလေး) နဝမတန်းမှ မောင်ချစ်ဆူး၏ဖခင် ဦးမောင်ပိုး(ခ)မောင်ပိုး ၁၀/ကမရ(နိုင်)၁၆၀၃၉၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 8D/8789 UCM Popular Light Truck P/U (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူခိုင် ၁၄/ညတန(နိုင်)၁၂၇၂၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါသည်
ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ် ၁၅/B ရှိ ဒေါ်သန်းစိန် ဝယ်ယူအကျိုးခံစားလျက်ရှိသော ဦးပိုင်အမှတ်(၂၄/၂၆/၂၇)မှ မြေဧရိယာ ၀ ဒသမ ၂၉၈ ဧကနှင့် ဦးပိုင်အမှတ်(၆ᵏ/၆ᵏʰ)မှ မြေဧရိယာ ၀ ဒသမ ၃၈၆ ဧကရှိ မြေတို့အား ယခင် ဦးသန်းအမည်ပေါက် ထွက်ရှိထားရာမှ ဒေါ်သန်းစိန်အမည်သို့ ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ယနေ့မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်သန်းစိန်**

### ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်
ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ တပင်ရွှေထီးလမ်း(အရှေ့)၊ အမှတ်(၁၃၅)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ သုံးထပ်ခွဲ အဆောက်အအုံ(A)ဟု ခေါ်တွင်သော ခေါင်းရင်းဘက်အခြမ်း၊ မှန်ခန်းအား ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်း ဥပစာအရောင်းအဝယ်အား တစ်စုံတစ်ရာ ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ သက်ဆိုင်ရာအထောက်အထား(မူရင်း)တို့နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ထားသော ကြော်ငြာရက်ကုန်ဆုံး၍ ကန့်ကွက်ပြောဆိုသူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးကျော်စိုးဝင်း ၁၀/ဘလန(နိုင်)၀၉၇၃၄၇**
**အမှတ်(၉၀)B၊ (၁၉)လမ်း၊ လသာမြို့နယ်**
**ဖုန်း-၀၉-၄၀၁၆၀၀၃၉၂**

### အများသိစေရန်ကြေညာခြင်း
မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကဘင်ကျေးရွာတွင် နေထိုင်သူများ ဖြစ်သည့် ဒေါ်စန်းသွယ် ၆/မအရ(နိုင်)၀၆၂၀၃၈၊ ဒေါ်ရှင်ဝေ ၆/မအရ(နိုင်)၀၆၂၇၁၅နှင့် ဒေါ်ခင်ဆောင်းသီ ၆/မအရ(နိုင်)၁၀၇၅၆၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် ၁၇၃(က)၊ ကဘင်ကွင်း၊ ဦးပိုင်အမှတ်-၃၉/၁၊ ဧရိယာ(၃ဒသမ၆၀)ဧကရှိ မြေကွက်နှင့် ဦးပိုင်အမှတ်-၃၉/၂၊ ဧရိယာ(၃ဒသမ၂၈)ဧကရှိ မြေကွက်များကို ကျွန်ုပ်အမှုသည်များ၏ ဖခင်ဖြစ်သူ ဦးစိုးမောင်မှ ဦးလှဝင်းနှင့် ဒေါ်ရင်ကြည်တို့ထံတွင် ၂၁-၅-၁၉၉၈ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိရယူခဲ့သော မြေကွက်များ ဖြစ်ပါသည်။

ယခုကျွန်ုပ်အမှုသည်များ၏ မိဘများဖြစ်သူ ဦးစိုးမောင်နှင့် ဒေါ်သန်းဆွေတို့မှာ ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ကျွန်ုပ်၏အမှုသည်များမှာ အဆိုပါမြေကွက်များကို မြန်မာ့လေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကာ လက်ရှိဖြစ်နေသော မြေကွက်များသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်များ၏ သဘောတူညီချက်မရှိဘဲ အဆိုပါမြေကွက်များကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မှိုင်းမှိုင်း**
**တရားလွှတ်တော်ရှေ့နေ(၁၁၆၅၈)**
**အမှတ်(၆)၊ ချမ်းသာလမ်း၊**
**ဓေယျာသီရိ(၁)ရပ်၊ မြိတ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၃၅၉-ခ ဟု ခေါ်တွင်သော အကျယ်အဝန်း(ပေ ၂၀×ပေ ၆၀)ရှိ ဦးစံရ ISN - ၄၆၂၇၄၈ အမည်ပေါက် မြေချပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်တိုး ၁၂/သဃက(နိုင်)၀၉၅၈၀၆ ထံမှ ကျွန်မ ဒေါ်စန်းတင့်က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကျွန်မထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး လက်ရောက်ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်စန်းတင့် ၁၂/သဃက(နိုင်)၁၁၉၇၈၄**
**ဖုန်း-၀၉-၄၃၀၄၄၄၉၉၊ ၀၉-၃၁၂၄၉၂၇၈**

### ကန့်ကွက်နိုင်ပါကြောင်း
ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် ၁/ပဒေသာရပ်၊ ဦးပိုင်အမှတ် ၄၄၊ မြေယာအမှတ် ၄၄၊ ဧရိယာ သုည ဒသမ ၁၁၀ဧကရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်စုစုလှိုင်မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်စုစုလှိုင် ၁၂/မဂဒ(နိုင်)၀၀၇၄၃၇**
**အမှတ် (က၂၄/၂၅)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

# ရွေးကောက်ပွဲအနိုင်ရပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အာဘေးဆန္ဒရှိ




**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ရွေးကောက်ပွဲအပြတ်အသတ်အနိုင်ရရှိမှုက သူ့ကို စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးပေးလိုက်သကဲ့သို့ဖြစ်ကာ ကာလရှည်ကြာရည်မှန်းချက်ကို ရှေ့ဆက်အကောင်အထည်ဖော်ရန်အတွက် အားသစ်သွန်းလောင်းလိုက်ခြင်းပင်ဖြစ်သော်လည်း သဘောထားအနည်းငယ်ကွဲလွဲနေသော ပြည်သူများကိုစည်းရုံးရန် လိုအပ်ဦးမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၃ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်ပင်္ဂညာဥ်မူကြမ်းကို ပြင်ဆင်ရန် စိတ်အားထက်သန်နေသည့် ပါတီများက တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သော အောက်လွှတ်တော်ရွေးကောက်ပွဲတွင် ၈၀ ရာခိုင်နှုန်းနီးပါးအနိုင်ရခဲ့ကြောင်း သိရသည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာလေးနေရာအတွက် အမည်စာရင်းတင်သွင်းရန်ကျန်ရှိနေသေးသည့် နောက်ဆုံးရစာရင်းဇယားများကို နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ကိုမီတိုပါတီတို့သည် အောက်လွှတ်တော် အမတ်နေရာအများစုကို ရရှိထားပြီး ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးအကြိမ်ပြုပြင်ရန်အတွက် အခွင့်အလမ်းရရှိနိုင်ချေ ပိုများကြောင်း သိရသည်။

အောက်လွှတ်တော်အမတ်နေရာ ၄၆၅ နေရာရှိသည့်အနက် ၄၆၁ နေရာကို ဆုံးဖြတ်ပြီးဖြစ်ရာ လက်ရှိ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးဦးဆောင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အမတ် ၂၈၃ နေရာ ရရှိကြောင်း သိရသည်။ သို့သော်လည်း အဆိုပါအရေအတွက်သည် ပါတီတစ်ပါတီအတွက် အများဆုံးရရှိနိုင်ချေ ၂၃၃ နေရာထက်ပိုကြောင်း သိရသည်။ ကိုမီတိုပါတီက ၂၉ နေရာရရှိသည်။ လက်ရှိအာဏာရပါတီနှင့် ကိုမီတိုပါတီနှစ်ပါတီပေါင်းသည် အောက်လွှတ်တော်တွင် စုစုပေါင်း ၃၁၂ နေရာရရှိခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်တွင် အများဆုံး သုံးပုံပုံ နှစ်ပုံရရှိထားသော်လည်း ပါတီများအတွင်း သဘောတူညီမှုရရှိရန် ဆက်လက်ကြိုးစားရမည်ဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြုပြင်ချင်သော အတိုက်အခံပါတီများကြားတွင်လည်း သဘောတူညီမှုရအောင် ဆက်လက်ကြိုးစားရမည်ဟု အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အာဘေးက ပြောခဲ့သည်။

ထို့အပြင် ပြည်သူများ၏ နားလည်မှုကိုရရှိအောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူ ထောက်ခံမှု အများအပြားရရှိမည်ဖြစ်ကြောင်းလည်း အာဘေးက ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ၊ အင်န်အိတ်ချ်ကေ)**

## ဆော်ဒီ၊ အီရတ် ပိုမိုချစ်ကြည်ရေးထူထောင်ရန် အမေရိကန်ကူညီ

**ရီယာ့ဒ် အောက်တိုဘာ ၂၃**

အီရန်က ဘဂ္ဂဒက်အစိုးရအပေါ် လွှမ်းမိုးမှုပြုလာသည်ကို ဆန့်ကျင်ရန် အမေရိကန်ပြည်ထောင်စုသည် ဆော်ဒီအာရေဗျနှင့် အီရတ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်အောင်ကြိုးစားလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်သည် ဆော်ဒီမြို့တော် ရီယာ့ဒ်တွင် ဆော်ဒီဘုရင် ဆော်မန်ဘင်အဗ္ဗဒူလာဇစ်နှင့် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီတို့နှင့် ညှိညှိနှိုင်းနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘုရင် ဆော်မန်က မိမိနိုင်ငံသည် အီရတ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်ရေးတွင် အကူအညီများပေးလျက်ရှိကြောင်း ပြောခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

နှစ်ဖက်အဖွဲ့များသည် အိုင်အက်စ်စစ်ပွဲများကြောင့် ပျက်စီးခဲ့သော အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ဆွန်နီမွတ်စလင်အများစုဦးဆောင်သော နိုင်ငံဖြစ်သလို အီရတ်နှင့် အီရန်နိုင်ငံတို့သည်လည်း ရှီယားမွတ်စလင်ဦးဆောင်သော နိုင်ငံများဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အီရတ်တွင် အီရန်တို့လွှမ်းမိုးသွားမည်ကို စိုးရိမ်လျက်ရှိသည်။ ဆွေးနွေးပွဲအဆုံးတွင် တေလာဆန်က အိုင်အက်စ်စစ်သွေးကြွတိုက်ခိုက်မှုများသည် ခရီးဆုံးပန်းတိုင်ရောက်ရှိလာပြီဖြစ်သည့်အတွက် အီရတ်ရှိ အီရန်ပြည်သူ့စစ်များသည် အိမ်ပြန်ဖို့ အချိန်ကျပြီဖြစ်ကြောင်း ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## ဂျပန်နိုင်ငံအလယ်ပိုင်းသို့ အပူပိုင်းမုန်တိုင်း လန် ဝင်ရောက်တိုက်ခတ်ရာ လူနှစ်ဦးသေဆုံး




**တိုကျို အောက်တိုဘာ ၂၃**

အင်အားပြင်းအပူပိုင်းမုန်တိုင်း လန်သည် ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းအလယ်ပိုင်းဒေသကိုတိုက်ခတ်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ပို့ဆောင်ရေးစနစ်များနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးသွားခဲ့ကြောင်း၊ ထို့နောက် မုန်တိုင်းမှာ အရှေ့ဘက်ရေပိုင်နက်သို့ ရွေ့လျားသွားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက မုန်တိုင်းသည် တိုင်ဖုန်းမုန်တိုင်းအဆင့်မှ အားပျော့သွားပြီး တစ်နာရီလျှင် ၈၀ ကီလိုမီတာနှုန်းဖြင့် အောက်တိုဘာ ၂၃ ရက်နေ့လယ်ပိုင်းတွင် ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားသွားကြောင်း ကြေညာခဲ့သည်။

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်သလို လေပြင်းများလည်း တိုက်ခတ်နိုင်ကြောင်း၊ အဆိုပါဒေသတွင် မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး လျှပ်တစ်ပြက် မြစ်ရေများမြင့်တက်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်းနှင့် မြေပြိုခြင်းအန္တရာယ်များကို သတိထားရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် မုန်တိုင်းဆက်စပ်မတော်တဆဖြစ်ရပ်များကြောင့် လူလေးဦးသေဆုံးကာ တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ မုန်တိုင်းဒဏ်ကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၁၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ပြည်တွင်းလေကြောင်းလိုင်း ၃၇၀ ကိုလည်း အောက်တိုဘာ ၂၃ ရက်အတွက် ခရီးစဉ်များဖျက်သိမ်းခဲ့ကြောင်း သိရ သည်။ **(အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ)**



## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရဝီမြို့ရှိ အကြမ်းဖက်စစ်ဆင်ရေးများအားလုံး အဆုံးသတ်သွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးပြော

**မနီလာ အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရဝီမြို့၌ ပြုလုပ်လျက်ရှိသော အကြမ်းဖက်စစ်ဆင်ရေးများအားလုံး အဆုံးသတ်သွားပြီး အကြမ်းဖက်သမားများအားလုံးကို ရှင်းလင်းလိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်ဖင်လော်ရန်ဇနာက အောက်တိုဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

စစ်သွေးကြွတို့သိမ်းပိုက်ထားသော နောက်ဆုံးအဆောက်အအုံနှင့် ယင်း၏အနီးဝန်းကျင်ဒေသများကို ဖိလစ်ပိုင်တပ်ဖွဲ့များက ရှင်းလင်းလိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက ပြောခဲ့သည်။ ဖိလစ်ပိုင်တပ်ဖွဲ့၏ နောက်ဆုံးထိုးစစ်ဆင်နွှဲမှုတွင် အကြမ်းဖက်သမားတို့၏ အလောင်း ၄၂ လောင်းကို ရရှိခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါမာရဝီမြို့ကို အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ဆက်သွယ်လျက်ရှိသောအကြမ်းဖက်သမားများလက်မှ အပြည့်အဝ ပြန်လည်သိမ်းယူနိုင်ခဲ့ပြီဖြစ်ကြောင်း လော်ရန်ဇနာက ပြောခဲ့သည်။

အစိုးရကထောက်ပံ့ထားသော ဖိလစ်ပိုင်တပ်ဖွဲ့များနှင့် ဖိလစ်ပိုင်လူမျိုးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုသို့အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များကို ပြောခဲ့သည်။ အဆိုပါကိစ္စကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးက အောက်တိုဘာ ၂၃ ရက်တွင် ပြုလုပ်ခဲ့သော အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်အကြမ်းဖက်မှုများသည် အဆိုပါအစည်းအဝေးတွင် အဓိကထားဆွေးနွေးခဲ့သည့် အကြောင်းများ ဖြစ်သည်။ **(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရတ်နိုင်ငံ၌ ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွား

**ကိုင်ရို အောက်တိုဘာ ၂၃**
အီဂျစ်နိုင်ငံ ဂီဇာပြည်နယ် သဲကန္တာရ၌ ရဲတပ်ဖွဲ့ဝင်နှင့် အကြမ်းဖက်အဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံးခဲ့ပြီး အခြားသူများ ပျောက်ဆုံးနေသေးကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးက မကြာသေးမီတွင် ကြေညာခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် အကြမ်းဖက်သမား ၁၅ ဦးသေဆုံးသို့မဟုတ် ဒဏ်ရာရခဲ့ကြောင်း၊ ထို့အတူ ရဲတပ်ဖွဲ့ဝင်အရာထမ်း၊ အမှုထမ်း ၁၃ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။

အကြမ်းဖက်သမားများအား သွားရောက်မနှိမ်နင်းခင် ၎င်းအကြမ်းဖက်သမားများ ဂီဇာသဲကန္တာရတွင် ပုန်းအောင်းနေကြောင်း ရဲတပ်ဖွဲ့က သတင်းရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များချဉ်းကပ်လာစဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဘက်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရာရှိ ၁၂ ဦးနှင့် အခြားအဆင့် လေးဦးကျဆုံးခဲ့ပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့ကာ တစ်ဦးပျောက်ဆုံးနေကြောင်း အဆိုပါသတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။ လွတ်မြောက်သွားသော အကြမ်းဖက်သမားရှိ၊ မရှိ စုံစမ်းရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

### ဂျာမနီနိုင်ငံ၌ ဓားကိုင်တိုက်ခိုက်မှုကြောင့် ငါးဦးထက်မနည်း ဒဏ်ရာရ

**မြူးနစ် အောက်တိုဘာ ၂၃**
ဂျာမနီနိုင်ငံ မြူးနစ်အလယ်ပိုင်းတွင် ဖြစ်ပွားသော ဓားကိုင်တိုက်ခိုက်မှုကြောင့် လူငါးဦးထက်မနည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း၊ ဓားကိုင်တိုက်ခိုက်မှုပြုလုပ်သူကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ပြည်တွင်းသတင်းများ၌ ဖော်ပြသည်။

ဖမ်းဆီးရမိသူသည် ပြစ်မှုကျူးလွန်သူ ဟုတ် မဟုတ် စိစစ်မှုများလုပ်ဆောင်နေကြောင်း မြူးနစ်ရှိ ရဲတပ်ဖွဲ့က ပြောခဲ့သည်။

မီးခိုးရောင်ဘောင်းဘီနှင့် အစိမ်းရောင်ဂျာကင်ကို ဝတ်ဆင်ထားသော ပြစ်မှုကျူးလွန်သူသည် လူများကို ရွေးချယ်တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်ခံရသူများမှာ ကံကောင်းစွာဖြင့် ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြခဲ့သည်။ အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး လှုပ်ရှားမှုတစ်စုံတစ်ရာကို ရဲတပ်ဖွဲ့က ရုတ်တရက်ထုတ်ဖော်ပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဥရောပရဲ့စုစည်းညီညွတ်မှုကို စိန်ခေါ်လာတဲ့ချက်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲ

ခြူးစန္ဒီနွေး



ယခုသီတင်းပတ်ရွေးကောက်ပွဲမှာ ချက်ဘီလျံနာသူဌေးကြီးတစ်ဦးဖြစ်တဲ့ အန်ဒရီဘာဘစ်ဟာ ထိပ်ဆုံးကနေ ဦးဆောင်နေပါတယ်။ သူဟာ ချက်သမ္မတနိုင်ငံရဲ့ ဒုတိယအချမ်းသာဆုံး သူဌေးကြီးတစ်ဦးလည်း ဖြစ်ပါတယ်။ အသက် ၆၃ နှစ်အရွယ်ရှိတဲ့ အန်ဒရီဘာဘစ်ဟာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးတဲ့နောက် စိုက်ပျိုး၊ မွေးမြူရေးနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ မီဒီယာအင်ပါယာကြီးကို ထူထောင်ထားသူလည်း ဖြစ်တယ်။ သူဟာ လူကြိုက်များတဲ့ သတင်းစာကြီး နှစ်စောင်ကို ပိုင်ဆိုင်ထားပြီး အဲဒီသတင်းစာတွေက သူ့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ချီးကျူးရေးသားလေ့ရှိပါတယ်။ သူ့ရဲ့ အတိုက်အခံတွေကိုတော့ ရှုတ်ချရေးသားလေ့ရှိပါတယ်။ ဒ့ါအပြင် သူဌေးကြီးဘာဘစ်ဟာ ရေဒီယို အသံလွှင့်ရုံတစ်ရုံနဲ့ ရုပ်သံလိုင်း တစ်လိုင်းကိုလည်း ထိန်းချုပ်ထားနိုင်တယ်လို့ ဆိုပါတယ်။

အခုအချိန်မှာတော့ သူဟာ ချက်သမ္မတနိုင်ငံရဲ့ဝန်ကြီးချုပ်နေရာကိုရဖို့ ရှေ့တန်းကနေပြေးနေပါတယ်။ နိုင်ငံရေးသုတေသီတစ်ဦးဖြစ်တဲ့ ဂျီရီပီဟီကတော့ သူဟာ အမေရိကန်သမ္မတထရန့်နဲ့ ဆင်တူတာတွေ အများကြီးရှိတယ်လို့ ဆိုပါတယ်။ အခုတစ်နှစ်အတွင်းမှာတော့ ဥရောပဟာ ကြမ္မာငင်တဲ့ မဲပေးမှုတွေနဲ့အတူ ဒယိမ်းဒယိုင်ဖြစ်နေပါတယ်။ နယ်သာလန်၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနဲ့ စပိန်တို့မှာ မဲပေးမှုကနေ မယုံကြည်နိုင်လောက်တဲ့ရလဒ်တွေ ရနေပါတယ်။ အနောက်ဥရောပမှာဆိုရင် အမျိုးသားရေးဝါဒီတွေနဲ့ လူထုကို ဆွဲဆောင်နိုင်တဲ့ပါတီတွေက လတ်တလောရွေးကောက်ပွဲမှာ အနိုင်ရရှိတာကို တွေ့ရပါတယ်။ အရှေ့ဥရောပမှာတော့ ဥရောပသမဂ္ဂရဲ့ ဒုက္ခသည်ခွဲဝေရေးအစီအစဉ်ကို လက်မခံတဲ့ ပါတီတွေက ရှေ့တန်းရောက်နေပါတယ်။ ဒုက္ခသည်ခွဲဝေရေးကို လက်မခံတဲ့ တိုင်းပြည်တွေထဲမှာ ပိုလန်နဲ့ ဟန်ဂေရီက ထိပ်ဆုံးကဖြစ်ပြီး အခုအခါမှာတော့ ချက်သမ္မတနိုင်ငံဟာလည်း သူတို့နဲ့ တစ်ဂိုဏ်းတည်းဖြစ်သွားနိုင်ပါတယ်။

ဘာလို့လဲဆိုရင် အန်ဒရီဘာဘစ်ဟာလည်း ဒုက္ခသည်ခွဲဝေရေးအစီအစဉ်ကို လက်မခံတဲ့သူတစ်ယောက်ဖြစ်နေလို့ပါပဲ။ သူဟာ သူ့တိုင်းပြည်အတွင်းကို ဒုက္ခသည်တွေဝင်ရောက်လာမှာကို မကြိုက်ပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့သောကြာနေ့နဲ့ စနေနေ့မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အခွန်ဖြတ်တောက်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖို့နဲ့ ဒုက္ခသည်ခွဲဝေရေးအစီအစဉ်ကို လက်မခံဘူးဆိုတဲ့ ဘီလျံနာသူဌေးကြီး ဘာဘစ်ရဲ့ ANO ပါတီဟာ အခြားပါတီတွေထက် စာရင် မဲနှစ်ဆရနေတာပါပဲ။ အဓိကပါတီကြီးနှစ်ခုဖြစ်တဲ့ ဗဟိုလက်ယာယိမ်းပါတီနဲ့ ဗဟိုလက်ဝဲယိမ်းပါတီတို့ကို ပထမဦးဆုံးလွှမ်းမိုးလာနိုင်တဲ့ နိုင်ငံရေးပါတီလည်း ဖြစ်လာပါတယ်။ ဒါဟာ ဥရောပမှာ နိုင်ငံရေးအရပြောင်းလဲမှုတွေရှိနေပြီဆိုတာကို မီးမောင်းထိုးပြနေတာပါပဲ။ ဒုက္ခသည်ခွဲတမ်းကို လက်ခံရမယ်ဆိုတဲ့ပြဿနာကြောင့် အတိုက်အခံအုပ်စုတွေကို လူထုထောက်ခံမှု ပိုရစေပါတယ်။

ဝန်ကြီးချုပ် Bohuslav Sobotka ဦးဆောင်တဲ့ လက်ရှိအာဏာရပါတီဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီဟာ ၇ ဒသမ ၂ ရာခိုင်နှုန်းမဲရခဲ့ပြီး ဒါဟာ သူ့ရဲ့သမိုင်းတစ်လျှောက်မှာ အဆိုးရွားဆုံးရလဒ်ပါပဲ။ ၁၉၉၃ ခုနှစ် ဆလိုဗက်ကီးယားကနေ ခွဲထွက်ပြီးတဲ့နောက် အဆိုးရွားဆုံးရလဒ်လည်း ဖြစ်တယ်။ လွန်ခဲ့တဲ့လေးနှစ်အတွင်းမှာ ချက်နိုင်ငံရဲ့စီးပွားရေးဟာ လျင်လျင်မြန်မြန်ပဲတိုးတက်ခဲ့ပြီး ဘတ်ဂျက်ကလည်း ညီမျှမှုရှိပါတယ်။ အလုပ်လက်မဲ့ပမာဏဟာလည်း အနိမ့်ဆုံးအနေအထားပါပဲ။ ဒီတော့ မဲဆန္ဒရှင်တွေရဲ့ ဆန္ဒဟာ တခြားတစ်ဖက်ကို ပြောင်းသွားပါတယ်။ အခုအချိန်မှာ မဲဆန္ဒရှင်တွေလိုအပ်နေတာကတော့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ အီးယူအဖွဲ့ကြီးရဲ့ဝင်ရောက်စွက်ဖက်မှုလျှော့ချဖို့နဲ့ ဒုက္ခသည်ခွဲတမ်းကို လက်မခံဖို့ ဒါတွေပဲဖြစ်ပါတယ်။ဘီလျံနာသူဌေးကြီးရဲ့ ANO ပါတီဟာ ဒီအချက်တွေပေါ်မှာ ကောင်းကောင်းအခွင့်အရေးယူနိုင်ခဲ့ပါတယ်။ မစ္စတာဘာဘစ်ဟာ စီးပွားရေးသမားတစ်ဦးပီပီ ရုရှားအပေါ်စီးပွားရေးအရ ပိတ်ဆို့ထားမှုတွေကို မကြိုက်ပါဘူး။ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ နောက်ထပ်ကုန်သွယ်မှုတွေပြုလုပ်နိုင်ဖို့ ဆန္ဒရှိပါတယ်။ သူ့ကို နောက်ထပ် လူကြိုက်များသွားစေတဲ့အချက်ကတော့ သူဟာ ဒုက္ခသည်ခွဲဝေမှုကို ပြင်းပြင်းထန်ထန်ဆန့်ကျင်တဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူသာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် ဟန်ဂေရီတို့၊ ပိုလန်တို့နဲ့ ပိုပြီး နီးစပ်သွားနိုင်ပါတယ်။

လက်ရှိမှာတော့ မစ္စတာဘာဘစ်ဟာ စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ အစားအသောက်၊ ဓာတုနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ချုပ်ကိုင်ထားတယ်ဆိုပြီး စွပ်စွဲမှုတွေရှိနေပေမယ့် သူ့ရဲ့ လူကြိုက်များမှုကိုတော့ ထိန်းသိမ်းထားနိုင်ဆဲပါပဲ။ ဒ့ါအပြင် သူ့နောက်မှာ မီဒီယာအင်အားလည်းရှိတော့ ဝန်ကြီးချုပ်ဖြစ်လာနိုင်ဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။ နောက်ထပ်စွပ်စွဲမှုတစ်ခုကတော့ သူဟာ စီးပွားရေးအင်ပါယာကို ချဲ့ထွင်တဲ့အခါ အီးယူကနေ ယူရိုနှစ်သန်း တရားမဝင်လက်ခံထားတယ်ဆိုပြီး စွပ်စွဲမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါဟာ သူနိုင်ငံရေးလောကထဲ မဝင်ခင်တုန်းက ကိစ္စတွေပဲဖြစ်ပါတယ်။ မစ္စတာဘာဘစ်က သူ့အနေနဲ့ ဘာအမှားမှလုပ်မထားဘူးလို့ ဆိုပါတယ်။ ဒီစွပ်စွဲမှုတွေအားလုံးကလည်း နိုင်ငံရေးလောကထဲကနေ သူ့ကို ဆွဲထုတ်လိုတဲ့ အတိုက်အခံတွေရဲ့လုပ်ရပ်လို့သာ ပြောပါတယ်။ သူ့ကိုဆန့်ကျင်ဖို့ မဲဆွယ်လှုပ်ရှားမှုတွေပြုလုပ်လေ သူကပိုပြီးထင်ပေါ်လာလေလို့ ANO ပါတီကိုထောက်ခံတဲ့ မဲဆန္ဒရှင်တစ်ဦးက ပြောပါတယ်။ ANO ပါတီဟာဆိုရင် ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ သီတင်းပတ်ပေါင်းများစွာ ဆွေးနွေးမှုတွေ ပြုလုပ်သွားမှာပဲ ဖြစ်တယ်။

တကယ်လို့များ အဓိကပါတီနဲ့ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ မအောင်မြင်ဘူးဆိုရင် ANO ပါတီဟာ ကွန်မြူနစ်တွေ၊ လက်ယာယိမ်းအုပ်စုတွေ၊ SDP ပါတီတို့ကိုနောက်ခံထားပြီး ကက်ဘိနက်ဖွဲ့သွားနိုင်ပါတယ်။ ချက်သမ္မတကတော့ နောက်ထပ် ပါလီမန်အသစ်မခေါ်ခင် စေ့စပ်ညှိနှိုင်းမှုတွေကို တစ်လကြာခွင့်ပြုသွားမယ်လို့ သိရပါတယ်။ မဲရုံတွေအားလုံးရဲ့ ၉၈ ရာခိုင်နှုန်းကို ရေတွက်ပြီးတဲ့ ဘီလျံနာသူဌေးကြီး ဘာဘစ်ရဲ့ ANO ပါတီက ၂၉ ဒသမ ၈ ရာခိုင်နှုန်း၊ SDP ပါတီက ၁၀ ဒသမ ၇၇ ရာခိုင်နှုန်း၊ ပြည်သူ့ဒီမိုကရက်တစ်ပါတီက ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ The Czech Pirate Party က ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ Communist party of Bohemia and Moravia က ၇ ဒသမ ၈ ရာခိုင်နှုန်းနဲ့ လက်ရှိအာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီက ၇ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးရရှိထားပါတယ်။

ဝန်ကြီးချုပ်ဖြစ်ဖို့ သေချာသလောက်ရှိနေတဲ့ သူဌေးကြီးဘာဘစ်ဟာ အီးယူနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထားရှိမယ်ဆိုတာကိုတော့ သေချာမသိရပါဘူး။ သူဟာ အီးယူအဖွဲ့ကြီးနဲ့ပတ်သက်ပြီး ဘာမှ ပြောလေ့ပြောထမရှိပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောဖို့ဖိအားပေးခံရတိုင်း သူက ရှောင်ထွက်သွားလေ့ရှိပါတယ်။

ဘာပဲပြောပြော ချက်သမ္မတနိုင်ငံမှာ ရှေးရိုးအစဉ်အလာပါတီတွေကို စိတ်ပျက်လာကြတာ တွေ့နေရပါတယ်။ နိုင်ငံရေးအတွေ့အကြုံ လုံးဝမရှိတဲ့ အိမ်ခြံမြေအေးဂျင့်တစ်ဦးဖြစ်သော အန်တိုနင်ဂိုးလ်ကတော့ သူဟာ သတင်းတွေမှာတွေ့နေရတဲ့ အကျင့်ပျက်ခြစားမှု၊ စုံစမ်းစစ်ဆေးမှုတွေနဲ့ ပတ်သက်ပြီး စိတ်ပျက်လာကြောင်း၊ ဒါကြောင့်လည်း မစ္စတာဘာဘစ်ရဲ့ပါတီကို ထောက်ခံဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ပြောပြပါတယ်။

ယခင်တုန်းကနဲ့မတူ ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးလောကမဟုတ်ဘဲ စီးပွားရေးသမားတွေဟာ နိုင်ငံရေးမှာ ဝင်ရောက်ခြေဆန့်ပြီး အောင်မြင်မှုတွေ ရလာတာကို တွေ့နေရပါတယ်။ ဒါဟာလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ အမေရိကန်သမ္မတထရန့်နဲ့ ချက်သူဌေးကြီး ဘာဘစ်တို့ဟာ တူညီမှုတွေအများကြီးရှိပါတယ်။ နှစ်ယောက်စလုံးဟာ စီးပွားရေးလောကမှာ အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတွေဖြစ်တာရော၊ ရွှေ့ပြောင်းဒုက္ခသည်တွေနဲ့ပတ်သက်ပြီး သဘောထားတင်းမာတာတွေရော၊ စီးပွားရေးသမားများပီပီ တိုင်းပြည်ရဲ့စီးပွားရေးကို ပိုပြီး အလေးထားတာရော ဒါတွေအားလုံးဟာလည်း တူညီတဲ့ အချက်တွေပါပဲ။ အခုလည်း မစ္စတာဘာဘစ်သာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် ဥရောပရဲ့ စည်းလုံးညီညွတ်မှုကို စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ဒုက္ခသည်ခွဲတမ်းကို မကျေမနပ်ဖြစ်နေကြတဲ့ ပိုလန်နဲ့ ဟန်ဂေရီတို့နဲ့ ပိုပြီးပူးပေါင်းသွားနိုင်ပါတယ်။ အဲဒီကနေတစ်ဆင့် ဥရောပကို ပိုပြီး သွေးကွဲမှုတွေဖြစ်လာစေမလားတော့ ဘယ်သူမှ မခန့်မှန်းနိုင်ပါဘူး။ သေချာတာကတော့ ပြည်သူတွေရဲ့ နိုင်ငံရေးအပေါ်မှာမြင်တဲ့ အမြင်ကတော့ ပြောင်းလဲလာတာ အမှန်ပါပဲ။

**ကိုးကား - သည်ဂါဒီးယန်**

> **ဝန်ကြီးချုပ် Bohuslav Sobotka ဦးဆောင်တဲ့ လက်ရှိအာဏာရပါတီဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီဟာ ၇ ဒသမ ၂ ရာခိုင်နှုန်းမဲရခဲ့ပြီး ဒါဟာ သူ့ရဲ့သမိုင်းတစ်လျှောက်မှာ အဆိုးရွားဆုံးရလဒ်ပါပဲ။ ၁၉၉၃ ခုနှစ် ဆလိုဗက်ကီးယားကနေ ခွဲထွက်ပြီးတဲ့နောက် အဆိုးရွားဆုံးရလဒ်လည်းဖြစ်**

# ကျိုက်ခေါက်စေတီတော်ကြီး၌ မသိုးသင်္ကန်း ကပ်လှူမည်



**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ဂေါပကအဖွဲ့ကကြီးမှူး၍ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယ ပွဲတော် (၁၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်တွင် စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မသိုးသင်္ကန်းရက်ပြိုင်ပွဲမှ ရရှိလာသော မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် စေတီတော် အာရုံခံတန်ဆောင်း လေးသွယ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆက်ကပ်လှူဒါန်းသွားမည် ဖြစ်သည်။ ယခုနှစ် ကျိုက်ခေါက်စေတီတော် တန်ဆောင်တိုင်ပွဲတော်ကြီးတွင် ဆွမ်းတော်ကြီးတင်လှူပွဲ၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ဆီမီးပူဇော်ပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲတို့အပြင် မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် ၃၀၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် တန်ဆောင်မုန်းလပြည့်နေ့ နေ့လယ်ပိုင်းတွင် ကြာကန်ဗိမာန်တော်ကြီး၌ မြို့လုံးကျွတ် ငွေပဒေသာပင်များ လှူဒါန်းပွဲတို့ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် နိုဝင်ဘာ(၂)ရက်မှ(၄)ရက်အထိ ရှုမဝအငြိမ့်ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကာ ပါဝင်လှူဒါန်းလိုကြသည့် ရပ်နီးရပ်ဝေးမှ အလှူရှင်များ အနေဖြင့် ဂေါပကအဖွဲ့ ဖုန်း-၀၉-၇၉၉၄၅၀၀၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဆရာဇန်းမော်တင်အောင် ကွယ်လွန်ခြင်း ၃၉ နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြည်သူ့သတင်းစာဆရာ ပြည်သူ့စာရေးဆရာကြီးဖြစ်သည့် ဆရာဇန်းမော်တင်အောင် ကွယ်လွန်ခြင်း (၃၉)နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ စိတ်တိုင်းကျစားရိပ်မြုံ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း မုံရွာမြို့နေ စာရေးဆရာ ကဗျာဆရာကြီး ဦးအုံ့မောင်ထံမှ သိရသည်။

"ဆရာဇန်းမော်တင်အောင်ဟာ ချစ်စရာအကောင်းဆုံး အချစ်ဝတ္ထုတွေကိုရေးခဲ့တဲ့ စာရေးဆရာကြီးပါ။ သူ့ဝတ္ထုတွေက အချစ်ဝတ္ထုသက်သက်မဟုတ်ပါဘူး။ တိုင်းပြည်ကို ချစ်တဲ့စိတ်၊ အများကိုချစ်တဲ့စိတ်တွေ အများကြီး ဖော်ပြချီးကျူးတဲ့ စာရေးဆရာကြီးပါ။ ဒီတော့ ဇန်းမော်တင်အောင်ဟာ တစ်ဖက်က အချစ်ဝတ္ထုတွေ အများကြီးရေးပြီး တိုင်းပြည်မှာရှိတဲ့ လူငယ်တွေရဲ့ချစ်မြတ်နိုးမှုကို အများဆုံးရခဲ့တဲ့သူ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ သူဟာ တိုင်းပြည်အကျိုး၊ ဆင်းရဲသားလူထုတွေရဲ့အကျိုးတွေကို မမေ့မလျော့ ဖော်ပြလှုံ့ဆော်ခဲ့တဲ့ စာရေးဆရာကြီးဖြစ်ပါတယ်"ဟု ဆရာကြီးဦးအုံ့မောင်က ပြောပြသည်။



ဆရာဇန်းမော်တင်အောင်သည် ပြည်သူ့ဘက်က ရပ်တည်ပြီး နိုင်ငံရေးလှုံ့ဆော်သည့် လင်းယုန်ဆိုသောဂျာနယ်ကို နှစ်ပေါင်းများစွာထုတ်ဝေခဲ့ပြီး ဂျာနယ်ကို သူ့တစ်ဦးတည်းအင်အားဖြင့် ထုတ်ဝေဖြန့်ချိ ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ဂျာနယ်ထုတ်ရန်အတွက် ငွေရေးကြေးရေး မကြာခဏ ပြတ်လပ်ရှားပါးလိုအပ်ခြင်းများ ကြုံတွေ့ရလျှင် ဝတ္ထုရေးပြီးရသည့် ငွေကို ဂျာနယ်ထုတ်သည့် ကုန်ကျငွေအဖြစ် အသုံးပြုကြောင်း ဆရာကြီး ဦးအုံ့မောင်ထံမှ သိရသည်။

"ဇန်းမော်တင်အောင်ရေးတဲ့ဝတ္ထုတွေဟာ စက်နဲ့လှည့်ထုတ်သလား အောက်မေ့ရအောင် မြန်လည်းမြန်၊ များလည်းများပေမယ့် ဝတ္ထုကိုဖတ်ကြည့်ရင် အပေါစားအညံ့စား ဝတ္ထု လုံးဝမပါခဲ့ပါဘူး။ တိုင်းပြည်အကျိုးဆောင်တဲ့နေရာမှာ အင်မတန်ပြတ်သားတဲ့ ဝတ္ထုရေးဆရာဖြစ်ပါတယ်"ဟုလည်း ဆရာကြီးဦးအုံ့မောင်က ဖြည့်စွက်ပြောပြသည်။

ဆရာကြီး ဇန်းမော်တင်အောင်သည် ဝတ္ထုနှင့် လုံးချင်းစာအုပ်ပေါင်း ၇၇ အုပ် ရေးသားခဲ့သူ စာရေးဆရာကြီးဖြစ်သည့်အပြင် နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ အယ်ဒီတာ၊ သမိုင်းပညာရှင်လည်းဖြစ်ကာ ၁၉၇၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဇာတိမှာ ပဲခူးမြို့ဇာတိဖြစ်သော်လည်း ပညာသင်ယူ ကြီးပြင်းခဲ့ရာ ဇန်းမော်မြို့ကိုအစွဲပြု၍ ဇန်းမော်တင်အောင်ဟု ကလောင်အမည်ခံယူခဲ့ကာ ငယ်နာမည်မှာ မောင်တင်ဦးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းသော မူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရေကြည် အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံမှ ပြည်သူများနှင့် မြန်မာနိုင်ငံပြည်သူလူထုကြား ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်းများကို ဂျပန်နိုင်ငံမှ ပြည်သူများက အဆင့်မြှင့်တင် ဆောက်လုပ်လှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သရက်ချောင်းအလယ်စုကျေးရွာရှိ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ဆောက်လုပ်လှူဒါန်းသော အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံ Japan International Cooperation System(JICS)မှ တာဝန်ခံ မစ္စတာတကီနို၊ တာဝန်ခံအင်ဂျင်နီယာ ဦးစောဝင်းသိန်း၊ ရေကြည်မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်အေး၊ ငါးသိုင်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟန်လင်းအောင်တို့က ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းဝင်းအတွင်းရှိ ယာယီရှင်းလင်းဆောင်၌ (JICS)မှ အခြေခံပညာဦးစီးဌာနသို့ ကျောင်းဆောင်သစ်လွှဲအပ်ပွဲကို ဆက်လက်ကျင်းပပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အမှာစကားပြောကြားကာ JICS မှ တာဝန်ရှိသူက ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်သည်။

JICS မှ တာဝန်ခံအင်ဂျင်နီယာ ဦးစောမျိုးဝင်းသိန်းက JICS အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများဖြစ်သည့် ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်းဆောက်လုပ်လှူဒါန်းရန် စီမံထားကြောင်း၊ ရေကြည်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စု ၌ ယခုကာလတန်ဖိုး ကျပ်သိန်း ၁၆၀၀ ကျော်ရှိ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်း အပ်နှံနိုင်ခဲ့ပြီး ဆက်လက်၍ ကွင်းလျားကျေးရွာအုပ်စု အိုင်ဇောက်ကျေးရွာ၌လည်း ကျောင်းဆောင်သစ်တစ်ဆောင် ဆက်လက်ဆောက်လုပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မြစ်ကမ်းဘေး မြေနိမ့်ပိုင်းဒေသများဖြစ်၍ ဒေသခံ ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအဆောက်အအုံများကို အဆင့်မြှင့်တင် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။



သရက်ချောင်းအလယ်စုကျေးရွာရှိ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးအောင်သန်းစိုးက မိမိတို့ကျေးရွာသည် မြစ်ကမ်းဘေးမြေနိမ့်ပိုင်းကျေးရွာဖြစ်သဖြင့် နှစ်စဉ်မြစ်ရေကြီးမြင့်ချိန်တွင် ကျောင်းခေတ္တပိတ်ပေးထားရလေ့ရှိကြောင်း၊ ယခု ကျောင်းဆောင်သစ်ကို JICS က ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ဆောက်လုပ်ပေးထားသည့်အတွက် သာမန်မြစ်ရေ ကြီးမြင့်မှုအခြေအနေတွင် ကျောင်းပိတ်ရန်မလိုဘဲ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**စိုးမင်းဦး(ငါးသိုင်းချောင်း)**

# ကျိုက်ထီးရိုးရင်ပြင်တော်၌ တရားမဝင်ရောင်းချနေသည့် အစားအစာများကို သိမ်းဆည်းဖျက်ဆီး

**ကျိုက်ထို အောက်တိုဘာ ၂၃**

ကျိုက်ထိုမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် သတ်မှတ်အခွန်များဖြင့် ရောင်းချနေသည့် လုပ်ငန်းရှင်များ အခက်အခဲမဖြစ်ပေါ်စေရန်နှင့် ဘုရားဖူးပြည်သူများ အစားအသောက်ကြောင့် ဘေးအန္တရာယ်ဖြစ်ပွားခြင်း မရှိစေရန်အတွက် ရင်ပြင်တော်တွင် တရားမဝင် လာရောက်ရောင်းချနေသည့် အစားအစာများကို ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြပ်မတ်၍ အောက်တိုဘာ ၂၁ ရက်က သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သိရသည်။

စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်သိန်း ဦးဆောင်၍ ရင်ပြင်တော်ရဲကင်း စခန်းမှူး ရဲအုပ်ဇော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကော်မတီဝင်များက ရင်ပြင်တော်ပေါ်တွင် တရားမဝင် လာရောက်ဈေးရောင်းချနေသည့် ဈေးသည် ၂၂ ဦး ရောင်းချနေသည့် အစားအစာများကို သိမ်းဆည်း ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းဖျက်ဆီးခဲ့သည့် အစားအစာများမှာ ငုံးဥ၊ ကြက်ကြော်၊ ငှက်ကြော်၊ ဗယာကြော်၊ အချဉ်ပေါင်း၊ ကြက်ဥ၊ အသားလုံးတုတ်ထိုးများဖြစ်ပြီး အဆိုပါ ဈေးသည်များအား ထပ်မံ၍ လာရောက် ရောင်းချခြင်းမပြုရန် ခံဝန်လက်မှတ်ရေးထိုးစေခဲ့ကာ နောက်နောင် လာရောက်ရောင်းချပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၈)ကြိမ်မြောက် ကျန်းမာရေးအလှူတော် ဖွင့်ပွဲကျင်းပ

**သရက်ချောင်း အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် သရက်ချောင်းမြို့နယ်မှ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၈) ကြိမ်မြောက် ကျန်းမာရေးအလှူတော်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က အထက(သရက်ချောင်း)ကျောင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဆရာတော် အရှင်ဆန္ဒာဓိကက ဩဝါဒချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပဲနို့အာဟာရဖောင်ဒေးရှင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက အထက(သရက်ချောင်း)ကျောင်းသို့ ပဲနို့ကြိတ်စက်နှစ်လုံး ဆက်စပ်ပစ္စည်းများ၊ ပဲ ခုနစ်အိတ်၊ သကြား နှစ်အိတ်၊ သရက်ချောင်းဆေးရုံသို့ အဲယားကွန်းနှစ်လုံးနှင့် ထားဝယ်ဆေးရုံသို့ အဲယားကွန်းတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အဖွဲ့သည် ဆေးကုသမှုခံယူနေသောလူနာများအား လိုက်လံကြည့်ရှုအားပေးသည်။

ရွှေပါရမီ ကျန်းမာရေးအလှူတော်တွင် စမ်းသပ်ကုသပေးသည့် ရောဂါများမှာ မျက်စိရောဂါ၊ အထွေထွေရောဂါ၊ ကလေး၊ အရေပြား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရိုး အကြော၊ စိတ်ရောဂါ၊ဆီးနှင့်ကျောက်ကပ်၊ သားဖွားမီးယပ်ရောဂါများဖြစ်ပြီး တိုင်းရင်းဆေးပညာဖြင့်ပါ ရောဂါများကို စမ်းသပ်ကုသပေးကြောင်း၊ ဆေးဝါးကုသမှုများကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင် အခမဲ့ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ လာရောက်ဆေးကုသသူများအပါအဝင် လူနာ ၃၀၀၀ ကျော်အား ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ဟိုဘက်ကမ်းကမီးထိန်ထိန် ဒီဘက်ကမ်းကမီးထိန်ထိန်



ကျွန်မတို့ နေ့စဉ်အသုံးပြုနေတဲ့ စွမ်းအင် (Energy) တွေထဲမှာ နေစွမ်းအင်၊ လေစွမ်းအင်၊ စက်စွမ်းအင်၊ အဏုမြူစွမ်းအင် စသည်ဖြင့် ထင်ရှားသည့်စွမ်းအင်တွေရှိပါတယ်။ ကျွန်မတို့ နိုင်ငံမှာ နေ့စဉ်အသုံးပြုနေတဲ့စွမ်းအင်တွေထဲက လျှပ်စစ်စွမ်းအင်ကို ရေအားကနေ အဓိကထုတ်လုပ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအင်ကို (၄၀ရာခိုင်နှုန်း)သာ အသုံးပြုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသတွေမှာ ပင်မဓာတ်အားပေးလိုင်းများ မဆက်သွယ်နိုင်သေးတာကြောင့် လျှပ်စစ်မီးမပေးနိုင်သေးတဲ့ဒေသတွေ ရှိနေပါတယ်။

ဒါကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ ပြန်ပြည့်မြဲစွမ်းအင်(Renewable Energy)ကို အသုံးပြုနိုင်အောင် ဆောင်ရွက်ကြပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာက လုံးဝမကုန်ခန်းနိုင်တဲ့ စွမ်းအင်တွေဖြစ်နေတဲ့ နေရောင်ခြည်မှရသော စွမ်းအင်၊ လေမှရသောစွမ်းအင် စသည်တို့ဖြစ်ပါတယ်။ နေရောင်ခြည်မှာပါတဲ့ ဖိုတွန်(Photon) အမှုန်လေးတွေကို ဆိုလာပြား (Solar Panel)ပေါ် ကျရောက်စေပြီး ယင်းမှ တိုက်ရိုက်လျှပ်စီး (Direct Current-DC) ထုတ်ပေးခြင်းဖြင့် အိမ်သုံးဆိုလာမီးကို ရရှိနိုင်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၃၈၉၉ ရွာရှိပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသများမှာ နေထိုင်ကြပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် မီးလင်းရေးကလည်း များစွာ အရေးကြီးပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နိုင်ငံတော်ဘတ်ဂျတ်၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ပြည်သူအချိုးကျထည့်ဝင်ငွေတို့နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ၁၀ မိုင် အထက်ကွာဝေးတဲ့ကျေးရွာ(သို့မဟုတ်) နောင် ၁၀ နှစ်အထိ လျှပ်စစ်မီးမရရှိနိုင်သော ကျေးရွာများ၊ မြန်မာနိုင်ငံအလယ်ပိုင်း ရေဝတီမြစ်အတွင်းရှိ ကျွန်းရွာများနဲ့ မြို့နဲ့အလွန်အလှမ်းဝေးကွာသော ဒေသများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။



၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်က ကျေးရွာတစ်ရွာမှာ ဆောင်ရွက်ခဲ့တဲ့ NEP မီးလင်းရေးစီမံကိန်း

Mini-Grid ဆောင်ရွက်လိုတဲ့ ဧရိယာများရှိပါက နောင် ၁၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အားမရောက်နိုင်သောကျေးရွာများဖြစ်ရပြီး ပြန်လည်ပြည့်ဖြိုးစွမ်းအင်အရင်းအမြစ်ကို တစ်နှစ်ပတ်လုံးရရှိနိုင်တဲ့ ဒေသများကိုဆောင်ရွက်ပေးပါတယ်။

ကျွန်မတို့နိုင်ငံအတွက် အဓိက ဆန်၊ စပါး စိုက်ပျိုးရာ မြန်မာနိုင်ငံ၏ စပါးကျီဟုခေါ်တွင်တဲ့ ရေဝတီတိုင်းဒေသကြီးမှာ ကျေးရွာပေါင်း (၁၁၉၅၃)ရွာ ရှိပါတယ်။ ကျေးရွာအများစုဟာ ရေလမ်းခရီးနဲ့ သွားလာဆက်သွယ်ရတဲ့ကျေးရွာများဖြစ်ပါတယ်။ ဒါကြောင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အထောက်အကူပြုတဲ့ မီးလင်းရေးအတွက် တစ်အိမ်သုံး ဆိုလာမီးတပ်ဆင်ရေးကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ရာမှာ အသေးစားစနစ် 60 W တပ်ဆင်ပါက အသုံးပြုနိုင်မှုက မီးလုံး ၄ နာရီ၊ တီဗွီ ၃ နာရီနဲ့ ဖုန်းအားသွင်းနိုင်ခြင်း ၄ နာရီ အသုံးပြုနိုင်ပါတယ်။ ဆိုလာအကြီးစားစနစ် 100W တပ်ဆင်ပါက မီးလုံး ၅ နာရီ၊ တီဗွီ ၄ နာရီ၊ ပန်ကာ ၃ နာရီ၊ ဖုန်းအားသွင်းနိုင်ခြင်း ၄ နာရီ အသုံးပြုနိုင်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ တစ်အိမ်သုံး ဆိုလာစနစ်ကို အိမ်တိုင်ရာရောက် တပ်ဆင်ပေးပါတယ်။ အိမ်တိုင်ရာရောက် တပ်ဆင်ပေးရုံမက ဆိုလာတပ်ဆင်တဲ့ ကျေးရွာမှာရှိတဲ့ ကျောင်း၊ ဆေးပေးခန်း၊ လမ်းမီး၊ ဘာသာရေးအဆောက်အအုံများကို NEP စီမံကိန်းမှ အခမဲ့ တပ်ဆင်ပေးပါတယ်။

ယခုဆိုရင် ရေဝတီတိုင်းဒေသကြီးထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက NEP စီမံကိန်းအရ ကျေးရွာ(၁၄၃)ရွာကို တစ်အိမ်သုံးဆိုလာမီးများ တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်တဲ့အပြင် ဆက်လက်ပြီးတော့လည်း တိုးချဲ့တပ်ဆင်သွားမှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။ **အေးအေးကြူ(ကျေးလက်ဦးစီး)**

## တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးရုံကြီး(နေပြည်တော်) ခုတင်(၁၀၀)၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်(Continuing Traditional Medical Education-CTME Programme) အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိ ဦးအောင်ကျော်မင်း(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း) တိုင်းရင်းဆေးတက္ကသိုလ်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးရုံကြီး(နေပြည်တော်) ခုတင် (၁၀၀) ဆံ့မှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်သင်းသင်းမိုးက လိပ်ခေါင်းရောဂါအကြောင်း စာတမ်းဖတ်ကြားတင်ပြသည်။ အဆိုပါ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး အခမ်းအနားတွင် လိပ်ခေါင်းရောဂါနှင့်ပတ်သက်၍ စာတမ်းဖတ်ကြားတင်ပြမှုအပေါ် တက်ရောက်လာသော တိုင်းရင်းဆေးရုံ (နေပြည်တော်) ခုတင် (၁၀၀) ဆံ့မှ ဝန်ထမ်းများက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကာ သဘာပတိ ဦးအောင်ကျော်မင်း၊ ဒုတိယဆေးရုံအုပ် ဒေါ်မေမေကြည်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပဗေဒ)**



## ဝမ်ဖူးချောင်း အသေးစားရေအားလျှပ်စစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်း

**ဟားခါး အောက်တိုဘာ ၂၃**

ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ချင်းပြည်နယ် မတူပီမြို့နယ် ရေဇွာမြို့ရှိ ဝမ်ဖူးချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မည့်အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို အောက်တိုဘာ ၂၀ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ချင်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ တည်ဆောက်မည့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အဆိုပါ အသေးစားရေအားလျှပ်စစ်လုပ်ငန်း စီမံကိန်းကို တာဝန်ယူ တည်ဆောက်မည့် Zealous Star ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းသောင်းက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## အကြောအဆစ်ရောဂါနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ကုသမှုစင်တာဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃) နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင် ကမ်းနားလမ်းထောင့်ရှိ Grand Hantha International Hospital ၌ အကြောအဆစ်ရောဂါနှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ကုသမှုစင်တာကို အောက်တိုဘာ ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စင်တာအနေဖြင့် လေဖြတ်လူနာများနှင့် အခြားနောက်ဆက်တွဲ မသန်စွမ်း လူနာများကို ဆွစ်ဇာလန်နိုင်ငံ၏ အဆင့်မြင့်ကုသရေးစက်ကြီးများဖြင့် ဆေးဝါးအကူအညီမပါဘဲ ကုသပေးသွားမည်ဟု သိရသည်။

“ပြန်လည်သန်စွမ်းရေးကို ကုသပေးတဲ့အခါမှာ ဝန်ဆောင်မှုပေးနိုင်မှုက ဖြစ်တဲ့ ရောဂါနဲ့ အသက်အရွယ်အပေါ်မှာလည်း မူတည်ပါတယ်။ ရိုဘော့စက်ရုပ်ကုထုံးတွေနဲ့ အခြား သန်စွမ်းရေးကုသနည်းတွေ ပါဝင်ပါတယ်။ ပြန်ကောင်းလာဖို့ မျှော်မှန်းမယ်ဆိုရင် ဖြစ်တဲ့ရောဂါအပေါ်မှာ မူတည်တယ်လို့ ပြောမှာပါ။ မျှော်လင့်ချက်အမှားပေးလို့ မရပါဘူး။ ဒီလိုတွေဖြစ်လာပြီဆိုရင် လူနာအနေနဲ့ အခုလို ခေတ်မီ ပြန်လည်သန်စွမ်းရေး ကိရိယာတွေနဲ့ အရိုးအဆစ်ကြွက်သားတွေရဲ့ လေ့ကျင့်ခန်းတွေကို ဘယ်လောက်လုပ်နိုင်သလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး ကုသရတဲ့ပညာဖြစ်လို့ စက်ကိရိယာတွေရဲ့ထောက်ပံ့မှု၊ လူနာရဲ့ကြိုးပမ်းမှု၊ လူနာကိုပြုစုတဲ့ အနီးပတ်ဝန်းကျင်ရဲ့ ဂရုစိုက်မှုတွေအပေါ်မှာ မူတည်တယ်။ ဒါတွေရဲ့ တက်ညီလက်ညီ ကြိုးပမ်းမှု အားကောင်းရင် အမြန်ဆုံး ပြန်လည်သန်စွမ်းမယ်၊ ကျန်းမာမယ်လို့ ပြောရမှာပါ”ဟု အကြော၊ အဆစ် ပြန်လည်သန်စွမ်းရေး ကုသမှုစင်တာ၏ ပါမောက္ခ ဒေါက်တာသန်းသန်းဌေးက ပြောသည်။

အဆိုပါ အကြော၊ အဆစ်ရောဂါနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ကုသမှုစင်တာသည် အရိုး၊ အကြော၊ အဆစ်နှင့် အခြား အာရုံကြောများ ချို့ယွင်းကာ လေဖြတ်ခြင်းနှင့် ဒူး /လက် /ခါး နှင့် အခြား ထိခိုက်ဒဏ်ရာအမျိုးမျိုးတို့အတွက် Grand Hantha International Hospital ၌ ဆေးကုသမှုများပြုလုပ်ပြီး သတ်မှတ်ရက်တွင် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးအတွက် ကာယလေ့ကျင့်ခန်း ကုသမှုခံယူရကြောင်း သိရသည်။

ယခုအခါတွင် ထိုဆေးရုံကြီး၌ ဆွစ်ဇာလန်နိုင်ငံ Hocoma ကုမ္ပဏီမှ မှာယူတင်သွင်းသော Lokomat (Robot Assisted Therapy)၊ Andago စက်များဖြင့် လမ်းပြန်လျှောက်နိုင်ရန် လေ့ကျင့်ကုသစက်၊ Erigo(Tilt-Table) စက်ဖြင့် ခြေထောက်အောက်ပိုင်းရှိ ကြွက်သားများ ပြန်လည်လှုပ်ရှားပေးသော လေ့ကျင့်ကုသစက်အပြင် လက်ကြွက်သားများ မူလအတိုင်း ပြန်လည်လှုပ်ရှားနိုင်စေကာ အဆစ်တစ်ဆစ်ချင်းစီ လှုပ်ရှားမှုများကို ပြုလုပ်လေ့ကျင့်ကုသပေးသော Armeo Spring, Armeo Power, Armeo Boom စသည့် ကုသစက်များရောက်ရှိကာ ပြန်လည်သန်စွမ်းရေး ကုသမှုစင်တာကို ဖွင့်လှစ်ထားပြီဖြစ်သည်။ အဆိုပါစင်တာ၌ Grand Hantha ဆေးရုံတက်သည့် လူနာများနှင့် အခြားပြင်ပမှ လာရောက်ပြသသော လူနာများအား ဆရာဝန်ကြီးများက လူနာများအား ကြည့်ရှု၍ သင့်တော်သော မည်သည့်စက်ပေါ်တွင်တင်ကာ လေ့ကျင့်ကုသပေးမည် ဆိုသည်များကို ရွေးချယ်ပြီး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



ပြန်လည်သန်စွမ်းရေး ကုသစက်များကို သရုပ်ပြသနေစဉ်

# နယ်သာလန်နိုင်ငံမှ ပန်းမျိုးစေ့များ ပြည်တွင်းသို့ ပထမဆုံးအကြိမ် တင်သွင်းစိုက်ပျိုးမည်

**ပြင်ဦးလွင် အောက်တိုဘာ ၂၃**

နယ်သာလန်နိုင်ငံမှ ထိပ်တန်းအရည်အသွေးမြင့် ပန်းမျိုးစေ့များကို မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် တင်သွင်းစိုက်ပျိုးမည်ဖြစ်ကြောင်း ရှင်းလင်းပွဲကို အောက်တိုဘာ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် နယ်သာလန်သံရုံးမှ ကောင်စစ်ဝန် မစ္စတာဖရေ့ဒရစ်က "နယ်သာလန်နိုင်ငံမှ ပန်းစိုက်ပျိုးနည်းပညာများ ထောက်ပံ့ပေးသွားမှာဖြစ်ပြီး ရရှိလာသော ပန်းမျိုးစေ့များကို ပြည်တွင်းပြည်ပဈေးကွက်ဝင် ပန်းများ စိုက်ပျိုးနိုင်တဲ့အထိ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က "ပန်းစိုက်တောင်သူများ ပန်းစိုက်ပျိုးသူများ အသင်း အမြန်ဖွဲ့စည်းပြီး ပန်းစိုက်တောင်သူများအား ချေးငွေထုတ်ပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ နယ်သာလန်က နည်းပညာအကူအညီတို့ ပူးပေါင်းကာ ပြင်ဦးလွင်မြို့ကို အာဆီယံ ပန်းမြို့တော်အဖြစ် ပြောင်းလဲသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

FMK Business Support Funder ဒေါ်မြသွေးက နယ်သာလန်နိုင်ငံတွင် ပန်းစိုက်ပျိုးပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသည့် အိတ်စပို့ကုမ္ပဏီ ၆၅၀ ရှိပြီး ဈေးကွက်အနေဖြင့် ဥရောပတစ်တိုက်လုံး ဈေးကွက်ရှိကြောင်း၊ မန္တလေးမြို့တွင်လည်း နယ်သာလန်ကဲ့သို့ ပန်းကားများဖြင့် လှည့်လည်ပြသခြင်းကို ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

GMBS Business Support မှ မစ္စတာ မာတင်စမတ်က "အရည်အသွေးမြင့်ပန်းများ စိုက်ပျိုးချင်တဲ့ တောင်သူများ လိုအပ်ပါတယ်။ စိုက်ပျိုးရေးသမားများဟာ မျိုးစေ့တစ်မျိုးတည်းသာ အသုံးပြုနေခြင်းကြောင့် မိုးကောင်းတဲ့ရာသီဥတုမှာ တစ်ချိန်တည်း ပန်းများပွင့်ပြီး ဈေးကွက်တွင် ဈေးကောင်းမရရှိတာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှင်းလင်းပွဲတက်ရောက်သူများက သိရှိလိုသည်များကိုမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ပန်းမျိုးစေ့နမူနာများ ပြသခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ပန်းများကို နေ့စဉ်အိမ်တွင်းရှိဘုရားစင်များ၊ ဘုရားကျောင်းကန်များတွင် အမြတ်တနိုး လှူဒါန်းလေ့ရှိသည့်အပြင် အခမ်းအနားများ ပွဲလမ်းသဘင်များတွင်လည်း အများအပြား သုံးစွဲနေကြသည်။ လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်သို့ ပြည်ပမှ ပန်းများ တင်သွင်းရောင်းချလာမှုများ ရှိနေရာ ထိုသို့ပြည်ပမှပန်းများ တင်သွင်းလာခြင်းကြောင့် ပြည်တွင်းပန်းစိုက်တောင်သူများအား ဈေးကွက်ထိခိုက်စေသည့်ဆိုးကျိုး ဖြစ်ပေါ်စေပြီး ပန်းစိုက်ပျိုးမှုကို ရပ်နားလိုက်ရခြင်းများ ရှိနေသည်ကို တွေ့ရသည်။ ယခု နယ်သာလန်နိုင်ငံမှ ထိပ်တန်းအရည်အသွေးမြင့် ပန်းမျိုးများနှင့် နည်းပညာများရယူ၍ ပန်းစိုက်ပျိုးခြင်းဖြင့် ပြည်တွင်း၌စိုက်ပျိုးသည့် ပန်းများအနေဖြင့် နိုင်ငံခြားမှပန်းများ၏ အရည်အသွေးကို ယှဉ်နိုင်ကာ ပြည်ပမှ သွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**



ပန်းမျိုးစေ့များ တင်သွင်းစိုက်ပျိုးမည့်အကြောင်း ရှင်းလင်းပွဲကျင်းပစဉ်

# ရှစ်မျက်နှာစေတီတော်ကြီးအား မသိုးသင်္ကန်း ကပ်လှူပူဇော်မည်

**သုံးခွ အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၄) ရပ်ကွက် မြို့မဈေးအနီးရှိ ရှစ်မျက်နှာစေတီတော် မြတ်ကြီး၏(၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်(တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ည ၈ နာရီတွင် စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဟု သိရသည်။

မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲတွင် စင်တော်ခြောက်စင်မှ ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသောစင်တော်များကို တာဝန်ရှိသူများက ဆုများချီးမြှင့်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်ရက်လုပ်သော မသိုးရွှေကြာသင်္ကန်းများကို တန်ဆောင်မုန်းလပြည့် နံနက် အရုဏ်မတက်မီတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့်စေတီရံများအား စေတီတော် ဂေါပကအဖွဲ့က ဦးဆောင်ကာ အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်း ပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် လပြည့်နေ့ နံနက် ၇ နာရီတွင် မြို့မဈေးတစ်ပတ် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီးမီးများ၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်မည်ဟုသိရသည်။ **ကိုကျော်(သုံးခွ)**

# ကျေးလက်နေအိမ်ထောင်စုများအတွက် မြေငှားဂရန်များ ဒုတိယအကြိမ်ထုတ်ပေး

**ဝမ်ပုံ အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာမှ ဒေသခံပြည်သူများအတွက် ဒုတိယအကြိမ် ဆောင်ရွက်ပေးခဲ့သော ကျေးရွာမြေငှားဂရန်များ လက်ရောက်ပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက်က အဆိုပါကျေးရွာရှိ ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မြေငှားဂရန်များပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဝမ်ပုံကျေးရွာ အကွက်ကြီး အမှတ်(၁)ရေိယာ၊ အကွက်ကြီး အမှတ်(၂)ရေိယာနှင့် အကွက်ကြီး အမှတ်(၃)ရေိယာတို့အတွင်းမှ ကျေးရွာမြေငှားဂရန်လျှောက်ထားသူ စုစုပေါင်း ၂၇၀ အား တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များ လက်ရောက်ထုတ်ပေးခဲ့သည်။

ကျေးရွာနေပြည်သူများ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေပြီး ပိုင်ဆိုင်မှုအာမခံချက်တစ်ခုအဖြစ် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာမြေငှားဂရန် လျှောက်ထားသူများအား မြေငှားဂရန်များ ပြုလုပ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန် လျှောက်ထားချက်အပေါ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထွက်ဆိုချက်များ ရယူခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီးမှ ဝမ်ပုံကျေးရွာရှိ မြေငှားဂရန်လျှောက်ထားသူများအား မြေငှားဂရန်များ လက်ဝယ်အရောက်လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝမ်ပုံကျေးရွာ၌ ပြီးခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်ကလည်း အကွက်ကြီး အမှတ်(၁)ရေိယာ၊ အကွက်ကြီး အမှတ်(၂)ရေိယာနှင့် အကွက်ကြီး အမှတ်(၃)ရေိယာတို့အတွင်းမှ ကျေးရွာမြေငှားဂရန် လျှောက်ထားသူ ၂၄၆ ဦးတို့အား ကျေးရွာမြေငှားဂရန်များကို ပထမအကြိမ် လက်ရောက်ထုတ်ပေးခဲ့ပြီးဖြစ်ရာ ယခုထုတ်ပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံးမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လူကုန်ကူးမှုကာကွယ်ရေး အသိပညာပေးဟောပြော

**ဝိုင်းမော် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ KBC စစ်ရှောင်စခန်း၌ ရောက်ရှိနေသော စစ်ရှောင်ပြည်သူများအား လူကုန်ကူးခြင်းမခံရစေရန် ကြိုတင်ကာကွယ်မှုအဖြစ် အသိပညာပေးဟောပြောပွဲကို မြစ်ကြီးနားမြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၂)က ကြီးမှူး၍ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီစခန်းမှာတော့ လူကုန်ကူးခံရသူ တစ်ယောက်မှမရှိသေးပါဘူး။ ကျွန်တော်တို့က ကြိုတင်ကာကွယ်တဲ့အနေနဲ့ အသိပညာပေးတာပါ။ ကချင်ပြည်နယ်မှာ လူကုန်ကူးမှုနဲ့ဆိုင်တဲ့ ပညာပေးဟောပြောမှုတွေကို စစ်ရှောင်စခန်းတွေအပြင် အခြားရပ်ကွက်နဲ့ ကျေးရွာတွေမှာလည်း တပ်ဖွဲ့က လုပ်ပေးနေပါတယ်"ဟု ယင်းတပ်ဖွဲ့စုမှ ရဲအုပ်လှိုင်စိုးက ပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြစ်ကြီးနား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းကြည်နှင့် ရဲတပ်ဖွဲ့ဝင်များက လူကုန်ကူးသူလူပွဲစားများ၏ စည်းရုံးပုံ နည်းလမ်းများ၊ ဖြစ်ပွားခဲ့သော လူကုန်ကူးမှု မှုခင်းဖြစ်စဉ်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးမှုဖြစ်ပေါ်လာပုံနှင့် လူကုန်ကူးမှုအကြောင်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ရာ ယင်းဟောပြောပွဲသို့ စစ်ရှောင်စခန်းတာဝန်ခံ ဦးနော်တောင်နှင့် စခန်းနေသူ ၆၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး**



# လှိုင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲကျင်းပ




**ရန်ကုန် အောက်တိုဘာ ၂၃**

ယခုနှစ် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ ကျင်းပပြုလုပ်သော လှိုင်မြို့နယ်ကျောင်းပေါင်းစုံ မြို့နယ်တစ်ပတ် မီနီမာရသွန်ပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ပြိုင်ပွဲကို လှိုင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှ စတင်တာလွှတ်ပြီး မီနီမာရသွန်ပြေးပွဲကို ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ကျား/မ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆု ၁၀ ဦးစီကို ရွေးချယ်ခဲ့ကာ စုစုပေါင်း ဆုရရှိသူ ၂၆ ဦးအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ လှိုင်မြို့နယ်အား/ကာ ဦးစီးမှူး ဦးအောင်မိုးနှင့် မြို့မိမြို့ဖများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**မူဆယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးညွန့်လွင် ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နှင့် မိုင်းယု(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သို့ လာရောက်ခဲ့ပြီး မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့အား မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဝင်လွင်နှင့် ကုန်သွယ်ရေးဝန်ထမ်းများ၊ အကောက်ခွန်ဝန်ထမ်းများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ကြိုဆိုခဲ့ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ တုပ်ကွေးရောဂါခံစားရ၍ အရေးပေါ်ဆေးကုသမှုခံယူနေကြရသည့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် လူနာများအား အရေးပေါ်လိုအပ်လျက်ရှိသည့် ထိုးဆေးဖာ ၁၂၀၊ ပါရာစီတမော ဆေးဝါးများ၊ Drip Set များ၊ အရေးပေါ် တုပ်ကွေး ကာကွယ်ဆေး အလုံး ၁၀၀ နှင့် ဆေးရုံသုံး နှာခေါင်းစည်း (M3Masks)များ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၂၀ ကျော်ဖိုးကို ပေးအပ်လှူဒါန်းခဲ့သည်။

ခရိုင်ပြည်သူ့ဆေးရုံကြီး၌ လတ်တလောတွင် ဝန်ထမ်းလိုအပ်ချက်များလည်း ရှိနေရာ လိုအပ်လျက်ရှိသည့် ဆရာဝန် ခြောက်ဦး၊ သူနာပြုဆရာမ ခြောက်ဦးနှင့် လုပ်သား ၁၀ ဦးတို့အတွက်လည်း ဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြ၍ အမြန်ဆုံး ဖြည့်တင်းပေးသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**



# အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်) ဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၂၃**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က လွိုင်ကော်မြို့ရှိ အဆိုပါ အား/ကာသိပ္ပံ(လွိုင်ကော်)အဆောက်အအုံ အဝင်မုခ်ဦး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မော်ကွန်းကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) တည်ဆောက်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လှူဒါန်းသော အလှူငွေ ကျပ်သိန်း ၃၀ နှင့် ဘောလုံး ၂၀၀ တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက လက်ခံယူခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)တွင် လက်ရှိအချိန်၌ အားကစားနည်း ၁၀ မျိုးကို သင်ကြားပေးလျက်ရှိကာ သင်တန်းသူ၊ သင်တန်းသား ၁၁၂ ဦး တက်ရောက် လေ့ကျင့်သင်ကြားနေသည်။ ကယားပြည်နယ်သည် အားကစားအောင်မြင်မှု အခန်းကဏ္ဍအနေဖြင့် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် တိုက်ကွမ်ဒိုကစားသမားသုံးဦး၊ ကရာတေးဒိုကစားသမား ရှစ်ဦး၊ အမျိုးသမီးဘောလုံးလက်ရွေးစင်တစ်ဦး၊ အမျိုးသမီးဟော်ကီကစားသမား လေးဦးနှင့် အမျိုးသားပိုက်ကျော်ခြင်းကစားသမားတစ်ဦးတို့ ပါဝင်ရွေးချယ်ခံရပြီး ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် သက်တမ်းလဲလှယ်ခြင်းလုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချ

**မန္တလေး အောက်တိုဘာ ၂၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးရုံးက ကြီးမှူး၍ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် နှစ်စဉ်သက်တမ်းလဲလှယ်ပေးခြင်း လုပ်ငန်းသင်တန်းကို အောက်တိုဘာ ၂၁ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ ဦးစီးဌာနမှူးရုံး မနောကြာဖြူခန်းမ၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ချယ်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဦးစိန်ဝင်းတို့က နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် နှစ်စဉ်သက်တမ်းလဲလှယ်ပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များ စသည်တို့ကို ဆွေးနွေးပို့ချကာ သင်တန်းသို့ ခရိုင်နှင့် မြို့နယ် ဦးစီးအရာရှိများ၊ မျိုးဆက်သစ်ဝန်ထမ်းများ စုစုပေါင်း ၇၀ တက်ရောက်ခဲ့သည်။

လာမည့်ဒီဇင်ဘာလထဲ၌ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် နှစ်စဉ် သက်တမ်းလဲလှယ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပီပီပြင်ပြင်၊ မြန်မြန် ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်စေရန်၊ မျိုးဆက်သစ်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းအတွေ့အကြုံ ကောင်းများရရှိစေပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သိရှိနားလည်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် နှစ်စဉ် သက်တမ်းလဲလှယ်ပေးခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ၂၁ မြို့နယ်ရှိ နိုင်ငံခြားသား ၁၄၉၅ ဦးအား ဒီဇင်ဘာလအတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နိုဝင်ဘာလတွင် လုပ်ငန်းဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်၍ ဒီဇင်ဘာလထဲတွင် သက်တမ်းလဲလှယ်ပေးခြင်းနှင့် အခွန်ဆောင်ကာလအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စက်မှုလုပ်ငန်းကိုးမျိုး ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ် ရေးဆွဲတင်ပြရမည်

**မော်လမြိုင် အောက်တိုဘာ ၂၃**
မွန်ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများအနက် လုပ်ငန်းအမျိုးအစားကဏ္ဍ ကိုးမျိုးကို လုပ်ကိုင်နေကြသော စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ်(Environmental Mangement Plan-EMP) ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

EMP တင်ပြသော စက်ရုံ၊ အလုပ်ရုံများ၏ တင်ပြချက်အပေါ် မှန်/မမှန် ဌာနက လိုက်လံစစ်ဆေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ပါက ယာယီပိတ်သိမ်းခြင်းမျိုးအထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသည် အရေးကြီးလာပြီဖြစ်သည့်အတွက် စစ်ဆေးမှုများ အဆက်မပြတ်လုပ်သွားရန်ရှိကြောင်း ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်းက ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ(၅၅)အရ EMP ရေးဆွဲတင်ပြရမည့် လုပ်ငန်းကဏ္ဍကိုးမျိုးမှာ အရက်ချက်လုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်း၊ ပိုးသတ်ဆေးအမျိုးမျိုးထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်းလုပ်ငန်း၊ သတ္တုအရည်ကြို ပုံလောင်းခြင်းလုပ်ငန်း၊ ပျော့ဖတ်နှင့် စက္ကူ ထုတ်လုပ်ခြင်းလုပ်ငန်း၊ သကြားစက်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည် ဆေးဆိုးပန်းရိုက်လုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် လက်ရှိအချိန်၌လည်း ဘီးလင်းမြို့မှ အရက်ပြန်စက်ရုံ၊ သံဖြူဇရပ်မြို့မှ ထိပ်တန်းအရက်ချက်စက်ရုံ၊ မုဒုံမြို့မှ (၇၇၇)အရက်ချက်စက်ရုံ၊ ရေးမြို့နယ်မှ MWCD အရက်ချက်စက်ရုံနှင့် အရက်ပုလင်းသွပ်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ မော်လမြိုင်ရှိ မန္တလေးရွှေသူငယ်ချင်း အရက်ချက်စက်ရုံ စသည့် စက်ရုံငါးခုနှင့် လုပ်ငန်း တစ်ခုတို့ကို ရပ်နားထားရန် ညွှန်ကြားထားပြီး စွန့်ပစ်ရေးနှင့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် နည်းလမ်းများပါဝင်သော EMP ရေးဆွဲ တင်ပြရန်နှင့် အတည်ပြုချက်ရရှိမှသာ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားထားကြောင်း ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ရွာသုံးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ငွေတောင်းခံထား

**မုံရွာ အောက်တိုဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းမှ မူးမြစ်ကမ်းနှင့်အလွန်နီးကပ်နေသော ညောင်မြစ်ရွာ၊ မေဂျာရွာနှင့် သပြေသာရွာတို့တွင် ကမ်းပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းဘဏ္ဍာငွေထဲတွင် ထည့်သွင်းတောင်းခံထားပြီးဖြစ်ရာ အဆိုပါရန်ပုံငွေများ ရရှိပါက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောကြားသည်။

အောက်တိုဘာ ၂၀ ရက်က ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်၌ မြင်းမူမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်က အဆိုပါကျေးရွာသုံးရွာ ကမ်းပြိုကျမှုကာကွယ်ရန်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုကြောင်း မေးခွန်းအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မူးမြစ်ဟာမြင်းမူမြို့နယ် အရှေ့ဘက်ခြမ်းနယ်နိမိတ်မှာ အရှည် ၃၃ ဒသမ ၃၉ မိုင်လောက် ဖြတ်သန်းစီးဆင်းနေပြီး မြစ်အနီးမှာ ရွာ ရှစ်ရွာ ရှိပါတယ်။ မြစ်နဲ့ကပ်နေပြီး ကမ်းပြိုတာကြောင့် အိမ်တွေပြောင်းခဲ့ရတာက ညောင်မြစ်ရွာ၊ မေဂျာရွာနဲ့ သပြေသာရွာတို့ဖြစ်ပါတယ်။ ညောင်မြစ်ရွာမှာ အိမ်ခြေ ၁၉၄ အိမ် လူဦးရေ ၉၀၃ ဦး၊ မေဂျာရွာမှာ အိမ်ခြေ ၈၇ အိမ် လူဦးရေ ၃၆၀ နဲ့ သပြေသာရွာမှာ အိမ်ခြေ ၁၈၀ လူဦးရေက ၇၇၀ ရှိပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်က ပြောသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်အနေဖြင့် အဆိုပါကျေးရွာသုံးရွာတွင် မူးမြစ်ကမ်းထိန်းသိမ်းရေး ပြုလုပ်ပေးရန်အတွက် ယခင်ကျင်းပပြီးခဲ့သော လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းခဲ့ဖူးပြီး တိုင်းဒေသကြီးအစိုးရက သက်ဆိုင်ရာရေအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကို ကွင်းဆင်းကြည့်ရှုစေ၍ သင့်တော်သောဘဏ္ဍာနှစ်တွင် မူးမြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မှုခင်းသတင်းများ

# မင်္ဂလာဒုံမြို့နယ်တွင် တစ်နေ့တည်းလူသတ်မှုနှစ်ခုဖြစ်ပွားခဲ့

**ရန်ကုန် အောက်တိုဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အောက်တိုဘာ ၂၀ ရက် တစ်ရက်တည်းအတွင်း လူသတ်မှုနှစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တစ်မှုမှာ စမ်းကြီးဝရပ်ကွက် ရတနာသခ်လမ်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သမီးယောက်ဖချင်း အမွေကိစ္စဖြင့်စကားများကြရာမှ လူသတ်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဦးလှဝင်း(ခ)ပေါက်ပေါက်(၅၁နှစ်)က အစ်မဖြစ်သူ၏ခင်ပွန်းဖြစ်သူ ဦးလှသန်း(၄၂)နှစ်အား ထင်းခုတ်ဓားမနှင့်ခုတ်ခဲ့သဖြင့် နေရာ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အခြားတစ်မှုမှာ ထောက်ကြံ့ ရွှေနံ့သာကုန်းကျေးရွာအုပ်စု ပုလဲ(၁)ရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သမီးရည်းစားဖြစ်သူ အမျိုးသားက အမျိုးသမီးအား မြက်ရိတ်ဓားဖြင့်ခုတ်၍ သေဆုံးခဲ့ခြင်းဖြစ်သည်။ ပုလဲ(၁)ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ ဇွဲကိုကို (၁၉ နှစ်)၏နေအိမ်၌ သမီးရည်းစားဖြစ်သူ မငြိမ်းအေးဆွေ(၁၇ နှစ်)နှင့် စကားပြောဆိုနေစဉ် စကားများရန်ဖြစ်ပြီး မငြိမ်းအေးဆွေက ဇွဲကိုကိုအား ပါးရိုက်သည့်အတွက် ဇွဲကိုကိုက အနီးရှိ မြက်ခုတ်ဓားဖြင့် သုံးချက်ခုတ်ခဲ့၍ မငြိမ်းအေးဆွေမှာ နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဇွဲကိုကိုအား ထောက်ကြန့်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၆၄)**

# ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒွေ့ဖုန်းယန်မြို့ မဒီးယန်ကျေးရွာအနီး ဗန်းမော်-မြစ်ကြီးနား ကားလမ်းမကြီးပေါ်၌ အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဒွေ့ဖုန်းယန်နယ်မြေရဲစခန်းမှ ဒုရဲအုပ် နိုင်လင်းနှင့် တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ဗန်းမော်ဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်မောင်း စန်းထွေး(၄၅နှစ်) မောင်းနှင်လာသော HAISE အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်နှင့် မြစ်ကြီးနားဘက်မှ ဗန်းမော်ဘက်သို့ သန်းဌေးဝင်း(၂၅နှစ်)မောင်းနှင်လာပြီး နောက်မှ ချစ်သဲဦး(၂၂နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးလာသူ သန်းဌေးဝင်းနှင့် ချစ်သဲဦးတို့မှာ ဒဏ်ရာများရရှိ၍ ဒွေ့ဖုန်းယန်ပြည်သူ့ဆေးရုံသို့ သယ်ဆောင်လာစဉ် ချစ်သဲဦးမှာ သေဆုံးသွားခဲ့ပြီးဖြစ်စဉ်နှင့်ပတ်သက်၍ စန်းထွေးနှင့် သန်းဌေးဝင်းတို့အား ဒွေ့ဖုန်းယန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တရားမဝင် ကျွန်းသစ်ခွဲသား ငါးတန်ကျော် ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရွှေပြည်သာကျေးရွာရှိ ခြံတစ်ခြံအတွင်း၌ တရားမဝင် ကျွန်းသစ်ခွဲသားများကို အောက်တိုဘာ ၂၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်သတင်းအရ ဗန်းမော်ခရိုင် သစ်တောဦးစီးမှူး ဦးထွန်းထွန်းဦး ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်မျိုးမင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရွှေပြည်သာကျေးရွာနေ ဦးဖော်ရမ်ဂမ်၏ ခြံအတွင်းသို့ ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ်ခွဲသား ၃၅၆ ချောင်း (အလေးချိန် ၅ ဒသမ ၆၇၇၆ တန်)ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဖော်ရမ်ဂမ်(၆၁ နှစ်)အား ဗန်းမော်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ဥပဒေအရာရှိ/ဥပဒေဝန်ထမ်း (အစိုးရရှေ့နေ)သည် "ဆွဲချ"ဖြစ်သလော

## ဦးမင်းသွင် (ဥပဒေ)

မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(ပါလီမန်ဒီမိုကရေစီ) ခေတ်ကာလနှင့် တော်လှန်ရေးကောင်စီ ခေတ်ကာလများတွင် အစိုးရရှေ့နေ။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(လမ်းစဉ်ပါတီ၊ ပြည်သူ့ကောင်စီ)ခေတ်ကာလတွင် ဥပဒေဝန်ထမ်း။ ရှေ့နေချုပ်ရုံး၏ ၁၁-၇၉၉(၁၉၈၉ ခုနှစ်)အမိန့်ကြော်ငြာစာအမှတ် ၁/၈၉ အရ ဥပဒေအရာရှိဟု သုံးစွဲခေါ်ဝေါ်ပါသည်။

(**မှတ်ချက်။** ဥပဒေအကျိုးဆောင်(ဥပဒေဝန်ထမ်း)များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၉၂ (၁)အရ ရာထူးအလျောက် အစိုးရ ရှေ့နေ (Ex-officio Public Prosecutor) များအဖြစ် ခန့်အပ်သည်။ (၂၇-၉-၁၉၇၂)ရက်စွဲပါ တရားရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ။)

ထို့ကြောင့် ဥပဒေဝန်ထမ်း/ဥပဒေအရာရှိ (Law Officer) သည် ပြစ်မှုဆိုင်ရာကျင့်ထုံး (ရာဇဝတ်ကျင့်ထုံး)ဥပဒေ (Criminal Procedure Code) ပုဒ်မ-၄(၁)(န)၊ ပုဒ်မ-၄၉၂၊ တရားရုံးများလက်စွဲ (Courts Manual) အပိုဒ် ၈၀၅ အရ အစိုးရရှေ့နေ (Public Prosecutor) ဖြစ်ပါသည်။

ဥပဒေအရာရှိဖြစ်သော အစိုးရရှေ့နေကို အရပ်ထဲတွင် အချို့သောလူများက ဆွဲချ/ဆွဲချကြီးလို့ အမှန်တကယ်သတ်မှတ်၍ ပြောဆိုသည်များရှိသလို၊ လူပုဂ္ဂိုလ်ချင်းခင်မင်ရင်းနှီးမှုအရင်းခံဖြင့် (မနိုင်အင်ကာ)ခေါ်ဝေါ်သမုတ်သည်လည်း ရှိသည်မှာ အချိန်ကာလကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။

"ဆွဲချ"ဆိုသည့် စကားရပ်သည် မည်သည့်အကြောင်းရင်းခံဖြင့် ပြောဆိုခေါ်ဝေါ်၍ ပေါ်ပေါက်လာသလဲဆိုက ကြားမိသလောက် တင်ပြရပါမည်။

တစ်ဦးတစ်ယောက်သည် ပြစ်မှု/ရာဇဝတ်မှု (Offence,Crime) တစ်စုံတစ်ရာဖြင့် တရားစွဲဆိုခံရခြင်း၊ ပြစ်ဒဏ် (ထောင်ဒဏ်)ကျခံရခြင်း၊ သေဒဏ်ကျခံရခြင်း သို့မဟုတ် ထောင်ဒဏ်၊ သေဒဏ်ကျခံရမည့်အနေအထားမျိုးဖြင့် အမှုရင်ဆိုင်နေရခြင်း ဖြစ်နေသည့် တရားခံ(စွပ်စွဲခံရသူ)နှင့် တရားခံဘက်အသိုင်းအဝိုင်းက အမှုလိုက်အစိုးရရှေ့နေကို (တရားမဝင်) အရပ်သုံးစကားဖြင့် ခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည်ကို လေ့လာသိရှိရပါသည်။

အမှန်မှာတော့ ထိုသို့မဟုတ်သည်ကို ဆိုချင်ပါသည်။

အစိုးရရှေ့နေဖြစ်သော ဥပဒေအရာရှိသည် ပြစ်မှုကျူးလွန်သူများအား နိုင်ငံတော်၊ တစ်နည်းအားဖြင့် လုပ်သားပြည်သူတို့ပါဝင်သော လူ့အဖွဲ့အစည်း၏ ကိုယ်စား ဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုရာတွင် တရားရုံးရှေ့(တရားခွင်)တွင် အမှုလိုက်ပါဆောင်ရွက်ရသော လုပ်ငန်းကို လုပ်ဆောင်ရပါသည်။ တရားစွဲဆိုခံရသူအပေါ် အပြစ်မရှိလျက်နှင့် ထောင်တန်းကျစေ၊ အပြစ်ရစေဆိုသော သဘောဖြင့် "ဆွဲချ" အလုပ်ကို လုပ်ဆောင်ခြင်းမဟုတ်ပါ။

အစိုးရရှေ့နေများသည် ပေါ်လွင်လျက်ရှိသော အချက်အလက်များပေါ်တွင် မူတည်၍ နှိုင်းနှိုင်းချင့်ချင့် စဉ်းစဉ်းစားစား ဝေဖန်သုံးသပ်ပြီးလျှင် တရားဥပဒေအရ အပြစ်ရှိသူကို ထိုက်သင့်သလို ပြစ်ဒဏ်ပေးရန် အကျိုးအကြောင်းခိုင်လုံစွာဖြင့် တရားရုံးသို့ တင်ပြရမည်။ အပြစ်ရှိသူအား ထိုက်သင့်သော ပြစ်ဒဏ်ပေးရန် တင်ပြရမည်ကဲ့သို့ပင် အပြစ်မရှိသူကို အပြစ်မရှိသလို တင်ပြရန် တာဝန်ရှိကြောင်းကိုလည်း မမေ့အပ်ရန်နှင့် ဤသို့တရားရုံးအား ကူညီရန်အတွက် ပထမအချက်အားဖြင့် ရိုးရိုးသားသားဆောင်ရွက်ရန်လိုသည်။ ဒုတိယအချက်အားဖြင့် ရဲရဲဝံ့ဝံ့လုပ်ဆောင်ရန် လိုသည်။ သို့မှသာလျှင် အမှန်တရားသည် ပြည်သူတို့အကြား ပျံ့နှံ့ပေလိမ့်မည်။ ယင်းတို့မှာ တရားစီရင်ရေး၏ မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်သော အစိုးရရှေ့နေများ စွဲကိုင်ထားရမည့်လုပ်နည်းလုပ်ဟန်များပင် ဖြစ်သည်။

သို့ပါ၍ အစိုးရရှေ့နေဖြစ်သော ဥပဒေအရာရှိများသည် အမှုတွင် ပေါ်လွင်သော အကြောင်းအချက်များအပေါ်တွင် နှိုင်းချင့်စဉ်းစား ဝေဖန်သုံးသပ်ပြီး ဥပဒေနှင့်အညီ အပြစ်ရှိသူအပေါ် တရားရုံးက ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ရန်အတွက် အမှုလိုက်ပါဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ တရားစီရင်ရေးဟူသည် အမှန်တရားကို ဖော်ထုတ်ခြင်းဖြစ်ပေရာ ထိုသို့ အမှန်တရားပေါ်ထွက်ရေးအတွက် အစိုးရရှေ့နေဖြစ်သော ဥပဒေအရာရှိများသည် တရားရုံးသို့ ကူညီနေကြသော တရားရုံး၏ ဥပဒေအကျိုးဆောင်များလည်း ဖြစ်ကြပါသည်။

ယခင်ဆိုရှယ်လစ်တရားစီရင်ရေးစနစ်ဖြစ်သော ပြည်သူ့တရားစီရင်ရေးတွင် ဥပဒေဝန်ထမ်းများသည် ယခင်ကာလအစိုးရ ရှေ့နေများကဲ့သို့ အမှုလိုက်ပါဆောင်ရွက်ရသည့် လုပ်ငန်းတွင်သာမဟုတ်ပါ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှ ပြဋ္ဌာန်းလိုက်သော "ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥပဒေ" အရ လည်းကောင်း ၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးမှ ပြဋ္ဌာန်း၍ နိုင်ငံတော်ကောင်စီက ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြဋ္ဌာန်းကြေညာခဲ့သော "နိုင်ငံသားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ" အရလည်းကောင်း ဥပဒေဝန်ထမ်းများသည် ပြည်သူတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရသည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်ပေသည်။

အစိုးရရှေ့နေ၏ တာဝန်ဝတ္တရားမှာ တရားခံကို တရားစွဲရန်သာ ဖြစ်သည်။ နှိပ်စက်ရန် မဟုတ်။

ဥပဒေအရာရှိ (အစိုးရရှေ့နေ)သည် အမှန်တရားပေါ်ပေါက်ရေးကို လုပ်ဆောင်ရာတွင် တရားခံဘက်အကျိုးဖြစ်စေသည့် လုပ်ဆောင်ပေးရသော တာဝန်နှင့်စပ်လျဉ်း၍ သာဓကအားဖြင့် လမ်းညွှန်စီရင်ထုံးအချို့ကို တင်ပြရပါလျှင်-

တရားရုံးရှေ့ထွက်ချက်နှင့် ကွဲလွဲစွာ၊ ရဲရှေ့တွင် ထွက်ဆိုထားသော သက်သေတစ်ဦး၏ ထွက်ချက်အပေါ် တရားရုံးက ယုံကြည်အားထားခြင်းမပြုမိစေရန် အစိုးရရှေ့နေတွင် တာဝန်ရှိကြောင်း- ဘုရင်နှင့် မောင်လွန်းသောင်း၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၃၊ စာ-၅၇၀ တွင်လည်းကောင်း၊ တရားခံအနေဖြင့် အမှုကို ခုခံချေပရာတွင် အသုံးဝင်စေမည့် အချက်အလက်များရှိခဲ့လျှင် တရားခံဘက်သို့ အသိပေးရန် တရားလိုအကျိုးဆောင် အစိုးရရှေ့နေတွင် တာဝန်ရှိသည်ဖြစ်ကြောင်း-မောင်လူနှင့် ဘုရင် ၁၉၃၃ ခုနှစ်၊ စီရင်ထုံး၊ စာ-၃၇၀ တွင်လည်းကောင်း၊ ရဲစက္ကူတွင် အစစ်ခံထားခြင်းမရှိသောအချက်ကို သက်သေသည် တရားရုံးရှေ့၌ ထွက်ဆိုလျှင် တရားလိုအကျိုးဆောင် အစိုးရရှေ့နေမှ တရားခံဘက်အား ပြောပြရန် တာဝန်ရှိကြောင်း- မောင်အောင်တင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခုနှစ် (တရားရုံးချုပ်) စီရင်ထုံး၊ စာ-၁၇၀ တွင် လည်းကောင်း၊ တရားလိုအကျိုးဆောင် (အစိုးရရှေ့နေ)များ၏ အဓိကတာဝန်မှာ တရားထိုက်သင့်မှန်ကန်ရာဖြစ်ရန်ဖြစ်၍ တရားခံ အပြစ်မကျကျအောင် တစ်ဖက်စီးနင်းဆောင်ရွက်ရန် မဟုတ်သည်ကို မမေ့အပ်ချေဟု၊ အတူး(ခ)ကျော်ညွန့်နှင့် ပထစ ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၄၀၅ တွင်

**အစိုးရရှေ့နေဖြစ်သော ဥပဒေအရာရှိသည် ပြစ်မှုကျူးလွန်သူများအား နိုင်ငံတော်၊ တစ်နည်းအားဖြင့် လုပ်သားပြည်သူတို့ပါဝင်သော လူ့အဖွဲ့အစည်း၏ကိုယ်စား ဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုရာတွင် တရားရုံးရှေ့(တရားခွင်)တွင် အမှုလိုက်ပါဆောင်ရွက်ရသောလုပ်ငန်းကို လုပ်ဆောင်ရပါသည်။ တရားစွဲဆိုခံရသူအပေါ် အပြစ်မရှိလျက်နှင့် ထောင်တန်းကျစေ၊ အပြစ်ရစေဆိုသော သဘောဖြင့် "ဆွဲချ" အလုပ်ကို လုပ်ဆောင်ခြင်းမဟုတ်ပါ။**

လည်းကောင်း၊ နိုင်ငံတော်ဘက်ကအမှုကို မျှမျှတတဆောင်ရွက်ရန်မှာ အစိုးရရှေ့နေ၏ တာဝန်ဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ မမှန်မကန် အပြစ်ပေးခြင်းကို (တရားခံ) ရရှိစေရန်မဟုတ်ဘဲ နိုင်ငံတော်ကို ကိုယ်စားပြု၍ တရားရေးမဏ္ဍိုင်ခိုင်မြဲအောင် ကူညီပံ့ပိုးရသူဖြစ်သည်။ ထို့ပြင် တရားရုံးမှာ နိုင်ငံတော်က တရားခံအပေါ် သက်သေ ထင်ရှားပြရာ၌ အောင်မြင်မှုရှိ/မရှိနှင့်သာ သက်ဆိုင်သည်။ တရားခံအပြစ် ရှိ/မရှိကို ဆုံးဖြတ်ရန် လုံးပန်းနေခြင်းမဟုတ်။ အစိုးရရှေ့နေ၏ တာဝန်မှာ မျှမျှတတရှိရန် ဖြစ်သည်။ မိမိလိုက်ပါဆောင်ရွက်နေသော အမှုမှာ မမှန်ကန်ဟု ယုံကြည်နေလျှင် အမှုကို ရုပ်သိမ်းရန်လည်း အစိုးရရှေ့နေတွင် တာဝန်ရှိကြောင်း- မောင်အောင်ကြီးပါ ၂ နှင့် ဘုရင်၊ အတွဲ ၁၄၊ ရန်ကုန်စီရင်ထုံး၊ စာ-၄၅ တွင်လည်းကောင်း၊ ဥပဒေအရ လွဲမှား၍ (တရားခံအပေါ်) အပြစ်ပေးထားသည်ကို တွေ့ရှိလျှင် ရိုးဖြောင့်စွာ အမှန်တရားကို ညွှန်ပြခြင်းသည် အစိုးရရှေ့နေကြီးများ၏ တာဝန်ဝတ္တရားလည်း ဖြစ်သည်။ တရားရုံးများက အမှန်ကို ရှာဖွေရာ၌ အထောက်အကူပြုရာလည်း ရောက်သည်ဟု၊ မောင်သောင်းရီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၆၅ ခုနှစ် စီရင်ထုံး(တရားရုံးချုပ်) စာ-၁၉၈ တွင်လည်းကောင်း စသည်ဖြင့် အသီးသီး စီရင်ထုံးပြု၍ ညွှန်ပြထားသည်များကို လေ့လာတွေ့မြင်နိုင်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ စီရင်ထုံးများတွင် သုံးသပ်ဆုံးဖြတ်ထား ချက်များကို ကြည့်ခြင်းအားဖြင့် အစိုးရရှေ့နေသည် အမှု၏ဖြစ်ရပ်မှန်၊ အမှန်တရားကို ပေါ်ထွက်စေရန်နှင့်အပြစ်ရှိသည့် ပြစ်မှုကျူးလွန်သူအပေါ် ပြစ်မှုထင်ရှားစီရင်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ပြီး အပြစ်မရှိသော တရားခံအပေါ် ပြစ်ဒဏ်ကျခံစေရန် ဆွဲချအလုပ်ကို လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း တွေ့မြင်နိုင်ပါသည်။

ထို့ပြင် တရားလိုဘက်က ပြစ်မှုထင်ရှားပေါ်လွင်အောင် သက်သေနှင့် သက်သေအထောက်အထားများ မတင်ပြနိုင်လျှင် အစိုးရရှေ့နေသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ နှင့် ပြစ်မှုဆိုင်ရာအမှုရုပ်သိမ်းရေးနှင့်ပတ်သက်သည့် နိုင်ငံတော်ကောင်စီက ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ တရားခံအပေါ် တရားစွဲဆိုထားခြင်းကို ရုပ်သိမ်းလိုကြောင်း တရားရုံးသို့ တင်ပြနိုင်သည်။

တရားစီရင်ရေးနှင့်ပတ်သက်၍ ဥပဒေဝန်ထမ်းများသည် အမှုမှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ တရားခံအပြစ်ရအောင်သာ လျှောက်လဲခြင်းမျိုး မကျင့်သုံးအပ်ပေ။ အမှုကို သေချာစွာ လေ့လာသုံးသပ်ပြီး အမှန်တရား ပေါ်လာအောင်သာလျှင် ဆောင်ရွက်ကြရပေမည်။

ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုရာ၌ သေဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြစ်မှုများမှအပ ပြစ်မှုတိုင်းတွင် ပြစ်မှုကျူးလွန်သူ တရားခံဘက်မှ အကျိုးဆောင်ရှေ့နေမရှိနိုင်ပါ။ တရားခံဘက် အကျိုးဆောင်ရှေ့နေ မပါသော သို့မဟုတ် မရှိသောအမှုများတွင် မှန်ကန်သော တရားစီရင်ရေးဖြစ်လာစေရန် တရားခံ၏ ခုခံရေးလမ်းကြောင်းတွင် တရားခံအတွက် အသုံးဝင်စေမည့်အချက်များ ပေါ်ပေါက်လာပါက ဥပဒေပါ အခွင့်အရေးကို တရားခံမှ ခံစားနိုင်ရန်အတွက် အစိုးရ အကျိုးဆောင် ဥပဒေဝန်ထမ်းက တရားရုံးတော်သို့ ကူညီတင်ပြနိုင်သော စီရင်ထုံး အချို့ကို ဖော်ပြရပါလျှင်-

တရားခံသည် ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ပုဒ်မ ၉၇ အရ၊ ကာကွယ်ခုခံပိုင်ခွင့်ကို ထုချေခြင်းမပြုစေကာမူ အမှုတွဲ၌ ပေါ်ပေါက်လာသော အထောက်အထားများအရ ထိုအချက်ပေါ်ပေါက်လာလျှင် တရားရုံးက ထည့်သွင်းစဉ်းစားနိုင်သည်။

- ဘုရင်နှင့်လှမောင် ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၅၀
- မောင်မှတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၅၄ ခုနှစ်၊ စီရင်ထုံး (တရားလွှတ်တော်)စာ-၂၈

သက်သေခံအထောက်အထားတို့မှ ပေါ်လွင်လာသော ပတ်ဝန်းကျင် အကြောင်းခြင်းရာများက တရားခံသည် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ခဲ့ကြောင်း ညွှန်ပြပါမူ တရားခံက ထုချေခြင်းမရှိငြားသော်လည်း ထိုလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုနိုင်သည်။ တရားလိုပြသက်သေများ၏ သက်သေခံချက်များအရ တရားခံသည် ကင်းလွတ်ရမြဲအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်ကြောင်း ထင်ရှားပါက တရားခံက မတောင်းဆိုသော်လည်း တရားရုံးက စဉ်းစားပေးသင့်သည်။

- မောင်နေသိုင်း(ခ)မောင်သိုင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၂ ခုနှစ်၊ စီရင်ထုံး(တရားရုံးချုပ်) စာ-၂၉၁

တရားခံသည် မူလရုံး၌ ကာကွယ်ခုခံပိုင်ခွင့်အရ ပြစ်မှုမမြောက်ကြောင်း ထုချေခဲ့ခြင်းမရှိစေကာမူ ၎င်း၏ ပြုမူချက်မှာ ခုခံကာကွယ်ပိုင်ခွင့်အတွင်း ကျရောက်ကြောင်း သက်သေအထောက်အထားရှိနေလျှင် ယင်းကင်းလွတ်ခွင့် အခွင့်အရေးကို မတောင်းဆိုစေကာမူ အယူခံရုံးအနေဖြင့် ၎င်းအပေါ် သက်သာခွင့်ပြုရန် စဉ်းစားပေးရန် တာဝန်ရှိလေသည်။

- စန်းစန်းမြင့်(ခ)မတင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ စီရင်ထုံး (တရားရုံးချုပ်) စာ-၁၁၇၃/၁၁၇၈

တရားခံသည် စွပ်စွဲချက်အပေါ် လုံးဝငြင်းစေကာမူ၊ အမှုမှာ ယေဘုယျ သို့မဟုတ် အထူးကင်းလွတ်ချက်တွင် အကျုံးဝင်ရန် အကြောင်းရှိသည်ဟု တရားလိုဘက်မှ အထောက်အထားတို့၌ တွေ့ရှိရလျှင် တရားခံကို တရားသေလွှတ်ရမည်။ သို့မဟုတ် ငယ်သောပြစ်မှုဖြင့် အပြစ်ပေးရမည်။

ဘုရင်နှင့် ဦးဓမ္မပါလ(ရန်ကုန်စီရင်ထုံး)အတွဲ ၁၄၊ စာ-၆၆၆(စုံညီခုံရုံး)

အမှုဖြစ်ပျက်အကြောင်းခြင်းရာတို့တွင် တရားလိုသက်သေထွက်ဆိုချက်များ အရပင် တရားခံသည် ပြစ်မှုကျူးလွန်စဉ်က ထုချေခြင်းမပြုခဲ့စေကာမူ သို့မဟုတ် ထိုသို့ဖြစ်ကြောင်း သက်သေပြနိုင်ခြင်း မရှိစေကာမူ ပြစ်မှုဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ရမြဲအချက်၏ သက်သာခွင့်ကို ပေးနိုင်သည်။

- ဒေါ်မယ်ချစ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၇၁ ခုနှစ်၊ စီရင်ထုံး(တရားရုံးချုပ်) စာ-၄၆

ပြစ်မှုကျူးလွန်စဉ်က တရားခံသည် စိတ်ပေါ့သွပ်နေကြောင်း သက်သေထွက်ချက်များအရ ပေါ်ပေါက်လာလျှင် တရားခံကသော်လည်းကောင်း၊ တရားခံ၏ ရှေ့နေကသော်လည်းကောင်း စိတ်ပေါ့သွပ်ခြင်းကို အကာအကွယ်မယူစေကာမူ၊ ရာဇသတ်ကြီး ပုဒ်မ ၈၄ ၏ ကင်းလွတ်ရမြဲအကျိုးကို တရားခံအား ခံစားခွင့်ပေးသင့် သည်။

- မောင်ထွန်းစိန်နှင့် နိုင်ငံတော်အစိုးရ ၁၉၆၂ ခုနှစ်၊ စီရင်ထုံး(တရားရုံးချုပ်) စာ-၃၃၇

သို့ဖြစ်၍ ဖော်ပြပါ စီရင်ထုံးများပါ ညွှန်ပြချက်များနှင့် လမ်းညွှန်မှုသဘောတရားများအရ အစိုးရရှေ့နေဖြစ်သော ဥပဒေအရာရှိများသည် ဆွဲချမဟုတ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။(ဥပဒေအရာရှိ လုပ်ငန်းဘဝ ဆွဲချမလုပ်သည့် ကိုယ်တွေ့လက်တွေ့ကြုံရသည်များကို ဆက်လက်ရေးသားဖော်ပြပါမည်။)

# ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးမှူးများကို သင်တန်းပို့ချ

**မန္တလေး အောက်တိုဘာ ၂၃**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Road Safety and Transport Training Group တို့ပူးပေါင်း ဆောင်ရွက်သော အထက်မြန်မာပြည်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများရှိ ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနမှ ယာဉ်မောင်း စစ်ဆေးရေးမှူးဝန်ထမ်းများကို နိုင်ငံတကာအဆင့်မီ ယာဉ်မောင်းလိုင်စင်စစ်ဆေးသည့်စနစ်လုပ်ငန်း ကျွမ်းကျင်မှုစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က မန္တလေးမြို့ သိပ္ပံလမ်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနေလင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Road Safety and Transport Training Group မှ အဖွဲ့ခေါင်းဆောင် ဦးဝင်းသောင်းက "ယာဉ် မောင်းစစ်ဆေးရေးမှူးတွေကို ခေတ်နဲ့အညီပြောင်းလဲနေတဲ့ ယာဉ်မောင်းလိုင်စင် စစ်ဆေးတဲ့ စနစ်တွေနဲ့အတူ နိုင်ငံတကာ အတွေ့အကြုံရဖို့အတွက် အင်္ဂလန်က ပညာရှင်နှစ်ဦးကို ခေါ်ယူထားပါတယ်။ ကညနက ဝါရင့်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြည်ပအတွေ့အကြုံတွေကို ပြန်လည်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ သင်တန်းမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မော်တော်ယာဉ် တည်ဆောက်မှုအချက်အလက်တွေ ယာဉ်တိုက်ခိုက်မှု အစီရင်ခံစာသင်ခန်းစာ၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးရေး သင်ခန်းစာနဲ့ ပြည်သူ့ဆက်ဆံရေး ဘာသာရပ်တွေကို စာတွေ့လက်တွေ့သင်ကြားပေးသွားမှာပါ" ဟု ပြောသည်။

အဆိုပါသင်တန်း၌ ဝန်ထမ်း ၂၃ ဦးကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများအား အသိအမှတ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးအဖွဲ့ (NSSA) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းလုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အရ ဇူလိုင်လမှ ဩဂုတ်လအထိ စစ်ဆေးအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၂၂၂ ဦးအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ရန်ကုန်မြို့ဗဟိုဆောက်လုပ်ရေး သင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတက်ရောက်အမှာစကားပြောကြားပြီး ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် Assessment Centre များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ယနေ့ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံသားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority -NSSA)က ၂၀၁၇ -၂၀၁၈ဘဏ္ဍာနှစ်တွင် လုပ်သား ၅၀၀၀ ကို ကျွမ်းကျင်မှုအကဲဖြတ်နိုင်ဖို့ လျာထားချက်နဲ့ အဆိုပါ ကျွမ်းကျင်မှုစစ်ဆေးကာ အောင်မြင်သူတွေကို ဒုတိယအကြိမ် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ် ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လမှ ဇူလိုင်လအတွင်း ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သားများကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။




အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Focal Ministry အဖြစ် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်း၍အာဆီယံနိုင်ငံများ၏ ကျွမ်းကျင်မှု"စံ"များနှင့်အညီ လုပ်သားများကို ကျွမ်းကျင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်နေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လုပ်သား ၅၀၀၀ ကို အမျိုးသားအဆင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ကာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး စစ်ဆေးအကဲဖြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ အထိ အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သား Level-1 တွင် ၁၈၅၂ ဦး၊ အလုပ်အကိုင်ရှစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား Level-2 တွင် ၁၁၉ ဦး စုစုပေါင်း အလုပ်အကိုင် ၁၉ မျိုးအတွက် ၁၉၇၁ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နှမ်းပါးသူများ အမှုလာရောက်အပ်နှံလျှင် မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်းက ကူညီမည်

**ဘားအံ အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ကရင်ပြည်နယ်)အနေဖြင့် ဆင်းရဲနွမ်းပါးသောပြည်သူများ အမှုလာရောက်အပ်နှံပါက လိုက်ပါကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ကရင်ပြည်နယ်)ကို တရားဝင်မှတ်ပုံတင်ကာ ဖွဲ့စည်းထားပြီး အသင်း၏ရည်ရွယ်ချက်အတိုင်း ဆင်းရဲနွမ်းပါးသည့် ပြည်သူများ အသင်းကိုလာရောက် အမှုအပ်နိုင်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း (ကရင်ပြည်နယ်) အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးမောင်ပုက ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ခွယ်ကဘောင်မိုတယ်၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပသော မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ကရင်ပြည်နယ်) နှစ်ပတ်လည်အခမ်းအနား၌ ပြောကြားခဲ့သည်။

ရှေ့နေများ၏ တာဝန်နှင့် အခွင့်အရေးများကို မြှင့်တင်ရန်နှင့်ကာကွယ်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ ရှေ့နေများ အားလုံးကို ကိုယ်စားပြုသည့် တစ်ခုတည်းသော လွတ်လပ်၍ အမှီအခိုကင်းသည့် ရှေ့နေအသင်းကြီးအဖြစ် ရပ်တည်ဆောင်ရွက်ရန် ရှေ့နေများ၏ဥပဒေပညာတိုးတက်ရေးနှင့် ရှေ့နေပညာတိုးတက်ရေးတို့ကို ဆောင်ရွက်ရန်၊ နိုင်ငံတော်၏တရားဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများအဆင့်အတန်းကို မြှင့်တင်ရေးအတွက် လိုအပ်သည့်အကြံပြုချက်များ တင်ပြဆွေးနွေးရန်၊ တရားဥပဒေစိုးမိုးရေးအတွက် ပံ့ပိုးကူညီရန်ရည်ရွယ်ပြီး ဖွဲ့စည်းရခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအချက်များ အပါအဝင်အမှုများတွင် ဆင်းရဲနွမ်းပါးသော နစ်နာသူအမှုသည်တို့၏ အခွင့်အရေးများကို ကူညီစောင့်ရှောက်ပေးရန်၊ တရားဥပဒေနှင့် သက်ဆိုင်သည့် အခြားမည့်သည့်ကိစ္စရပ်မျိုးကိုမဆို ကူညီဆောင်ရွက်ပေးရန်၊ နိုင်ငံတော်၏ ဥပဒေအဆင့်အတန်းကို ကမ္ဘာ့ဥပဒေအဆင့်အတန်းနှင့် တစ်ပြေးတည်းရှိရေး အားထုတ်ဆောင်ရွက်ရန် အပါအဝင် ရည်ရွယ်ချက်တွင် အချက် ၁၅ ချက် ပါရှိကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများက အသင်းသားတိုးတက်ရေးနှင့် ပြည်နယ်အတွင်းဥပဒေပြန့်ပွားရေးရှေ့ဆက်လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(ကရင်ပြည်နယ်)ကို အသင်းရုံးချုပ်၏ ညွှန်ကြားချက်ဖြင့် ပြည်နယ်အသင်းသူအသင်းသားများ၏ သဘောတူညီချက်အရ ၂၀၁၆ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် ယနေ့အချိန်ထိအသင်းသား ၆၉ ဦးရှိနေပြီဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ကျိုက္ကစံဆံတော်ရှင် စေတီတော်တွင် ဆီမီးထွန်းပူဇော်ပွဲနှင့် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူဖြစ်သော ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၃၈) ကြိမ်မြောက် တန်ဆောင်တိုင်ဆီမီးထွန်းပူဇော်ပွဲနှင့် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် တန်ဆောင်တိုင် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ကြမည့် ရက်ကန်းအသင်းများနှင့် ကျိုက္ကစံ စေတီတော် ဂေါပကအဖွဲ့၊ စေတီတော်ဝတ်အသင်းများက စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား မသိုးသင်္ကန်းများဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့်အသိပေး

**တမူး အောက်တိုဘာ ၂၃**

တမူးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်သော ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသူရက ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက် ၉ လအရွယ်မှစတင်၍ ထိုးနှံခြင်းမပြုမီ ရောဂါကာကွယ်မှုမရှိသေးသော အသက် ၉ လမှ ၁၅ နှစ်အရွယ်အတွင်း ကလေးများကို ထိုးနှံပေးခြင်းဖြင့် ကလေးများ၏ ရောဂါကာကွယ်မှု၊ ခုခံနိုင်မှုစွမ်းအားကောင်းမွန်စေရန် ရေရှည်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုလျော့နည်းစေရန်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မူလတန်းကလေးများနှုတ်မှုနှင့်ဉာဏစွမ်းရည်တိုးတက်ရေး ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့၌ မူလတန်းအဆင့်ကလေးငယ်များ နှုတ်မှုစွမ်းရည်နှင့် ဉာဏစွမ်းရည်တိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ကိုယ်ပိုင်စာသင်ကျောင်း နှစ်ကျောင်းနှင့်အစိုးရ ထက်၊ လယ်၊ မူ ကျောင်း ရှစ်ကျောင်း စုစုပေါင်းစာသင်ကျောင်း ၁၀ မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးက မုဒိတာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသောအောက်တိုဘာ (၁၁) ရက်မှအောက်တိုဘာ (၁၆) ရက်အထိတစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ပန်းပုရုပ် | ဒီလူည | ၁၅၀၀ | နှစ်ကာလများ |
| ၂ | မြို့ချစ်စိတ်၊ နိုင်ငံချစ်စိတ် | ဆောင်းဝေ (နတ်မောက်) | ၂၀၀၀ | ယဉ်မျိုး |
| ၃ | မာရီကျူရီ | တင်မောင်မြင့် | ၁၅၀၀ | ခူဝံ |
| ၄ | အေမီလီဟာ အီးယားဟတ် | တင့်ဇော် | ၁၅၀၀ | ခူဝံ |
| ၅ | အေးမီခရော့ကတ် | လင်းတည်ဦး | ၁၅၀၀ | ခူဝံ |
| ၆ | ဟယ်ရီဟူးဒီးနီ | သစ်ဦးဇင် | ၁၅၀၀ | ခူဝံ |
| ၇ | မြန်မာဝတ္ထုတိုနှင့် ရာပြည့်ခရီး | ကလောင်စုံ | ၂၃၀၀ | စိတ်ကူးချိုချို |
| ၈ | မြန်မာအစ-မြန်မာက | ဒေါက်တာခင်မောင်လွင် | ၃၀၀၀ | smart |
| ၉ | ခရီးသွားဒိုင်ယာရီ | မေသွန်းခေတ် | ၃၀၀၀ | ယဉ်မျိုး |
| ၁၀ | မမြင်ရတဲ့မြစ် | မောင်သင်းနိုင် | ၂၀၀၀ | ကျော်မွေး |
| ၁၁ | ဆရာဝန်တစ်ဦး၏ ရယ်စရာလွဲလွဲလေးများ | ဟမ်ဝိုင်း (ဆေး-မန်း) | ၂၅၀၀ | နှင်းဆီနီ |
| ၁၂ | ပြုသမျှအမှုကုသိုလ်ဖြစ်စေ ပြောသမျှစကား တရားဖြစ်စေ | ဦးကျော်ဇေယျ | ၂၅၀၀ | မယ်နှင့်မောင် |
| ၁၃ | ၂၁ရာစုမန်နေဂျာတို့အတွက် ခေါင်းဆောင်မှုပညာ Leadership For MBA | ဝင်းသိန်းဦး | ၃၀၀၀ | Future |
| ၁၄ | ငွေကျည်ဆန် (သံမဏိနှင်းဆီဆောင်းပါးများ) | ကောင်းဆက်နိုင် | ၂၀၀၀ | ရသစာပေ |
| ၁၅ | ဒေါက်တာကွိတ် | နတ်နွယ် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၆ | အချစ်ဆိုသည်မှာ | လမင်းမိုမို | ၂၅၀၀ | တကောင်း |
| ၁၇ | လွန်လေပြီးသောမနက်ဖြန် | လရောင်ကျူးရင့် | ၂၅၀၀ | ပတ္တမြား |
| ၁၈ | မဂ္ဂဇင်းဖြတ်သန်းမှု မောင်သစ်ကြည် ကဗျာပေါင်းချုပ် | မောင်သစ်ကြည် | ၂၅၀၀ | ကျော်မွေး |
| ၁၉ | ဗန်းမော်တင်အောင်စာစုစာရင်း | မခင်မေလွင် | ၃၀၀၀ | နှင်းဆီနီ |
| ၂၀ | စာပေရေးရာဆောင်းပါးများ | အောင်သင်း | ၂၇၀၀ | စိတ်ကူးချိုချို |
| ၂၁ | သားအတွက်စကား လက်ဆောင် (၅) | ကောင်းသန့် | ၁၈၀၀ | ကောင်းသန့် |
| ၂၂ | ပညာ၏အစွမ်းနှင့်အခြားပုံပြင်များ | တက္ကသိုလ်ရွှေရီဝင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၃ | ဇော်ဒိုကာ (ဆရာဇော်ဂျီ၏စာပေ အတ္ထုပ္ပတ္တိ) | ဒေါက်တာကျော်စိန် | ၆၀၀၀ | လင်းသစ်ရောင်စဉ် |
| ၂၄ | လစ်ဘရယ်ဝါဒမိတ်ဆက် | ဖြိုးခိုင်လတ် | ၃၀၀၀ | MKS |
| ၂၅ | ကလေးများအတွက် ဝေဖန်သုံးသပ်ခြင်းအတွေးအခေါ် | နောင်ချိုသစ် | ၃၀၀၀ | MKS |
| ၂၆ | လွတ်လပ်မှု၊ ညီမျှမှုနှင့်တရားမှု အယူအဆများ | ကျော်စွာ | ၃၀၀၀ | MKS |
| ၂၇ | ပညာရေးနှင့်ကလေးစာပေ | အိအိခင် | ၃၅၀၀ | MKS |
| ၂၈ | မြန်မာ့စစ်မြေပြင် | မေနှင်းလဲ့မွန် | ၂၅၀၀ | စာပေခရီးသွား |
| ၂၉ | ဓမ္မအလင်းတန်းများ (၅) | ကလောင်စုံ | ၁၅၀၀ | လင်းလွန်းခင် |

# ကျိုက်ထီးရိုးစေတီတော်ကြီး ဘက်စုံဖွံ့ဖြိုးနေစေရန် ဆောင်ရွက်လျက်ရှိ

**မောင်သုတ**



မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာသို့တိုင်အောင် ထင်ရှားကျော်စောသော ဘုရား၊ စေတီတော်များအနက် တစ်ဆူဖြစ်သည့်မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအပါအဝင် သြဇာတိက္ကမကြီးမားသောဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဝင်ပြည်သူများက ယခင်ဂေါပကအဖွဲ့ဟောင်း၏ စီမံဆောင်ရွက်မှုများကို ဝေဖန်ပြောဆိုခဲ့ကြပြီး ဘုရားဖူးပြည်သူများ ကြည်ညိုသဒ္ဓါတိုးပွားစေရေး၊ စီးပွားရေးဆန်သော ကန်ထရိုက်စနစ်များကို ပြုပြင်ဆောင်ရွက်ရေးတို့ကို လိုလားကြောင်း ထောက်ပြခဲ့ကြပါသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျိုက်ထီးရိုးစေတီတော်ဝတ္တကမြေအတွင်း စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည့်စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ခဲ့ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ခေတ်ကာလနှင့် မလျော်ညီသော ကျိုက်ထီးရိုးစေတီတော် ဂေါပကစည်းမျဉ်းကိုလည်း ပြင်ဆင်ရေးဆွဲခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်တွင် မွန်ပြည်နယ်တရားလွှတ်တော်က ကျိုက်ထီးရိုးစေတီတော် ဂေါပကစည်းမျဉ်းသစ်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂(၁)(ဧ)အရ အတည်ပြုခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဂေါပကအဖွဲ့သစ်အနေဖြင့် ရွှေသင်္ကန်းကန်ထရိုက်လုပ်ငန်း၊ အလှူခံပုံးစသည့်ကန်ထရိုက်စာချုပ်စနစ်များကို ပယ်ဖျက်၍ ဘက်စုံပဒေသာပင်အလှူခံဌာနတစ်ခုတည်းသာ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်ရှိ တည်းခိုဆောင်ကန်ထရိုက်စနစ်ကို ပယ်ဖျက်၍ ဂေါပကအဖွဲ့သစ်က တိုက်ရိုက်စီမံကြီးကြပ်ပြီး ဘုရားဖူးပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးအတွက် အခမဲ့တည်းခိုနိုင်ရေးနှင့် သက်သာသောနှုန်းထားဖြင့် တည်းခိုနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊ စီးပွားရေးဆန်သော အနှစ် ၂၀၊ အနှစ် ၃၀ ရေရှည်ကန်ထရိုက်စာချုပ်ပေါင်း ၁၄ မျိုးတို့ကိုပယ်ဖျက်ခြင်းစသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ရှိ တိဿဓမ္မာရုံ(ပထမထပ်)၊ ဆီမီး ၉၀၀၀ ဓမ္မာရုံစသည်တို့ရှိ အခန်း ၂၉ ခန်းတွင် ဘုရားဖူးရဟန်း၊ ရှင်၊ လူ၊ ပြည်သူ ၁၂၆၇ ဦးတို့အား အခမဲ့တည်းခိုနိုင်ရေးနှင့် တိဿဓမ္မာရုံ(ဒုတိယ၊ တတိယ၊ စတုတ္ထထပ်)၊ ပေ ၄၀ ဓမ္မာရုံစသည့် ဓမ္မာရုံများနှင့် တည်းခိုဆောင်တို့ရှိ အခန်း ၃၇၃ ခန်းတွင် ဘုရားဖူး ၁၄၄၀ တို့အား အခပေးတည်းခိုနိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးခဲ့ပါသည်။

အခပေးတည်းခိုဆောင်များတွင် တည်းခိုရာ၌လည်း Air-con၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များ ဝန်ဆောင်မှုပေး၍ တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ ၊ ၁၀၀၀၀ ၊ ၁၅၀၀၀ စသည်ဖြင့် ယခင်နှုန်းထားများထက် များစွာလျှော့နည်းသက်သာသော နှုန်းထားများသတ်မှတ်၍ တည်းခိုနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ယခင်နှစ်တောင်တော်ဖွင့်ပွဲတွင် အလှူတော်ငွေကျပ် ၁၂၇ သိန်းရရှိခဲ့ပြီး ယခုနှစ် တောင်တော်ဖွင့်ပွဲတွင် အလှူတော်ငွေကျပ် ၈၄၄ သိန်းရရှိခဲ့သောကြောင့် ငွေကျပ် ၇၁၇ သိန်းကျော် ပိုမိုရရှိခဲ့သည်။ ယခင်နှစ် ရွှေဆိုင်းအရောင်းလုပ်ငန်းအား ကန်ထရိုက်စနစ်ကျင့်သုံးစဉ်က လေလံကြေး တစ်နှစ်စာငွေကျပ် ၆၃၈ သိန်းကျော် ရရှိခဲ့သည်။ ယခုနှစ်ဂေါပကအဖွဲ့သစ်၏ ကြီးကြပ်မှုဖြင့် ရွှေဆိုင်းရောင်းချခဲ့ရာငွေကျပ် ၉၆၈၅ သိန်းကျော်ရရှိခဲ့သောကြောင့်ငွေကျပ် ၉၀၄၇ သိန်းကျော် ပိုမိုရရှိခဲ့သည်။

ရင်ပြင်တော်အလှူခံပုံးများတွင် ယခင်နှစ်က တစ်နှစ်စာငွေကျပ် ၄၁၁ သိန်းကျော်ရရှိခဲ့ပြီး ယခုနှစ် ဂေါပကအဖွဲ့သစ်တာဝန်ယူသည့်ကာလတွင်ငွေကျပ် ၅၂၉၈ သိန်းကျော်ရရှိခဲ့သောကြောင့် ငွေကျပ် ၄၈၈၇ သိန်းကျော် ပိုမိုရရှိခဲ့သည်။ ဆည်းလည်းအရောင်းလုပ်ငန်းကို ကန်ထရိုက်စနစ်ကျင့်သုံးခဲ့စဉ်ကငွေကျပ် ၁၆၇ သိန်းကျော်ရရှိခဲ့ပြီး ယခုနှစ်ဂေါပကအဖွဲ့သစ်၏ ကြီးကြပ်မှုဖြင့် ရောင်းချခဲ့ရာငွေကျပ် ၂၅၂၁ သိန်းကျော်ရရှိခဲ့သောကြောင့်ငွေကျပ် ၂၃၅၄ သိန်းကျော် ပိုမိုရရှိခဲ့ပါသည်။

ဂေါပကအဖွဲ့သစ် တာဝန်ယူသည့် ၁၅-၁၀-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၁၇ ရက်နေ့အထိ ကျိုက်ထီးရိုးစေတီတော်ကြီးသို့ ပြည်တွင်းဘုရားဖူး ၂ ဒသမ ၆သန်းကျော်နှင့် ပြည်ပဘုရားဖူး ၁ ဒသမ ၁ သိန်းကျော်တို့ လာရောက်ဖူးမြော်ကြည်ညို ခဲ့ကြပါသည်။

ကျိုက်ထီးရိုးစေတီတော်တွင် ဂေါပကအဖွဲ့သစ်လက်ထက်၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်မှုကြောင့် ဂေါပကအဖွဲ့ဟောင်းလက်ထက် ၂၀၁၅-၂၀၁၆ ပွဲတော်ရာသီနှင့် ဂေါပကအဖွဲ့သစ်လက်ထက် ၂၀၁၆-၂၀၁၇ ပွဲတော်ရာသီကာလ အလှူငွေတိုးတက်ရရှိမှုမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| | ၂၀၁၅-၂၀၁၆ ပွဲတော်ရာသီ (တစ်နှစ်) | ၂၀၁၆-၂၀၁၇ (ကျပ်သိန်း) (တစ်နှစ်) | တိုးတက်မှု (ကျပ်သိန်း) |
|---|---|---|---|
| (က) တောင်တော်ဖွင့်ပွဲ | ၁၂၇ သိန်း | ၈၄၄သိန်း | ၇၁၇ သိန်း |
| (ခ) ရွှေဆိုင်းလုပ်ငန်း | ၆၃၈ သိန်း | ၉၆၈၅ သိန်း | ၉၀၄၇ သိန်း |
| (ဂ) အလှူခံပုံး | ၄၁၁ သိန်း | ၅၂၉၈သိန်း | ၄၈၈၇ သိန်း |
| (ဃ) ဆည်းလည်းလုပ်ငန်း | ၁၆၇ သိန်း | ၂၅၂၁သိန်း | ၂၃၅၄ သိန်း |
| (င) ဘုရားရန်ပုံငွေ | ၁.၆ ဘီလီယံ | ၅.၆၅ ဘီလီယံ | ၄.၀၅ဘီလီယံ |

၂၆-၉-၂၀၁၆ ရက်နေ့တွင် ဂေါပကအဖွဲ့ဟောင်းမှ ဂေါပကအဖွဲ့သစ်သို့ လွှဲပြောင်းပေးသည့် စေတီတော်ကြီး၏ ဘဏ္ဍာတော်မှာ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်နှင့် နိုင်ငံခြားငွေမျိုးစုံ ရှစ်သိန်းကျော်ရှိခဲ့ပါသည်။ ဂေါပကအဖွဲ့သစ် စတင်တာဝန်ယူချိန်မှစ၍ တစ်နှစ်တာကာလအတွင်း ဘဏ္ဍာတော်မှာငွေကျပ် ၅ ဒသမ ၆၅ ဘီလီယံကျော်နှင့် နိုင်ငံခြားငွေမျိုးစုံ ၂၅ သိန်းကျော် ရရှိခဲ့သောကြောင့် ဘဏ္ဍာတော်ငွေကျပ် ၄ ဒသမ ၀၅ ဘီလီယံကျော်နှင့် နိုင်ငံခြားငွေမျိုးစုံ ၁၇ သိန်းကျော် တိုးတက်ရရှိလာခဲ့ပါသည်။

ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့သစ်သည် စေတီတော်ရင်ပြင်တော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တောင်တက်ကားလမ်းများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တင်ဒါစနစ်ကျင့်သုံး၍ ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ သာသနာတော်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကိုဘုရားဖူးရဟန်း၊ ရှင်၊ လူ၊ ပြည်သူအားလုံးတို့၏ ဆန္ဒနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်နေစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ နားနေတည်းခိုနိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့က စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။ ဘုရားဖူး ရဟန်း၊ ရှင်၊ လူ ၊ ပြည်သူမည်သူမဆို စေတီတော်ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ ဇယား(၁)ရှိ အခမဲ့ဓမ္မာရုံနှင့် အဆောင်များ၌ စိတ်ချမ်းမြေ့စွာအခမဲ့တည်းခိုနိုင်ပါသည်။

ထို့အပြင် ဘုရားဖူး ရဟန်း၊ ရှင်၊ လူ ၊ ပြည်သူများတည်းခိုနိုင်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ရှိ အောက်ဖော်ပြပါ ဇယား(၂)ရှိ ဓမ္မာရုံများနှင့် တည်းခိုဆောင်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန်အတွက် တည်းခိုလိုသည့် ဘုရားဖူးခရီးသွားပြည်သူများက သတ်မှတ်နှုန်းထားများအတိုင်း ကုသိုလ်ယူလှူဒါန်းငွေထည့်ဝင်၍ တည်းခိုနိုင်ပါသည်။

ဖော်ပြပါ ဓမ္မာရုံများနှင့် တည်းခိုဆောင်များအား မူလပုံစံမပျက် အရှည်တည်တံ့စေရန်လည်းကောင်း၊လက်ရှိခန့်အပ်ထားသော ဝန်ထမ်းများ အလုပ်အကိုင်ဆက်လက်ရရှိစေရန်လည်းကောင်း၊ ဓမ္မာရုံများပြင်ဆင်ထိန်းသိမ်းစေရေးစရိတ်၊ ရေ၊ မီး၊ မိလ္လာနှင့် အခြားအသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် ရည်ရွယ်၍လည်းကောင်း တည်းခိုလိုသည့် ဘုရားဖူး ခရီးသွားပြည်သူများ၏ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်သည်။

ဇယား (၁)

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သော ဦးရေ | ကြီးကြပ်သူ/ ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ (ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ) | ပထပ် | ၆ | ၂၁ | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့ ၀၅၇ ၂၃၉၃၇ |
| ၂ | ဆီမီး (၉၀၀၀)ဓမ္မာရုံ | ပ-ဒု-တထပ် | | ၆၀၀ | ဂေါပကအဖွဲ့ရုံး ၀၉ ၈၇၂၃၁၉၆ ၀၉ ၈၇၂၃၁၉၈ |
| ၃ | ပြည့်စုံ (ရင်ပြင်တော်) | ပ-ဒု-တထပ် | ၁၈ | ၃၆ | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့ ၀၅၇ ၂၃၉၃၇ |
| ၄ | ပြည့်စုံ (မုဆိုးတောင်) | ပ-ဒု-တထပ် | | ၆၀၀ | ဂေါပကအဖွဲ့ရုံး ၀၉ ၈၇၂၃၁၉၆ ၀၉ ၈၇၂၃၁၉၈ |
| ၅ | သုံးထပ်ဓမ္မာရုံ | ပထပ် | ၅ | ၁၀ | ဂေါပကအဖွဲ့ရုံး ၀၉ ၈၇၂၃၁၉၆ ၀၉ ၈၇၂၃၁၉၈ |
| စုစုပေါင်း | | | ၂၉ | ၁၂၆၇ | |

ဇယား (၂)

| စဉ် | ဓမ္မာရုံ | အထပ် | အခန်း | တည်းခိုနိုင်သော ဦးရေ | ဝန်ဆောင်ခ ၁ ဦးအတွက် ကောက်ခံနှုန်း | လုပ်ကိုင်ခွင့်ရရှိသူ/ ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | တိဿဓမ္မာရုံ | ဒု-တ-စထပ် | ၃၉ | ၇၈ | ၁၀၀၀၀ | ဦးခင်တိုး ၀၉ ၄၅၃၉၀၄၄၅၈ |
| ၂ | ပေ ၄၀ ဓမ္မာရုံ | ပ-ဒု-တထပ် | ၈၀ | ၄၀၈ | ၅၀၀၀ | ဦးသန့်ဟန် ၀၉ ၈၆၁၇၅၃၄ |
| ၃ | သုံးထပ်ဓမ္မာရုံ | ဒု-တ-စထပ် | ၆၈ | ၃၀၃ | ၅၀၀၀ | ဦးမောင်နိုင် ၀၉ ၄၅၄၁၉၂၈၅၉ |
| ၄ | ဂေါပကအဖွဲ့ ဓမ္မာရုံ | ပ-ဒု-တ-စ-ပဥ္စမထပ် | ၂၇ ၅၀ | ၅၄ ၁၀၄ | ၁၀၀၀၀ ၁၅၀၀၀ | ဦးနေထက်သိန်းနိုင် ၀၉ ၈၆၁၀၉၉၉ |
| ၅ | တည်းခိုဆောင် (၁)ကြူကြူဝင်း | | ၂၄ | ၁၁၆ | ၅၀၀၀ | ဦးအောင်မြင့်ကို ၀၉ ၉၇၃၇၈၂၁၃၃ |
| ၆ | တည်းခိုဆောင် (၂)ဝင်း | | ၃၉ | ၁၆၅ | ၅၀၀၀ | ဦးဝင်းမြင့် ၀၉ ၉၇၂၀၇၉၄၂၉ |
| ၇ | တည်းခိုဆောင် (၃) (၄)ပွင့်ထူး | | ၄၆ | ၂၁၂ | ၅၀၀၀ | ဦးတင်အောင် ၀၉ ၈၇၂၃၁၂၇ |
| စုစုပေါင်း | | | ၃၇၃ | ၁၄၄၀ | | |

## မုံရွာမြို့ မြေနိမ့်ပိုင်းရပ်ကွက်များ၌ ရေဆိုးများဝင်သည့်ကိစ္စ ကြပ်မတ်ဆောင်ရွက်ရန်လို

**မုံရွာ အောက်တိုဘာ ၂၃**

မိုးရွာမှုအားကောင်းတိုင်း မုံရွာမြို့၏ မြေနိမ့်ပိုင်းရပ်ကွက်များရေထွက်စရာမရှိဘဲ ရေဝပ်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအပါအဝင် မုံရွာမြို့နယ်မှ တာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်ရန်လိုအပ်နေကြောင်း မုံရွာမြို့အနိမ့်ပိုင်းရပ်ကွက် ရေဝင်ရပ်ကွက်နေသူများထံက သိရသည်။

"မိုးရွာပြီဆိုရင် ရေဝင်တော့တာပါ။ အရင်က ရေဆိုးထုတ်မြောင်းဆိုတာရှိပေမယ့် အခုအိမ်တွေက များလာတော့ ရေဆိုးထုတ်မြောင်းတွေ ပျောက်ကုန်ပါပြီ။ ရေက စီးစရာမရှိတော့ ရေဆိုးတွေက တော်တော်နဲ့မထွက်ဘူး။ အရပ်ထဲနေတဲ့သူနဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ စုပေါင်းပြီးစက်နဲ့ စုပ်ထုတ်တာတွေ လုပ်နေပေမယ့် ရေရှည်မှာ မလွယ်ပါဘူး။ ရေဝပ်တာကို လုပ်ငန်းတစ်ရပ်အနေနဲ့ စီမံချက်ဆွဲသေချာဆောင်ရွက်သင့်ပါပြီ။ အခုဟာက တစ်ရပ်ကွက်တည်း တစ်နေရာတည်း ရေဆိုးတွေ ဝပ်နေတာမဟုတ်ဘဲ ဒေါနခြံရပ်၊ အောင်ချမ်းသာရပ်၊ ကွေ့ကြီးရပ်၊ အင်းရွာသစ်ရပ်နဲ့ ထန်းတောရပ် စတာတွေမှာ နေရာအနှံ့ရေဝင်နေတာပါ"ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

မုံရွာမြို့၏ အနိမ့်ပိုင်းရပ်ကွက်များတွင် ဩဂုတ်လမှစတင်ကာ မိုးရေနှင့်ရေဆိုးများကြောင့် နေအိမ်ခြံဝင်းများတွင် ရေဝင်နေသလို သောက်ရေဘုံဘိုင်နှင့်အိမ်သာများ ရေနစ်မြုပ်လျက်ရှိရာ ကျန်းမာရေးမထိခိုက်စေရန် ဂရုစိုက်နေထိုင်နေကြရကြောင်း သိရသည်။

မုံရွာမြို့ရပ်ကွက်များ မိုးရေဝင်ရောက်မှု၊ ရေဝပ်မှုများနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ညွှန်ကြား၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ကာ ချင်းတွင်းမြစ်ရေတံခါးများဖွင့်၍ အင်းများအတွင်းမှ ရေများပြန်ထုတ်ခြင်း၊ ရေဝပ်နေသော အနိမ့်ပိုင်းရပ်ကွက်များအတွင်းရှိ ရေဆိုးများကို စက် အင်အားသုံး၍ ထုတ်ခြင်းများကို အောက် တိုဘာ ၂၀ ရက်က စတင်ဆောင်



ရွက်နေကြောင်း သိရသည်။ ရေထွက်ပေါက် တံခါးများဖွင့်ခြင်းနှင့်အတူ ကာထားသော သဲအိတ်များ ဖယ်ရှားခြင်း၊ ပိတ်နေသော ဒိုက်နှင့် အမှိုက်သရိုက်များကို ဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သံတိုင်ထွန်း**

## မန္တလေး၌ သချာၤအိုလံပစ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်က သချာၤအိုလံပစ်ပြိုင်ပွဲ(တိုင်းအဆင့်)ကျင်းပခဲ့သည်။

အဆိုပါ သချာၤအိုလံပစ်ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(ကျောင်းသားရေးရာ)ဒေါ်ခင်ယုလှိုင်နှင့်အဖွဲ့က ကြီးကြပ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများက ဝင်ရောက်ဖြေဆိုကြရာ ဒသမတန်းတွင် ၂၃၂ ဦး၊ နဝမတန်းမှ ၂၅၀၊ အဋ္ဌမတန်းမှ ၂၅၂ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **စိုးဝင်းဗိုလ်(အရာတော်)**

## ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ရှည်ပျိုးပင်ပေးအပ်

**ကလော အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေးအတွက် ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ချင်းမျိုးစေ့၊ နှစ်ရှည်ပျိုးပင်ပေးအပ်ပွဲကို အောက်တိုဘာ ၁၈ ရက်က နန်းနိုင်ကျေးရွာအုပ်စု မြင်းကပေါ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်အေးက ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ချင်းမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေသြဇာများ(အခမဲ့) ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မျိုးစေ့ တင်း ၅၀၊ ဓာတ်မြေသြဇာ အိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများမှ လက်ခံရယူခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုလက်ထောက်ဦးစီးမှူး ဒေါ်အေးသူဇာလင်းက နိုင်ငံတကာဈေးကွက်ဝင် ချင်းသီးနှံအရည်အသွေးသတ်မှတ်ချက်များနှင့် စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ ပိုးသတ်ဆေးသုံးစွဲရာတွင် သတိပြုလိုက်နာရမည့်အချက်များနှင့် ထောပတ်(ဂျီအေပီ)စနစ်ဖြင့် စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သရက်မြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်

**သရက် အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပိုင် ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ သရက်မြို့ပေါ်ရပ်ကွက်ရှစ်ရပ်ကွက်နှင့် ကျေးရွာများသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ဓာတ်အားဖြန့်ဖြူးမှုကို အောက်တိုဘာ ၂၂ ရက်က စတင်ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းသို့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၊ ဒုတိုင်းအင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် သရက်ခရိုင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

သရက်မြို့နယ်အတွင်း မြို့ပေါ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပိုင် ထရန်စဖော်မာ ၁၆ လုံး၊ အခြားဝန်ကြီးဌာနပိုင်ရှစ်လုံး၊ ပုဂ္ဂလိက(ဘဏ်)ပိုင် သုံးလုံး၊ ကျေးရွာမီးလင်းရေးပိုင် ကျေးရွာခြောက်ရွာ ခြောက်လုံး၊ ထရန်စဖော်မာများသို့ ဓာတ်အားဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

**ပေါက်ကလေး(သရက်)**



## ဧရာဝတီမြစ်အတွင်း ခရီးသွားရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးသဲသောင်တူး

**ကသာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့အနီးရှိ ဧရာဝတီမြစ်အတွင်း ရေနည်းကျဆင်းချိန် ခရီးသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၁၈ ရက်က သဲသောင်တူးဖော်ခြင်းလုပ်ငန်းကို လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ် အရှေ့ဘက်ရှိ ဧရာဝတီမြစ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဧရာဝတီမြစ်ရေလမ်းကြောင်း ခရီးသွားနှင့် ကုန်စည်သယ်ယူပို့ဆောင်မှု ရပ်တန့်မသွားစေဘဲ လိုရာခရီးကို သွားလာနိုင်အောင် မြင်းကောင်ရေ (၆၀၀)ခန့်ရှိ သဲများစုပ်ယူတူးဖော်ရေယာဉ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရာ အားထားနေရသော ရေလမ်းကြောင်းကောင်းမွန်ရေး သဲသောင်ဖောက်ခြင်းကို ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

ထို့အပြင် ဧရာဝတီမြစ်အတွင်း ရေထုမကျဆင်းသေးမီ ရေစီးအားဖြင့် ရေစီးလမ်းကြောင်း ဖောက်လုပ်ရာတွင် အဆင်ပြေအောင် ကြိုတင်ပြီး ယမန်နှစ်ကဲ့သို့ သဲသောင်တူးဖော်ခြင်း လုပ်ငန်းကို လုပ်သားများဖြင့်အနက် ရေစစ်မျဉ်းအောက် ခြောက်ပေခွဲ၊ အကျယ်ပေ ၁၀၀ ခန့် ရေလမ်းကြောင်းကို စတင်ကြီးကြပ်တာဝန်ယူဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **ငွေအိုး (ကသာ)**

## ပြင်ဦးလွင်ရှိ ဒေသမျိုးရင်းသစ်ပင်များစွာ ကွယ်ပျောက်သလောက်နီးပါး ဖြစ်လာ

**ပြင်ဦးလွင် အောက်တိုဘာ ၂၃**

ပြင်ဦးလွင်မြို့နယ်တွင် ရှေးယခင်ကတည်းက ဒေသတွင်း၌ ရှင်သန်ပေါက်ပွားကြီးပြင်းခဲ့ကြသည့် သဘာဝမျိုးစိတ်သစ်ပင် အများအပြား ကွယ်ပျောက်စပြုလာကြောင်း သိရသည်။

“အရင် ဦးလေးတို့ ငယ်ငယ်က ပြင်ဦးလွင်မြို့ရဲ့ဘယ်နေရာကိုပဲ သွားသွား အလေ့ကျပေါက်နေတဲ့ သဘာဝသီးပင်၊ စားပင်တွေကို နေရာတိုင်းမှာ မြင်တွေ့နေရပြီး ကြိုက်နှစ်သက်သလို ခူးယူစားသုံးခဲ့ရတယ်။ ဒေသတွင်းမှာ အရင်က ရှိခဲ့ကြတဲ့ သစ်တော်ပင်၊ မက်မွန်ပင်၊ ကြိမ်သီးစေ့ပင်၊ ရုံးသီးစေ့ပင် ဒီအပင်တွေလည်း မရှိသလောက် ရှားပါးကုန်ကြပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်၊ အနှစ် ၂၀ လောက်အထိ ဝင်းခြံရှိတဲ့အိမ်တိုင်းမှာ မက်မန်းပင်၊ မာလကာပင်၊ သလဲသီးပင် စတာတွေ ရှိနေကြသေးတယ်။ အခု ဒီအပင်တွေကိုလည်း ကျေးရွာတွေသွားမှ ပြန်တွေ့ရတော့တယ်။ နောက်ဆုံး ဒေသတွင်းမှာ ရှင်းမနိုင်အောင် အများဆုံးရှိခဲ့တဲ့ တောဆီးဖြူပင်နဲ့ သဘော်ဆီးဖြူပင်တွေတောင် တော်တော်ရှားနေပြီ” ဟု အသက် ၇၀ ကျော်အရွယ် မြို့ခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်းနှင့် မြို့တွင်း နေရာများ၌ယခုအခါ မြို့ပြရေိယာအဖြစ် ချဲ့ထွင်လာမှု၊ လူနေအိမ်တိုက်တာ အဆောက်အအုံများပြားလာမှု၊ ခြံဝင်းနေအိမ်များအတွင်း၌လည်း သဘာဝမြေပြင်အစား ကွန်ကရစ်ခင်းခြင်းများ ပြားလာမှုနှင့် အခြားဂေဟစနစ်ပျက်စီးယိုယွင်းမှုတို့ကြောင့် ဒေသတွင်းရှိ မျိုးရင်းသစ်ပင်များ ကွယ်ပျောက်သလောက် နီးပါးဖြစ်လာရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပေါင်မြို့နယ်၊ သဲကုန်းကျေးရွာနေ ဦးဂိုင်(ခ)ဦးငွေကိုင်၏သား ဦးခင်မောင်ဦးနှင့် ဦးကျော်ဆန်း ၁၀/ပမန(နိုင်)၀၄၅၆၂၉သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးခင်မောင်ဦး(ခ)ဦးကျော်ဆန်း

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရွှေပြည်သာမြို့နယ်၊ အထက(၂) အထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်ဌေးဌေးမြင့်(ခ)ဒေါ်ဌေးဌေး ၉/မနမ(နိုင်)၀၁၃၇၀၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ဌေးဌေးမြင့်(ခ)ဒေါ်ဌေးဌေး

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်သိန်းဝင်းထွန်း ၉/ဝတန(နိုင်)၁၅၀၇၂၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၅၈၀၄၆

**ပျောက်ဆုံးကြောင်း**
ကျွန်တော်စိုင်းလှဖေ ၁၃/သနန(နိုင်)၀၁၁၂၆၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၈၉၂၃၅၀

**ပျောက်ဆုံးကြောင်း**
ကျွန်တော် စိုင်းကျော် ၁၃/နစန(နိုင်)၁၀၁၂၀၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၄၂၄၉၃၃

**ကံ့ကော်ရိပ်**
၂၀၁၈ ခုနှစ် **အဋ္ဌမတန်း**
စာမေးပွဲအထောက်အကူပြု
မေးခွန်း (၅) စုံနှင့်အဖြေများ
ထပ်မံလေ့ကျင့်ရန်
မေးခွန်းများကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေဆိုထားပါသည်
၂၀၁၈ ခုနှစ် **စတုတ္ထတန်း**
စာမေးပွဲအထောက်အကူပြု
မေးခွန်း (၅) စုံနှင့်အဖြေများ
ထပ်မံလေ့ကျင့်ရန်
မေးခွန်းများကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေဆိုထားပါသည်
မြန်မာစာ ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း)
အင်္ဂလိပ်စာ UTA (ရန်ကုန်တက္ကသိုလ်)
သင်္ချာ Dr.TW(Maths.)
ပထဝီ ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်)
သမိုင်း ခင်စုမေ (သမိုင်းဌာန)
သိပ္ပံ ဒေါက်တာနီ
စာရိတ္တနှင့်ပြည်သူ့နီတိ၊ဘဝတွက်တာကျွမ်းကျင်စရာ
တစ်ဘာသာ(၁)အုပ် ဦးထွန်းထွန်း
ကောရိစ်စာပေ
C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄
၀၉၅၁၂၉၆၇၀
၀၉၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

Gh Lee Gold
ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ................
စိန်ရွှေရတနာဆိုင်
ရွှေစုလိုသော Customer များအတွက်
အခေါက်တုံးများကို ၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း
(လက်ခမပါ) ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext. 801-802)

မအံ SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊ “ပွဲခ လုံးဝ မယူပါ”
09-33 333 511
09-33 333 514
09-33 333 644

အရွယ်မရွေးသုံးစွဲပေး
ရွှေသွေး ရင်လူးဆေး
“ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်”
အဆုတ်အအေးမိခြင်း၊ အစားမှားခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ ချွဲကြပ်၊ ရင်ပြည့်၊ ရင်ကယ်၊ လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်၊
ပင်ရင်း ယခုလိပ်စာအသစ် ။ ။ မြဲအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR-005458 (0317) ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**လမ်းတံတားဌာန**
**ယာဉ်အန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများအတွက်**
**မြို့တွင်းမောင်းနှင်ရမည့်**
**မိုင်နှုန်းပြဆိုင်းဘုတ်များတပ်ဆင်ခြင်းနှင့် Guard Rail (Double)**
**တပ်ဆင်ခြင်းလုပ်ငန်းများအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်ကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် မြို့တွင်းမောင်းနှင်ရမည့် မိုင်နှုန်းပြဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ စာသင်ကျောင်းများရှိသည့်နေရာတွင် မောင်းနှင်ရမည့်မိုင်နှုန်းပြဆိုင်းဘုတ်များတပ်ဆင်ခြင်းနှင့် Guard Rail (Double) တပ်ဆင်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၇ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁၁-၂၀၁၇ ရက် (သောကြာနေ့) ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အရှေ့ဒဂုံစက်မှုဇုန်တွင်အလုပ်ရုံနှင့်ရုံးခန်းဆောက်လုပ်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(Pacific High Technology Services Co.,Ltd.)ပစိဖိတ်အဆင့်မြင့် နည်းပညာဝန်ဆောင်မှုကုမ္ပဏီလီမိတက်သည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ဆိုင်ရာ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံသားပိုင်ကုမ္ပဏီဖြစ်ပါသည်။

အလုပ်ရုံနှင့် ရုံးခန်းအသစ်ကို နိုင်ငံတကာအဆင့်မီဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။ အဆောက်အအုံ၏ အကျယ်အဝန်းမှာ အောက်ပါဇယားတွင် ဖော်ပြပေးထားပါသည်။

| အမျိုးအစား | Steel Structure |
|---|---|
| အလျား | ၁၂၁.၉၂ မီတာ |
| အနံ | ၃၆.၅၇၆ မီတာ |
| အမြင့် | ၉ မီတာ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ
**တင်ဒါအဆိုပြုလွှာ ရယူနိုင်သည့်နေရာ** - ပစိဖိတ်အဆင့်မြင့် နည်းပညာဝန်ဆောင်မှုကုမ္ပဏီ လီမိတက်၊ အမှတ်-၁၁၇၊ အိုအေစစ်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၆၅၁၇၇၁

**www.pacificoilandgasmm.com/engineering.htm**
**https://www.facebook.com/Pacific**
**HighTechnologyEngineering Services**

## Invitation for Tender to Build "New Workshop Construction"

Pacific High Technology Services Co.,Ltd is the leading technical services provider in the oil & gas and energy sectors of Myanmar.

We would like to invite contractors to build for"New Workshop Construction".

Please see the following table of the building parameters.

| Building Type | Steel Structure |
|---|---|
| Length | 121.92m |
| Width | 36.576m |
| Height | 9m |

You can buy and inquire the following address within working hours. If you have further question more about the tender,please feel free contact us.

**Issue Date of Tender** : 27-10-2017
**Closing Date of Tender** : 14-11-2017
**Address** : Pacific High Technology Services Co.,Ltd
No.117,Oasis Lane, Pyay Road, Myan Gone, Township, Yangon, Myanmar.
Ph:+95-1-651771

**www.pacificoilandgasmm.com/engineering. htm**
**https://www.facebook.com/pacific**
**HighTechnology Engineering Services**

**အမည်မှန်**

လားရှိုးမြို့၊ အမက(၂၇) မူလွန်၊ ပဋ္ဌမတန်းမှ မောင်အောင်ထွန်းဦး၏ အမည်မှန်မှာ မောင်ဇော်ထွန်းနိုင် ဖြစ်ပြီးဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင် ၁၃/လရန(နိုင်)၁၀၇၉၈၅ ဖြစ်ပါသည်။

**အမည်မှန်**

လားရှိုးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်းမှ မထက်လျှန်ဝေ၏ အမည်မှန်မှာ မထက်သျှန်ဝေ ဖြစ်ပါသည်။

**အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို အလုပ်သမားဆေးရုံကြီးများတွင် ဆေးဆိုင်ဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများနှင့် လူမှုဖူလုံရေးဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၇ ရက်မှ ၁-၁၁-၂၀၁၇ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်**- ၂၃-၁၁-၂၀၁၇ ရက်
(ဂ) အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ်၊ ဆေးဌာန ဖုန်း-၀၆၇-၃၄၁၇၉၁၆၊ ၀၆၇-၃၄၁၇၉၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၁၀-၂၀၁၇ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် (၁/၂၀၁၇)**
**၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်**
**၂၀၁၇ခုနှစ် အောက်တိုဘာ ၂၄ ရက်**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀)ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရန် အောက်ပါသတ်မှတ်ချက် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်၊
(ဂ) ကျန်းမာသန်စွမ်း၍ နိုင်ငံတော်အတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဃ) ၃၁-၁၀-၂၀၁၇ရက်တွင် ရိုးရိုးဘွဲ့ရရှိပြီးသူများ အသက်(၂၇)နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့ရရှိသူများ အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကိုရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီးရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများ၌ထပ်မံကြော်ငြာသွားမည် ဖြစ်ပါသည်။

၃။ စာမေးပွဲကြေးကျပ် ၃၀၀၀ ကို လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်၊ ငွေစာရင်းခေါင်းစဉ်အမှတ် (MD-010237)သို့ပေးသွင်းရမည်ဖြစ်သည်။ သတ်မှတ်ထားသော လျှောက်လွှာများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ဝင်ကြေးငွေ၃၀၀၀ကျပ်ပေးသွင်းသည့် ချလန်မူရင်းပြသ၍ ထုတ်ယူနိုင်သည်။ လျှောက်လွှာထုတ်ယူသည့်နေရာ၌ ၃၀-၁၁-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာများကို တင်သွင်းရမည်။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-
(က) ဝင်ကြေးငွေသွင်းသည့်ချလန်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူမှန်(ရေးဖြေစာမေးပွဲလာရောက်သည့်အခါ မူရင်းပြသနိုင်ရမည်။)
(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ် မိတ္တူမှန် (ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
(ဃ) နှစ်လအတွင်းရိုက်ထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ၊
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်၊
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊
(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်၊

၄။ ဝန်ထမ်းဖြစ်ပါက မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို လျှောက်လွှာထုတ်ယူသည့်နေရာ၌ တင်သွင်းရမည်။

၅။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ မန္တလေး၊ ရန်ကုန်စာစစ်ဌာနများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ လူတွေ့စစ်ဆေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(ရုံးချုပ်) ရုံးအမှတ် (၁၀)၊ ဖုန်း-၀၆၇-၃၄၁၂၄၀၆၊ ၀၆၇-၃၄၁၂၄၁၄တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**NATIONAL ELECTRIFICATION PROJECT**
**Invitation for Bids**

**Date: 23rd October, 2017**
**SPECIFIC PROCUREMENT NOTICE**
IDA Credit No. : 5727-MM

**Contract Title: Surge Arrester, Fuse, Transformer Accessories, Medium Voltage Cable & Low Voltage Cable (Accessories) for National Electrification Project**
**Reference No. : C1-G6**

1 The Ministry of Electricity and Energy has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for Accessories for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of Accessories for MV overhead lines & Distribution Transformers, to be delivered in 2018 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods will be grouped into 7 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:

- The minimum average annual turnover of the last three years shall be as follows:

| Lot no. and description | Amount in USD (million) |
|---|---|
| Lot 1 – Accessories package for Yangon | 0.5 |
| Lot 2 – Accessories package for Mandalay | 1.0 |
| Lot 3 – Accessories package for Kayin, Mon | 0.3 |
| Lot 4 – Accessories package for Kachin, Kayah, Chin, Sagaing, Naypyitaw | 2.5 |
| Lot 5 – Accessories package for Bago(E) | 1.5 |
| Lot 6 – Accessories package for Ayeyarwaddy | 1.5 |
| Lot 7 – Accessories package for Rakhine, Shan(E), Shan(N), Shan (S), Magwe, Bago(W) | 6.0 |

- The bidder should have past experience of having satisfactorily completed during the last 5 years at least two contracts for supply of similar value for similar goods.

More information is included in the bidding documents.

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers[edition of January 2011 revised in July 2014] ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No.(27), Ministry of Electricity and Energy, nep.pmomoep@ gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time at the address given below.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

In case of any difficulty in obtaining the bidding documents, interested parties may contact in writing:

Director General, Department of Electric Power Planning
Office No(27), Ministry of Electricity and Energy
City : Nay Pyi Taw
Country : The Republic of the Union of Myanmar
Telephone : +95 67 410203
Facsimile : +95 67 410077
E-mail : nep.pmomoep@gmail.com
Web site : http://www.moep.gov.mm

7. Bids must be delivered to the address below on or before 12th December 2017, 10:00 hrs (10:00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on 12th December 2017, 10:00 hrs (10:00 am) Myanmar time.

8. All bids must be accompanied by a Bid Security as stated in ITB 19.1 Bid Data Sheet of the bidding document.

9. The address referred to above is:
Attention : Director General Office, Department of Electric Power Planning Office No (27), Ministry of Electricity and Energy, Nay Pyi Taw The Republic of the Union of Myanmar
Place : Office no. 27, Ground Floor, Meeting Room, Ministry of Electricity and Energy

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 9B/9564 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 9B/9886 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/6514 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (နေပြည်တော်)**

## ငါးကျွမ်းပြန်သာသနာ့ရိပ်သာ

## (၄၄)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ ငါးကျွမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာတွင် ဦးစီးပဓာနနာယကဆရာတော်ဒေါက်တာအရှင်ဓမ္မပိယ Ph.D(USA) ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အမှုးပြုသော နာယကဆရာတော်၊ ဝန်ဆောင်ဆရာတော်၊ မေတ္တာနန္ဒသာသနာ့ကောလိပ် စာသင်သား သံဃာတော်များနှင့် နိုင်ငြေခံသာမဏေများ အပါး၁၅၀ နှင့် ပင့်သံဃာအပါး ၅၀ စုစုပေါင်းအပါး ၂၀၀ တို့အား စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းဆက်ကပ်ပွဲကို ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်၊ ၂-၁၁-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လိုသူများသည် သင်္ကန်းတစ်စုံလျှင် ၉၀၀၀ိ/-ကျပ်၊ ဆွမ်းတစ်ပါးလျှင် ၁၀၀၀ိ/-ကျပ်နှုန်းတို့ဖြင့် သဒ္ဓါတတ်အားသရွေ့ ကုသိုလ်ပါဝင်နိုင်ရန် အကျိုးဆောင်အဖွဲ့ ဖုန်း-၀၉-၁၀၁၉၄၀၈၀၊ ၀၉-၅၁၀၇၄၂၀၊ ၀၉-၅၁၇၁၃၇၃ နှင့် ၀၉-၄၅၀၀၀၁၀၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရခိုင်မိသားစု (ဂျီတီအိုင်) ကျောင်းသား ကျောင်းသူဟောင်းများအသင်း ဒုတိယအကြိမ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

ရခိုင်မိသားစု(ဂျီတီအိုင်) ကျောင်းသား ကျောင်းသူဟောင်းများအသင်း၏ ဒုတိယအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများအားလုံးနှင့် ကျောင်းဆင်းညီအစ်ကိုမောင်နှမအပေါင်းတို့အား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက်၊ ကြာသပတေးနေ့ |
| အချိန် | - | နံနက် ၉ နာရီမှ ၁၂ နာရီထိ |
| နေရာ | - | သီရိမင်္ဂလာအေးပရိယတ္တိစာသင်တိုက် (ဇမ္ဗူအေးကျောင်းတိုက်ဝင်း)၊ ၆ ကွေ့မှတ်တိုင်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |

**(အမှုဆောင်အဖွဲ့)**

**ဆက်သွယ်လှူဒါန်းရန် -**

ဦးထွန်းအောင်သာ ဖုန်း-၀၉-၄၂၁၁၁၅၅၁၃၊
ဒေါ်မြမြထွန်း ဖုန်း-၀၉-၂၅၃၄၆၈၄၇၅

## အထက (ရေကြည်) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာနှင့် (အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ) အကြိုညှိနှိုင်းဆွေးနွေးပွဲ

မြင့်မြတ်သောကျေးဇူးရှင် ဆရာ ဆရာမတို့၏ဂုဏ်ကျေးဇူးကို သိနားလည်သောအားဖြင့် အထက (ရေကြည်) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၃ ရက် (အမျိုးသားအောင်ပွဲနေ့)တွင် ယခင်နှစ်များနည်းတူ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အဝေးရောက်-ကျောင်းသား ကျောင်းသူဟောင်းများ) အကြိုညှိနှိုင်းဆွေးနွေးပွဲကိုလည်း အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **နေ့ရက်** | - | ၅-၁၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - | နံနက် ၁၁း၃၀ နာရီ |
| **နေရာ** | - | အောင်ဆန်းခန်းမ၊ အထက-၆၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့ (ဗိုလ်အောင်ကျော်လမ်းဘက် ဝင်ပေါက်မှဝင်ရန်) |

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ဆရာဦးကြည်သန်း | ဖုန်း-၀၉-၅၀၃၇၈၃၈ | ဦးကျော်ဦး | ဖုန်း-၀၉-၂၅၄၀၂၂၂၆၇၉ |
| ဦးဌေးနိုင်ဝင်း | ဖုန်း-၀၉-၅၀၆၂၆၆၆ | ဦးစောထွန်းဝေ | ဖုန်း-၀၉-၅၁၇၅၂၄၃၃ |
| ဦးကျော်ရွှေ | ဖုန်း-၀၉-၅၁၀၄၃၅၈ | ဦးမျိုးလွင်အုန်း | ဖုန်း-၀၉-၅၀၈၄၇၇၁ |
| ဦးသက်နိုင် | ဖုန်း-၀၉-၄၂၀၃၃၀၄၆၃ | ဒေါ်သဇင်ဆွေ | ဖုန်း-၀၉-၅၁၉၂၁၀၉ |
| ဦးမျိုးဝင်း | ဖုန်း-၀၉-၅၁၇၆၅၅၂ | ဒေါ်နွဲ့နွဲ့အေး | ဖုန်း-၀၉-၅၀၅၉၂၉၀ |

## ပခုက္ကူခရိုင်အသင်း(ရန်ကုန်)

## စုပေါင်းမဟာဘုံကထိန်ပွဲဖိတ်ကြားလွှာ

ပခုက္ကူခရိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ပခုက္ကူဓမ္မာရုံကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ၊ ခရိုင်သူ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ပါရန်နှင့် သင်္ကန်းလှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို ဖုန်း-၀၉-၇၉၉၈၇၆၀၂၄၊ ၀၉-၅၀၂၀၁၃၃၊ ၀၉-၂၅၀၈၉၄၃၉၀၊ ၀၉-၇၃၀၇၇၇၅၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အညာထမင်းနှင့်ဟင်း ဧည့်ခံကျွေးမွေးပါမည်။

**အမှုဆောင်အဖွဲ့**
**ပခုက္ကူခရိုင်အသင်း(ရန်ကုန်)**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေရတနာနှင့် ဘုရားကြီးကုန်းကျေးရွာအုပ်စု ကျုံလမုအစုကြီး အလယ်တန်းကျောင်း (ခွဲ) သတ္တမတန်းမှ မခက်ခက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၁၄/မမက(နိုင်)၁၀၇၉၅၁ ဖြစ်ပါသည်။

**ကျော်မင်းဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/3110 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

မိသားစုအတွက် မားမတ်ရပ်တည် ကြည်သာရွှင်ပျ လိုတရအောင် စွမ်းဆောင်ပေးပါသော ကျေးဇူးရှင်

ချစ်သောဖေဖေ

## ဦးကိုကိုထွေး (လူမှုထူးချွန်ပထမအဆင့်)

## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

၏ မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နှစ်ပေါင်းကြာရှည်တိုင်သည်အထိ ဖေဖေချစ်သော ချစ်ဇနီး၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ဘဝခရီးလမ်းကို ရွှင်လန်း ချမ်းမြ ပျော်ရွှင်စွာဖြင့် လျှောက်လှမ်းကာ ဖေဖေ့ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး - သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း

ချစ်သမီးများ - မဂုဏ်ရည်ထွေး ၊ မသီရိထွေး

ချစ်မြေးများ - ကောခိုင်မျိုး၊ စုသက်မျိုး

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၁ နှင့်ဆက်နွှယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅**

| | | |
|---|---|---|
| ဦးဖြိုးဝေလင်း | နှင့် | ဦးဒဗလျူဂျေဖော့မစ်ချဲ |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာတွင်နေထိုင်သူ ဦးဒဗလျူဂျေဖော့မစ်ချဲ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၅၁တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဖြိုးဝေလင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချောစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အနောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၄၊ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ၁၉-ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ် ၂၃၊ မြေကွက်အမှတ် ၄၆၊ ဧရိယာ ၀ ဒသမ ၀၉၁ ဧကအကျယ်ရှိ နှစ် ၃၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးမျိုးသူ ၁၂/လသန(နိုင်)၀၀၃၄၇၀+(၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)**

| | |
|---|---|
| **ရုံးခန်း(၁)-အမှတ် ၅၆၁၊ MAC Tower အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့** | **ရုံးခန်း(၂)-ယူနိုက်တက်ကွန်ဒို၊ အခန်း ၂၀၇၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁) ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ပုဂံ(၁)လမ်းနှင့် ခတ္တာ(၁၄)လမ်းထောင့်၊ မြေကွက်အမှတ် ဥ-၃၃၈၃၊ အကျယ်အဝန်းပေ (၁၀၀× ၁၁၀) ခန့်ရှိမြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဦးတင်လတ် ၇/ဖမန(နိုင်)၀၀၁၉၀၅ အမည်ဖြင့် အမည်ပေါက်ထားပြီး ၎င်းအမည်ပေါက်သူထံမှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘသင်း ၅/ရဘန(နိုင်)၀၂၄၂၅၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း (စဉ်-၃၇၅၂၉) အထက်တန်းရှေ့နေ**
**အမှတ် (၁၁/၁၀)၊ ဦးဘွားလမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၁၈၄၄၂၊ ၀၉-၄၄၂၂၆၁၆၁၆**

## ကြော်ငြာစာ

**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၅၄-က၊ ၅၅နှင့် ၅၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈၃**
**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၅၄က၊ ၅၅နှင့် ၅၆ တို့အရ အတည်ပြုပေးပါရန် လျှောက်ထားသည့်အမှု)**

OK Tun Co., Ltd — **လျှောက်ထားသူ**
(၎င်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုထွန်း)၊ အမှတ် ၄၇၊
ကျိတ်တန်းလမ်း၊ မကျီးတန်းမြောက်အရှေ့
ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းမြောက်အရှေ့ရပ်ကွက်၊ ကျိတ်တန်းလမ်း၊ အမှတ် ၄၇ တွင် ဖွင့်လှစ်ထားသော OK Tun Co.,Ltd. က မတည်ရင်းနှီးငွေနှင့် ကနဦးမတည်ရင်းနှီးငွေလျှော့ချခြင်းကို အတည်ပြုပေးပါရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၅၄-က၊ ၅၅ နှင့် ၅၆ တို့အရ လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟုအဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၇ ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မူခင်းမှတ်တမ်းများကိုကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော OK Tun Co.,Ltd.၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အကွက်အမှတ် ၁၃/၁-က၊ ဦးပိုင်အမှတ် ၁၁၃၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကပေါ်ရှိ အိမ်ခြံဝင်းမြေအား ကျွန်မဒေါ်ဖောင်နူးက အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်သည် ဒေါ်ကော့အိန် အမည်ပေါက်ဂရန်ဖြစ်ပြီး ဒေါ်ကော့အိန်သည် ဒေါ်ဂျာဖာထံ အပြီးအပိုင်ရောင်းချခဲ့ရာ ဒေါ်ဂျာဖာမှတစ်ဆင့် ဒေါ်ကိုင်ဘရန်က ဝယ်ယူပြီး ဦးနူးဇော်ထံ ထပ်မံရောင်းခဲ့ပါသည်။ ဦးနူးဇော်မှတစ်ဆင့် ဒေါ်ဖောင်နူးက ၂၈-၄-၂၀၀၉ ၌ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါအိမ်ဝင်းမြေ၏ဂရန်ကို ဒေါ်ဖောင်နူးအမည်သို့ အမည်ပြောင်း၊ ဂရန်သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကန့်ကွက်လိုသူရှိပါက မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤကြေညာသောရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိခဲ့ပါက အထက်ဖော်ပြပါအိမ်ခြံဝင်းမြေကို ဥပဒေနှင့်အညီ အမည်ပြောင်း၊ သက်တမ်းတိုးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖောင်နူး**
**အမှတ် ၅၀၆၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8512 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9565 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/2761 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8513 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9560 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)တောင်၊ မြေကွက်အမှတ် ၉၈၆/ခ၊ မြေကွက်တည်နေရာအမှတ် ၉၈၆/ခ၊ ရန်ပြေ ၄ လမ်းရှေ့၊ ၂ တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးသာအောင် ၁၂/သကတ(နိုင်)၀၁၆၀၄၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးသာအောင်သည် ၁၀-၂-၂၀၁၂ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်ရွှေသည် ၁၂-၅-၂၀၀၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် (၁)ဦးဇော်ထွန်းနိုင် ၁၂/သကတ(နိုင်)၁၂၃၉၁၄၊ (၂) ဒေါ်စမ်းဝင်းမော်ဦး ၁၂/သကတ(နိုင်)၁၅၇၈၇၈ တို့မှ သားသမီးအရင်းများအဖြစ် မိမိတို့မောင်နှမနှစ်ဦးတည်းကိုသာ မွေးဖွားကြောင်း၊ အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်းနှင့် သားသမီးများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၂၈-၄-၁၇ ရက်စွဲပါ ကျမ်းကိုန်လွှာအမှတ်စဉ် ၆၀၀၉/၂၀၁၇၊ ထပ်ဆင့်ကျမ်းကိုန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)

(မအူပင်)

OTS(၂၁) ခမရ(၅)

အသက်(၈၃)နှစ်

ဦးထွန်းမြင့်၊ ဒုတိယအမြဲတမ်းအတွင်းဝင်(ရုံးအဖွဲ့မှူး)၊ စက်မှုဝန်ကြီးဌာန-ဒေါ်သီဂီမော်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)သည် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) ည ၁၀း၄၀နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

## ဦးဇော်မျိုးအောင်

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ ဦးအောင်သန်း(ငြိမ်း) အထည်ချုပ်စက်ရုံအမှတ်(၁၀)၊ ဒေါ်ကြည်ကြည်သန်းတို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မောင်းထောင်စံပြကျေးရွာနေ ဦးမြင့်ဆွေ-ဒေါ်ရှုတို့၏သားသမက်၊ ဒေါ်သူဇာမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံမြင့်အောင် (ဆဋ္ဌမတန်း၊ CAE)၊ မောင်အာကာမြင့်အောင်(တတိယတန်း၊ CAE)တို့၏ဖခင်သည် ၂၃-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မျိုးအောင်

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

ညှိနှိုင်းဆောင်ရွက်ရေးဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အသက်(၄၆)နှစ်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ဌာနမှူး ဦးဇော်မျိုးအောင်သည် ၂၃-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မျိုးအောင်

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ညှိနှိုင်းဆောင်ရွက်ရေးဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အသက်(၄၆)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ဌာနမှူး ဦးဇော်မျိုးအောင်သည် ၂၃-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြို့တော်ဝန်နှင့်ဝန်ထမ်းများ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇော်မင်းထွေး (ငြိမ်း)

OTS-91

ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန

အသက်(၄၇)နှစ်

အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဗိုလ်မှူးဇော်မင်းထွေး(ငြိမ်း)သည် ၂၂-၁၀-၂၀၁၇ရက် နံနက် ၃း၂၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်နှင့်
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်

အသက်(၇၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးစိုးမြင့်၏မိခင် ဒေါ်မြင့်သည် ၁၄-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကောင်းထိုက် (တပ်မတော်-လေ)

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)

အသက်(၃၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးကောင်းထိုက်(တပ်မတော်-လေ)သည် ၅-၉-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ကြည် (ဖျာပုံ)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ အမှတ် ၁၁/ခနေ ဦးဖိုးလှ-ဒေါ်အေးမြတို့၏သမီး၊ ဦးတင်ထွဋ်-ဒေါ်ငွေငွေရီ၊ ဦးမြင့်အောင်-ဒေါ်နီလာတို့၏ချစ်လှစွာသောမိခင်၊မောင်မျိုးသက်-YAMADA MIKI၊ မောင်ကျော်စွာလင်း-မစိုးနွယ်နွယ်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်ခင်မြစိန် အသက်(၈၇)နှစ်

ကန်တော့ခံဆရာမကြီး၊ အထက(၁)တာမွေ(အငြိမ်းစား)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၉၀(အပေါ်ထပ်)နေ (ဦးဘရှင်-ဒေါ်တင့်)တို့၏သမီး၊ (ဦးမြမောင်-ဒေါ်သိန်း)တို့၏ချွေးမ၊(ဦးညွန့်မောင်-ဒေါ်နီနီ)၊(ဦးကြည်-ဒေါ်လှိုင်)တို့၏ညီမ၊ (ဦးကျော်ကျော်၊ အကောက်ခွန်)၏ဇနီး၊ (ဦးသန်းထူး)-ဒေါ်ခင်ကျော်ကျော်၊ (ဦးသန့်စင်ဦး)-ဒေါ်အေးကျော်ကျော်၊ (ဦးလှမိုးကျော်)၊ (ဒေါ်ဥမ္မာကျော်)၊ (ဦးစိုးဝင်းကျော်)၊ ဒေါ်ဝါဝါကျော်တို့၏မိခင်၊ ဦးစည်သူအောင်-ဒေါ်လင်းလင်းခိုင်၊ ဦးအောင်ကျော်ဖြိုး၊ ဦးအောင်ကျော်မျိုးတို့၏အဘွား၊ တူ/တူမ ၁၆ယောက်တို့၏အဒေါ်သည် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့) ည ၈း၃၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မာဂရက်ဒွန်း(ခ)ဂါ့မိုင်ထောင်

အထက်တန်းပြ(ငြိမ်း)၊ အထက(၁)ကလေးမြို့

အသက်(၈၄)နှစ်

မြန်မာ့တပ်မတော်၏ ပထမဦးဆုံးကာကွယ်ရေးဦးစီးချုပ် (ဗိုလ်ချုပ်ကြီး စမစ်ဒွန်း-ဂါ့ဝင်နီဒွန်း)တို့၏ချစ်လှစွာသောသမီး၊ (ဦးဇော်ဝင်း)-ဒေါ်အဲဗလင်းဒွန်း(မြန်မာ့ခရီးသွားဧည့်လမ်းညွှန်၊ ငြိမ်း)၊ ဦးဟေးလ်တန်-ဒေါ်မာစီဒွန်း(ကျန်းမာရေး၊ ငြိမ်း)၊ ဦးအဲလ်ဘတ်-[ဒေါ်ဂရေစီဒွန်း(ခ)ဒေါ်ဆွေဆွေသင်း (သူနာပြုအုပ်)]တို့၏အစ်မ၊ (နန့်ထီးနာဇော်)၊ စပ်မျိုးဇော်-မသန္တာဝင်း၊ စပ်ဇော်လင်း-(ဒေါ်ချယ်ရီ)၊ (စပ်ဇော်ဒွန်း)၊ ဦးသန်းစိန်(ခ)ဦးလဘုတ်-နန့်လီလီဂိုက်၊ စရာထူဂေါင်း-မဝါဝါထွန်း၊ နန့်သီဂီ(Campus Crusade For Christ)၊ စစိုးမှန်-နော်လားဘွယ်၊ နန့်ခရစ္စတီးနား၊ စလှမြင့်ထွန်း-မယမင်းအေး၊ စကျော်ထက်၊ နန့်စန္ဒာဝင်း(တရားလွှတ်တော်ရှေ့နေ)၊ မောင်တင်ဇော်ထွေး-နန့်ဆွေမြင့်မိုရ်ဒွန်း၊ စနေဒွန်းဝမ်း-မစုစန်နာ၊ အန်ထော်နီ-နန့်လီလီနိုင်ဒွန်းတို့၏အဒေါ်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀နာရီတွင် ကလေးမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကလေး ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ကလေးမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးစိုးနိုင် (ငြိမ်း)

OTS-40

အသက်(၇၄)နှစ်

Victory Myanmar Group Co., Ltd. ဧယျာဝတီ အရက်ချက်စက်ရုံနေ ဗိုလ်ကြီးစိုးနိုင်(ငြိမ်း)သည် ၂၂-၁၀-၂၀၁၇ရက် နံနက် ၈း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ဖြူးမြို့ ကျောင်းစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းနှင်းဝေ (B.Ecom)

အသက်(၆၃)နှစ်

မန္တလေးမြို့နေ(ဦးကိုကြီး-ဒေါ်သာတင့်)တို့၏သမီး၊ (ဦးဘိုရုံ-ဒေါ်ညွန့်စိန်)တို့၏သမီးချွေးမ၊ (ဦးသန်းညွန့်-ဒေါ်တုတ်တုတ်)၊ (ဦးမောင်မောင်)-ဒေါ်ခင်နုရီ၊ (ဦးကျော်ဇေယျ-ဒေါ်ခင်တုတ်)၊ (ဦးထွန်းလှအောင်)-ဒေါ်ခင်ဆွေမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်မာရီ၊ ဒေါ်မြမြ၊ ဦးသန်းထွန်းအောင်-ဒေါ်စန္ဒာ၊ ဒုဗိုလ်မှူးကြီး(ငြိမ်း)မျိုးမြင့်-ဒေါ်ခင်သန်းရီတို့၏ညီမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၃၄နေ ဒေါက်တာအိဝေဖြိုး၊ ဒေါက်တာအေးအိန္ဒြာအောင်တို့၏မိခင်၊ ဦးသံဒိုင်(ဗိသုကာ)၏ချစ်လှစွာသောဇနီးသည် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ငြိမ်း

အသက်(၇၆)နှစ်

ပွေးလှမြို့၊ ဝင်းရပ်နေ (ဦးဖေဝင်း-ဒေါ်ရွှေယု)တို့၏သား၊ (ဦးညီပု)၊ (ဒေါ်မြညွန့်)၊(ဦးတင်သိန်း)တို့၏မောင်၊ ဒေါ်မြဝေ၏အစ်ကို၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ် (၃/၁၈၀)နေ ဒေါက်တာအေးကြည်စိန်၏ခင်ပွန်း၊ ကိုနေလင်းငြိမ်း၊ ကိုအောင်ငြိမ်းစံ၊ မစိန်လှဲ့လှဲ့ဝင်းတို့၏ဖခင်၊မမြတ်သွေးငြိမ်း၏အဘိုးသည် ၂၃-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

## ဦးအောင်ဘစံ

အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ သဲတန်းရပ်ကွက်နေ (ဦးနို့ဒေါင်း-ဒေါ်အိမ်ချမ်းသာ)တို့၏သား၊ ဒေါ်ခင်ငွေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်ဦး-ဒေါ်အေးအေးသန်း၊ ဦးဝင်းအောင်မိုး-ဒေါ်ဖြူဇာလင်း၊ ဒေါ်ပန်းအိဖြူ၊ ဒေါ်သဇင်သင်းကြည်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ရပ်ကွက်၊ ပန်းခြံ (၁၆)၊ ဖိုးရာဇာလမ်း၊ အမှတ် (၈၀၊ ခ)နေ ဦးအောင်ဘစံသည် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၅-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (တာမွေအဝိုင်းထိပ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးတင်မြင့်

ရာသက်ပန်အသင်းဝင်(၂၂၃)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာလာမြိုင် ၂လမ်း၊ အမှတ် ၆၈နေ (ဦးဘပု-ဒေါ်ထားမေ)တို့၏သား၊ အသင်းဝင်များဖြစ်ကြသော ဆရာ ဦးဇော်ဖေဝင်း-ဒေါ်ခင်မာလွင်၊ ဦးစိုးနိုင်-ဒေါ်သီတာဦး၊ ဒေါ်ညိုညိုလွင်တို့၏ဖခင်၊ (ဒေါ်တင်အေး)၏ခင်ပွန်းသည် ၂၁-၁၀-၂၀၁၇ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ဆာရာဆာသီး

ဆရာမ(ငြိမ်း)

Jean Shahi, Namtu

အသက်(၈၂)နှစ်

မြောင်းမြမြို့၊ မြသီရိရပ်ကွက်၊ ရွှေဂုံတိုင် ၂လမ်း၊ အမှတ် ၂၂နေ ဦးအမ်လားမား (ခရိုင်ဆရာဝန်ကြီး၊ ငြိမ်း)၏ဇနီး၊ ကိုရန်နိုင်(ဧည့်လမ်းညွှန်)၊ မစန္ဒာ၊ မဥမ္မာ (ကထိက၊ အင်္ဂလိပ်စာဌာန၊ ဟင်္သာတ တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်သည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၄-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြင့် (ဖောင်တော်သီ)

ဦးစီးအရာရှိ(ငြိမ်း)

သမဝါယမဦးစီးဌာနရုံးချုပ်

အသက်(၇၆)နှစ်

ဥဿုံပဉ္စင်းကြီး (ဦးသောဘန/ဦးကိုကြီး-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးထွန်းလှ-ဒေါ်အမာ)တို့၏သားသမက်၊ အမှတ် 36 (A)၊ ပထမထပ်၊ ၁၆၅လမ်း၊တာမွေမြို့နယ်နေ ဒေါ်ခင်နွဲ့(ဇမ္ဗူထိပ် ရွှေဆိုင်၊ တာမွေဈေး)၏ခင်ပွန်း၊ (ဦးလှအောင်)-ဒေါ်ရင်မေတို့၏မောင်၊ ဦးမောင်မောင်သန်းထွန်း - ဒေါ်ယဉ်မြတို့၏ အစ်ကို၊ ဦးအောင်ဝင်း-ဒေါ်သီသီမျိုး၊ (ဦးနေဝင်း)-ဒေါ်ဝတ်မှုံကြည်ဝင်း၊ ဒေါ်သီဂီဝင်း၊ဒေါ်မာလာဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁၀-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဘစံ

အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ သဲတန်းရပ်ကွက်နေ (ဦးနို့ဒေါင်း-ဒေါ်အိမ်ချမ်းသာ)တို့၏သား၊ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရန်အောင်မြင်ရပ်ကွက်နေ (ဦးစံထွန်းဦး-ဒေါ်ကြာညို)တို့၏ သားသမက်၊(ဦးထွန်းစံအောင်)-ဒေါ်ခင်သန်းမြင့်တို့၏ညီ၊ ဒေါ်ညွန့်စိန်၊ ဒေါ်ညွန့်ရွှေ (ထက်/အုပ်၊ငြိမ်း)တို့၏မောင်၊ ဗိုလ်ကြီးဇော်လွင် (ငြိမ်း) - ဒေါ်ထွေးထွေးရီ (လယ်/ပြ)တို့၏အစ်ကို၊ ဦးသန့်ဇင်ဦး (လ/ထလဝကမှူး)-ဒေါ်အေးအေးသန်း (အထက်တန်းသူနာပြု၊ ငြိမ်း)၊ ဦးဝင်းအောင်မိုး-ဒေါ်ဖြူဇာလင်း၊ ဒေါ်ပန်းအိဖြူ(ဦးစီးအရာရှိ၊ ပုသိမ်ခရိုင် ပညာရေးမှူးရုံး)၊ ဒေါ်သဇင်သင်းကြည် (လယ်/ပြ)တို့၏ဖခင်၊ ဒေါ်ခင်ငွေးမြင့်(ဒုဦးစီး၊ ငြိမ်း၊ သ/မဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးသုံးယောက်တို့၏အဘိုး၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ ရပ်ကွက်၊ ပန်းခြံ(၁၆)၊ ဖိုးရာဇာလမ်း၊ အမှတ်(၈၀၊ ခ)နေ ဦးအောင်ဘစံသည် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင်ကျူချောင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းမောင်(ကျွဲပွဲ၊ တောင်ငူ) အသက်(၁၀၂)နှစ်

(မော်ကွန်းဝင်ဒုတိယဆင့်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၇၈၅နေ (ဦးပန်းညို-ဒေါ်အေး)တို့၏သား၊ (ဦးကံ-ဒေါ်ဖွားသက်)တို့၏ သားသမက်၊ ကျွဲပွဲမြို့နေ (ဦးချစ်လှိုင်-ဒေါ်နု)၊ အင်းစိန်မြို့နယ်နေ ဦးတင်ငွေ-ဒေါ်ခင် နွယ်တို့၏အစ်ကို၊ (ဒေါ်မမကြီး)၏ခင်ပွန်း၊ (ဦးသန်းငွေ)-ဒေါ်ခင်အုန်းမြင့်၊ (ဦးခင်မောင်စန်း)-ဒေါ်ခင်မူအုန်း၊ ဦးစိုးဝင်း-ဒေါ်ခင်ကြူအုန်း၊ ဦးမျိုးမြင့်ဦး-ဒေါ်ခင်မာအုန်း၊ ဦးကျော်သန်း-ဒေါ်ခင်ချိုအုန်း၊ ဦးစိုးအောင်-ဒေါ်ခင်သူအုန်း၊ ဦးသော်အုန်း-ဒေါ်အေးအေးသင်း၊ (ဦးတင်မောင်ဦး-ဒေါ်ခင်စုစုအုန်း)တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၄ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက်ဟာရှင်(ခ)ဟာဂျီဦးထွန်းနိုင်

(ဆင်ဖြူကျွန်း)

B.A (Eco), RL

(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဘဏ်တွင်းစာရင်းစစ်နှင့် ဘဏ်လုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေးဌာန)

(ဒါရိုက်တာဘုတ်အဖွဲ့ဝင်ဟောင်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အသက်(၈၅)နှစ်

ဆင်ဖြူကျွန်းမြို့နေ (ဦးအန်ကောဘီ-ဒေါ်ရန်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ် ၂၂နေ ဟာဂျီမဒေါ်ထွေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီ ဦးမြင့်နိုင်-(ဟာဂျီမ ဒေါ်ခင်မာဦး)၊ ဦးလှဟန် (Ex-Unity Shipping)-ဒေါ်သန္တာနိုင်(စွမ်းသျှင် Agency -အကောက်ခွန်)၊ ဒေါက်တာဒေါ်စန္ဒာနိုင်(ပါမောက္ခ၊ ဌာနမှူး၊ ရေကြောင်းပညာတက္ကသိုလ်)၊ ဒေါ်ဥမ္မာနိုင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ Head of Compliance၊ မြန်မာနိုင်ငံသားများဘဏ်)တို့၏ချစ်လှစွာသောဖခင်၊ ဟာဂျီမောင်ပြည့်ဖြိုးဦး၊ မောင်ကျော်လင်းထွန်း၊ ဟာဂျီမ မေမြတ်ခိုင်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၇ရက် နံနက် ၇း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွာရ်နမားဇ်အပြီးတွင် ရေဝေးကဗရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည် (မြစ်သား)

အသက်(၆၈)နှစ်

(ဦးစံအုပ်-ဒေါ်အေးမယ်)တို့၏သမီး၊ (ဦးညီပုလေး-ဒေါ်စက်ရှင်)တို့၏သမီးချွေးမ၊ (ဦးအောင်စိုး)မြေတိုင်းဦးစီးမှူး၏ဇနီး၊ ဦးထင်ဇော်လတ်(တရားလွှတ်တော်ရှေ့နေ)-မိမေအေးအေးသန့်(ဒါရိုက်တာ၊ ရွှေရည်ဝင်း စက်မှုလုပ်ငန်းစုနှင့် မြတ်ရတနာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊ ဒေါ်စန်းလှမျိုး(ရွှေမိုးစံတိုင်းရင်းဆေးခန်း)၊ ဦးသန့်စင် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါက်တာနန်းမြတ်စိုး (ကထိက၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်)၊ ဦးဝေလင်းကျော်-ဒေါ်ခင်သက်ပိုင်(ခေတ္တ-ဂျပန်)၊ ဦးသန်းထိုက်စိုး၊ ဦးကျော်ဇေယျ-ဒေါ်အေမီမီအောင်(ခေတ္တ-ဂျပန်)၊ Mr. Hiroki -ဒေါက်တာကေသီသီအောင်(ခေတ္တ-ဂျပန်)တို့၏မိခင်၊ မောင်အောင်ဇေယျာဖြိုး(Grade II, Lumbini Academy)၊ မခင်သီရိကျော်(ခေတ္တ-ဂျပန်)တို့၏အဘွားသည် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၆-B နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ကြည်

အသက်(၆၈)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့်ဇနီး ဒေါက်တာနန်းမြတ်စိုး(ကထိက၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့၏မိခင် ဒေါ်ခင်ကြည်သည် ၂၁-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
သံတမန်ရေးရာ ဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်စန်းစန်းအေး

(ကျောင်းအုပ်ကြီး)

AKANE Japanese Language School

မြောက်ဒဂုံ

အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၄)စံပြရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၁၃၂၆နေ (ဦးထွေးကြည်)-ဒေါ်ရင်ရင်မြတို့၏သမီး၊ (ဦးစံမြိုင်)-ဒေါ်တင်တင်အုံးတို့၏သမီးချွေးမ၊ ဦးအောင်မြတ်၏ညီမ၊ မမြတ်ပွင့်သိန်း(ခ)ပိုင်ပိုင် (Y.T.U)၊ မောင်မင်းသွေးခန့်(ခ)ဖိုးသားတို့၏မိခင်၊ ဦးမောင်မောင်လွင်၏ချစ်လှစွာသောဇနီးသည် ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်စန်းဆွေဆွေ(ခ)ပူတူးမ

(လှိုင်စတိုး)

(ရာသက်ပန်အသင်းဝင်)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမက (၄)ကျောင်းရှေ့၊ ဆိုင်အမှတ် (၂)နေ (ဦးခင်မောင်-ဒေါ်ခင်ဆွေ)တို့၏ သမီး၊ ဦးညွန့်လွင်၏ဇနီး၊ အသင်း၏တွဲဖက်အတွင်းရေးမှူး ဦးသန်းအောင်မိုး(MD-မဟာလျှံကုမ္ပဏီလီမိတက်၊ မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြောက်ဒဂုံ)-ဒေါ်မြင့်မြင့်ရီ(Director) မဟာလျှံကုမ္ပဏီလီမိတက်တို့၏ အစ်မသည် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် နတ်ရှာစံ ထိုင်းဘုရင် တော်ဝင်ဈာပနအခမ်းအနား တက်ရောက်မည်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နတ်ရှာစံ ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# ပင်လယ်ကမ်းရိုးတန်းဒေသ ဂေဟစနစ်များသည် လူမှုစီးပွားရေးဘဝကို များစွာအထောက်အကူပြု

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၁၆ ဖြင့် အဖွဲ့ဝင် ၁၉ ဦး ပါဝင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ၁၀ ချက် ချမှတ်ခဲ့ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်

စာမျက်နှာ ၄ ကော်လံ ၁ ❄



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# နိုင်ငံတကာအဆင့်မီ စံနမူနာပြအဆင့်မြင့်ရိုးရာလက်ဝှေ့ ကလပ်လေးခု မြို့ကြီးသုံးမြို့၌ မကြာမီဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာအမျိုးသားတိုးတက်ရေးကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ စံနမူနာပြ အဆင့်မြင့်ရိုးရာလက်ဝှေ့ကလပ်လေးခုကို နိုင်ငံတစ်ဝန်း ပြည်တွင်းမြို့ကြီးသုံးမြို့၌ မကြာမီဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ စံနမူနာပြ အဆင့်မြင့်ရိုးရာလက်ဝှေ့ကလပ် လေးခုကို ရန်ကုန်မြို့ မှော်ဘီမြို့၌ ရွှေဘားလားကလပ်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့၊ ရမည်းသင်းမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာမြို့တို့၌ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အဆိုပါကလပ်များကို နည်းပြချုပ်များအဖြစ် ရွှေဘားလားကလပ်တွင် ဦးရွှေဝါထွန်း၊ စဉ့်ကိုင်ရိုးရာလက်ဝှေ့ကလပ် တွင် သူရရဲအောင်၊ ရမည်းသင်း ရိုးရာလက်ဝှေ့ကလပ်တွင် မိုက်ခဲကျောက်ပွင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ချောင်းသာ ရိုးရာလက်ဝှေ့ကလပ်တွင် သမိန်ရဲသွေးတို့ကို ခန့်အပ်တာဝန်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရိုးရာလက်ဝှေ့လောကဟာ ရေနိမ့်လို့ ကြာနိမ့်ခဲ့ရတယ်ဆိုတဲ့သဘောပါ။ ထိုးကြေးများများရတဲ့ အထက်တန်းအဆင့် ရိုးရာလက်ဝှေ့သမားတွေလောက်သာ ရပ်တည်နိုင်ပြီး သောင်းဂဏန်းပဲရပြီး ရပ်တည်နေရတဲ့ လက်ဝှေ့သမားတွေက အတော်များများ အခက်အခဲဖြစ်နေကြတာ တွေ့ရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံက လက်ဝှေ့သမားတွေဟာ ဒီကလက်ဝှေ့သမားတွေထက် ထိုးကြေးပိုရကြတာကိုတွေ့ရတယ်။ ကျွန်တော်တို့ရဲ့ဆောင်ရွက်မှုဟာ မှန်ကန်တယ်ဆိုရင် အဲဒီနိုင်ငံက ကစားသမားတွေနည်းတူ အဆင့်အတန်းမြင့်လာမှာပါ။ စတင်ဆောင်ရွက်တဲ့အခါမှာ တန်ဖိုးထားပြီး ဆောင်ရွက်ကြမယ်ဆိုရင် အားလုံးတန်ဖိုးမြင့်လာမှာပါ။ ဒါကြောင့် ကလပ်သစ်ဖွင့်တဲ့အခါ ပံ့ပိုးပေးတဲ့ပစ္စည်းတွေကို စဉ်ဆက်မပြတ် လိုက်လံကြည့်ရှုပြီးတော့ လိုအပ်ချက်တွေကို လိုက်လံပံ့ပိုးပေးနေမှသာ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❄

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် အောက်တိုဘာ ၂၃ ရက်အထိ စိုက်ပျိုးရေဧကပေ ၁၃ ဒသမ ၃ သန်းကျော်ခန့် သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ ယမန်နှစ်က ဆည်ရေဖြင့် နွေစပါးစိုက်ဧကပေါင်း ကိုးသိန်းကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဆည်/ကန်များနှင့် မြစ်ရေတင်လုပ်ငန်းများမှ ရေရယူစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှုနည်းပညာအကူအညီများရရှိရေး၊ လယ်ယာထွန်ယက်ရေးကိရိယာစက်ပစ္စည်းအဝဝတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နီးစပ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**





မြန်မာခရီးသွားများ အမေရိကန်နိုင်ငံသို့ ပိုမိုလွယ်ကူစွာသွားလာနိုင်ရန် လေကြောင်းလိုင်းတိုးချဲ့ စာ-၉

ရွေးကောက်ပွဲအနိုင်ရပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အာဘေးဆန္ဒရှိ စာ-၁၄

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017